[redacted]

အောက်ပါမထေရ်များနှင့် တပည့် ရဟန်းရှင်လူများ
ရှိခိုးပူဇော်ကြသော

# ဓမ္မပူဇာ ဘုရားရှိခိုးကျမ်း

**၁၃၄၂ ခုနှစ်၊ ပဌမဝါဆိုလ**

အရှေ့ရိုးမ ဓမ္မဝိဟာရီ၏ ဩဝါဒလင်္ကာရှင်းတမ်း

ပုညာပုည၊ အာနေဥ္ဇဟု၊ ဘဝထိုထို၊ လူစိတ်ကိုယ်၌ ၊ ချဲ့ထွင်နှိပ်စက်၊ ဖြစ်,အပျက်ကို၊ ပြက်ပြက်ထင်ထင်၊ ဉာဏ် သွင်းမြင်လျှက်၊ အဘိသင်္ခါရ၊ မဖြစ်ရအောင်......

- ✳ ပါပလီလီ၊ မပြုမိက၊မရည်ရွှေနောက်၊အထက်,အောက် နှင့်၊ မျှော်,ကြောက်ရှောင်ကြဉ်၊ခုပြစ်မြင်လျှက်၊ဝိသင်္ခါရ၊ ပြုပြင်ပလော့။
- ✳ ဒါနလီလီ၊ မလှူမိလည်း၊ မရည်ရွှေနောက်၊ အထက်, အောက်နှင့်၊မျှော်,ကြောက်ရှောင်ကြဉ်၊ ခုကျိုးမြင်လျှက်၊ ဝိသင်္ခါရ၊ လှူဒါန်းကြလော့။
- ✳ သီလလီလီ၊မစောင့်မိလည်း၊မရည်ရွှေနောက်၊အထက်, အောက်နှင့်၊မျှော်,ကြောက်ရှောင်ကြဉ်၊ခုကျိုးမြင်လျှက်၊ ဝိသင်္ခါရ၊ စောင့်သုံးကြလော့။
- ✳ ဘာဝနာလီလီ၊မပွားမိလည်း၊မရည်ရွှေနောက်၊အထက်, အောက်နှင့်၊ မျှော်,ကြောက်ရှောင်ကြဉ်၊ခုကျိုးမြင်လျှက်၊ ဝိသင်္ခါရ၊ အားထုတ်ကြလော့။
  - ✳ ဘဝဖြစ်မြောက်၊ ဆင်းရဲရောက်မှု၊ရွံ့ကြောက်လှစွာ၊ မြည်တမ်းပါလည်း၊
  - ✳ သတ္တဝါအများ၊ဘယ်ဘုရားနှင့်၊တရား,သံဃာ၊ဒေဝ တာတို့၊ ကယ်လာဆယ်မ၊ ကူမရဘူး ....။

"သဗ္ဗပါပဿ အကရဏံ ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ ၊ ဧတံဗုဒ္ဓါန သာသနံ "

မိန့်ပြန်ဆုံးမ၊ ဗုဒ္ဓစကား၊ ဦးထိပ်ထားသည်။ ။အမှားအလျှဉ်း၊ သုတ်သင်ကြ။

( ဓမ္မဝိဟာရီ )

## ပဥ္စဂုဏ်ကံ အဟံ ဝန္ဒာမိ

## **ကံ နှင့် လူသား**

* လူကိုမြင်လျှင်၊ လူလိုပင်၊ လူတွင် ဆက်ဆံရာ။
* လူကိုကျော်တွေး၊ လူနှင့်ဝေး၊ လူရေး မလှပါ။
* လူကိုဖျက်ဆီး၊ လူ့အချည်းနှီး၊ မပြီး လူ့ကိစ္စာ။
* လူကျော်လူဖျက်၊ ထိုနှစ်ချက်၊ လူ့တွက် ဆင်းရဲရှာ။
* လူနဲ့လူတို့၊ ချမ်းသာဘို့၊ လူတို့ ပြုရမှာ။
* လူဆင်းရဲတာ၊ လူ့ကြောင့်သာ၊ လူမှာ ပြုပြင်ပါ။
    * ကံဟူသမျှ၊ လူမှစ၊ လူက ပြုလုပ်တာ။
    * ကံကောင်းလိုလျှင်၊ လူသာပြင်၊ လူတွင် ကျင့်ရမှာ။
    * ကံညံ့တာလည်း၊ လူကြောင့်ဘဲ၊ ဖောက်လွဲကျင့်သိက္ခာ။
    * ကံဆိုးကံကောင်း၊ အလှည့်ပြောင်း၊ ဖြစ်ကြောင်းလူကသာ။
    * ကံသာအမိ၊ ကံသာ "ဖ"၊ ရှေးကဆိုတဲ့စာ။
    * သျှင်တော်မိန့်ဟော၊ ကံသဘော၊ မနော,ကိုယ်,နှုတ်ပါ။
* ကံဟာ လူ့ကျွန်၊ လူပြုပြင်၊ လူတွင်ကံကောင်းမှာ။
* ကိုယ်ရရှိကံ၊ ကိုယ်သာဖန်၊ ဧကန်မုချမှတ်။
* လူပြောသူပြော၊ ကံသဘော၊ မိန့်မောမနေအပ်။
* လူကိုဖယ်ထား၊ ကံတရား၊ ဘာများပြုလုပ်တတ်။
* လူ၏မူရာ၊ ကံဟုသာ၊ သေချာတွေးခေါ်မှတ်။
    * ပစ္စုပ္ပန္န၊ ကံဘဝ၊ ယန သိအပ်စွာ။
    * မွေးသေအတွင်း၊ ပြုလုပ်ခြင်း၊ မယွင်း ကံသစ္စာ။
    * မွေးသေဟိုဘက်၊ ပြုလုပ်ချက်၊ တွက်ချက်မဖွေရှာ။
    * ယခုပြုက၊ ယခုရ၊ ဒိဋ္ဌဓမ္မပါ။

၂

* ယခုပြုသမျှ၊ နောက်ဘဝ၊ ဗုဒ္ဓ မဟောပါ။

* ဗုဒ္ဓမဟော၊ ကံသဘော၊ သောသောညံနေတာ။

* အလွဲတရား၊ အစွဲများ၊ ခွဲခြားမသိပါ။

* ဟိုကံ သည်ကံ၊ တွေးတောကြံ၊ အမှန် ဆင်းရဲမည်။

* ဆင်းရဲတန်တန်၊ ခံရပြန်၊ နိဗ္ဗာန်ဝေးတော့သည်။

* နိဗ္ဗာန်လိုချင်၊ ကံကိုပြင်၊ အစဉ်ချမ်းသာသည်။

( ဓမ္မဝိဟာရီ )

ဓမ္မပူဇာ ဘုရားရှိခိုး
မာတိကာ


| အမှတ်စဉ် | စာမျက်နှာ |
| --- | --- |
| ၁။ သုတ္တနိပါတ မဟာဗျူဟ ပန္နရသမဂါထာ | က |
| ၂။ သုတ္တနိပါတ သမ္မာပရိဗ္ဗာဇနိယသုတ္တ သတ္တမဂါထာ | ခ |
| ၃။ ကိုယ်တိုင်ဘတ်ရှုလေ့လာလိုသူ၏ မှတ်တမ်း | ဂ |
| ၄။ အမှာစာ | ဃ |
| ၅။ ဓမ္မပူဇာ ဘုရားရှိခိုး နိဒါန်း | ၁ |
| ၆။ ဗုဒ္ဓဝါဒရည်ရွယ်ချက် ဓမ္မပူဇာ | |
| ၇။ မဂ္ဂသစ္စာ ဓမ္မပူဇာ | |
| ၈။ နိရောဓသစ္စာ ဓမ္မပူဇာ | |
| ၉။ ဒုက္ခသစ္စာ ဓမ္မပူဇာ | |
| ၁၀။ သမုဒယသစ္စာ ဓမ္မပူဇာ | |
| ၁၁။ ပဋိစ္စသမုပ္ပါဒ ဓမ္မပူဇာ | |
| ၁၂။ ဓမ္မစက္က ဓမ္မပူဇာ | |
| ၁၃။ အနတ္တလက္ခဏာ ဓမ္မပူဇာ | |
| ၁၄။ မဟာသတိပဋ္ဌာန ဓမ္မပူဇာ | |
| ၁၅။ အနိမိတ္တဘာဝနာ ဓမ္မပူဇာ | |
| ၁၆။ သုညတဘာဝနာ ဓမ္မပူဇာ | |
| ၁၇။ ဓာတုဝိဘင် ဓမ္မပူဇာ | |
| ၁၈။ အဘိဓမ္မ ဓမ္မပူဇာ | |
| ၁၉။ မောနေယျပဋိပတ် ရှစ်လုံးဘွဲ့ | |
| ၂၀။ ဓမ္မစက် ရှစ်လုံးဘွဲ့ | |
| ၂၁။ တရား ရှစ်လုံးဘွဲ့ | |
| ၂၂။ လူ့မဟာနိဒါန်း | |

# သုတ္တနိပါတ
## မဟာဗျူဟသုတ္တ ပန္နရသမဂါထာ

( ပါဠိ )

ပဿံ နရော ဒက္ခတိ နာမ ရူပံ ၊
ဒိသွာန ဝါ ဉဿတိ တာနိ မေဝ ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ ၊
န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ ။

( မြန်မာ )

ရုပ်,နာမ် ရှုပွား တရားကိုရှာ၊
ရုပ်,နာမ် ဖြစ်ပျက် မြင်လျှက်သိမှာ။
ဘယ်လောက်ရှုမှတ် ပရမတ်သစ္စာ၊
ပွားသော်ငြား တရားမရပါ။

# သုတ္တနိပါတ
# သမ္မာပရိဗ္ဗာဇနိယသုတ္တ သတ္တမဂါထာ

( ပါဠိ )

ဝစသာ မနသာထ ကမ္မုနာ စ ၊
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတွာန ဓမ္မံ ။
နိဗ္ဗာန ပဒါဘိ ပတ္ထယာနော ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ ။

( မြန်မာ )

ကိုယ်,နှုတ်,စိတ်ထား အမှားရှောင်ခွါ ၊
တရား , မတရား ပြတ်သားသိခါ ၊
လူ့ငြိမ်းအေးမှု ရှေးရှုလို့သာ ၊
မြတ်တရား မမှား ကျင့်ရမှာ ။

# ကိုယ်တိုင်ဘတ်ရှု လေ့လာသူ၏ မှတ်တမ်း

ကျွန်ုပ်သည် လူအဖြစ် မွေးဖွား သန့်စင်ခဲ့သည်။

မွေးဖွားခြင်းနှင့်အတူ လူတစ်ဦး၏အခွင့်အရေးသည် ကျွန်ုပ်နှင့် ထပ်တူ ရှိခဲ့၏။ကျွန်ုပ်၏ ကိုယ်ပိုင်အခွင့်အရေးသည် လူ့ဂုဏ်ရည်သိက္ခာကို မြှင့်တင်နိုင်စွမ်းရှိဘို့ လိုအပ်၏။

ထို့အတွက် ဤကျမ်းငယ်ကို ကျွန်ုပ်ဘဝနှင့်ထပ်တူ မကွဲမကွာ ဆောင်ထားတည်ရှိဘို့ ဆုံးဖြတ် ရွေးချယ်ခဲ့သည်။

"ကိုယ်ပိုင် ဘတ်ရှုလေ့လာရန်(ဖြန့်ဝေရန်မဟုတ်)"၊ မူပွား ကူးယူ သိမ်းဆည်းခဲ့၏။

စကားစု-အနက်၊ အနှစ်သာရ တစ်ခုစီသည် လစ်ဟာမှု မရှိစေသော ဘဝအဓိပ္ပါယ်များဖြစ်၍ ကျော်လွှား,ချန်လှပ်၍ မဖြစ်ပေ။

ကျွန်ုပ်၏အခွင့်အရေးဖြစ်သည့် လွတ်လပ်မှုအတွက် အခြားမည်သူမျှ တာဝန်မရှိစေရဘဲ၊ ကျွန်ုပ်၏ တာဝန်သာဖြစ်ကြောင်း ရဲဝံ့စွာ တိုင်တည်၍ မူပွား ကူးယူ သိမ်းဆည်းအပ်ပါသည်။

(မူပွား ကူးယူသူ)

# အမှာစာ

တရားတော်များဖြင့် မြတ်စွာဘုရားအား ကန်တော့ပူဇော် ဖူးမျှော် ရှိခိုးသောကြောင့် ဤဘုရားရှိခိုး၏အမည်သည်“ဓမ္မပူဇာဘုရားရှိခိုး” ဟူ၍ ဖြစ်သည်။ဤဘုရားရှိခိုးဖြင့်ပင် မြတ်စွာဘုရားအား ရှိခိုးလာခဲ့ကြသည်မှာ ကာလအားဖြင့် အတန်မျှကြာခဲ့ပြီ ဖြစ်သည်။

ကုသိုလ်ကောင်းမှုပြုရာ၌ အမျှဝေရခြင်းမှာ ထုံးတမ်းစဉ်လာ ဓမ္မတာ ဖြစ်ပါသည်။ထို့ကြောင့် ဤသို့ဘုရားရှိခိုးရသော ကုသိုလ်တို့ကိုလည်း အမျှဝေရန် ကြားကြ,မြင်ကြ,သိရှိကြသူများက တောင်းဆို,ပူစာကြပေသည်

သာဓုခေါ်နိုင်မည့် အရေအတွက်သည် အလွန်ပင်နည်းပါးလှလိမ့် မည်အထင်ဖြင့် ဤကုသိုလ်အဘို့ဘာဂ အမျှဝေခြင်းကို အင်အားစိုက်၍ မပြုခဲ့ပေ။

ယခုအချိန်၌ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ တစ်ခုတည်း သော သံဃအဖွဲ့အစည်းကြီး ပေါ်ထွန်းလာခဲ့သည်။ဖွားသစ်စဖြစ်သော ဤသံဃအဖွဲ့အစည်းကြီးကို ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ဤကုသိုလ် အဘို့ဘာဂကို အမျှဝေရန် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ဤကျမ်းကို ဘုရားသျှင်အား တရားတော်ဖြင့်ပူဇော်ရ သော ကုသိုလ်အသို့ဘာဂ အမျှဝေစာတမ်းအဖြစ် မှတ်သားစေချင်ကြသ တည်း။

❀❀❀❀❀❀❀❀

# ဓမ္မပူဇာ ဘုရားရှိခိုး
# နိဒါန်း

လောဘ၊ဒေါသ၊မောဟ၊မာန၊ဒိဋ္ဌိ အစရှိသော ကိလေသာကြေးညှော် အလိမ်းလိမ်းရှိနေကြသဖြင့် အေးငြိမ်းပြီးဆုံးခြင်းသို့ မရောက်သေးသော လူသားသမိုင်းကို ခုတ်ပိုင်း,ဖြတ်ရှင်း ဉာဏ်အလင်းကို ပေးသနားတော်မူခဲ့သော လူသားတို့၏ အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအရှင်မြတ်ဘုရား.........

အရှင်ဘုရားသည် တပည့်တော်တို့၏ အသိဉာဏ်၌ အတိတ် အနှစ်နှစ်ထောင့်ငါးရာကျော် ကာလကပင် အေးငြိမ်းခြင်းအဆုံးသို့ ရောက်တော်မူခဲ့သည်ဟု သိမြင်နေခဲ့ပါသည်။

ထိုသို့ပင်ဖြစ်သော်လည်း အရှင်ဘုရားထွန်းငြှိထားခဲ့သော သစ္စာအလင်းရောင်သည် ယနေ့ထက်တိုင် တပည့်တော်တို့၏ ဘဝအညစ်အကြေးများကို လျှော်ဆေး,သုတ်သင်ပေးလျှက်ပင် ရှိနေပါသေးသည်။

ထို့ကြောင့် တပည့်တော်တို့သည် အေးငြိမ်းခြင်းအဆုံးသို့ ရောက်တော်မူပြီးသွားခဲ့သော အရှင်ဘုရား၏ အနန္တကျေးဇူးတော်များကို တသသ တဖော်ဖော် မအောက်မေ့မပူဇော်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ပါသည်။

တပည့်တော်တို့သည် အရှင်ဘုရား၏ မေတ္တာတော်,သစ္စာတော်အနန္တအတွက် တပည့်တော်တို့၏ဘဝကို ငယ်စဉ်ကပင် အပြီးတိုင်အပိုင်အပြတ် အရှင်ဘုရားထံ နှံ့အပ်ပူဇော်ခဲ့ကြသူများ ဖြစ်ကြပါသည်။

ထို့ပြင်အရှင်ဘုရားထံ ဤသို့ နှံ့အပ်ပူဇော်ပြီးနောက်လည်း အရှင်ဘုရားအား မျက်ခြည်မပြတ်အောင်ပင် တပည့်တော်များ အရှင်ဘုရားနောက်မှ ထက်ချပ်မကွာ တပါတည်းလိုက်နေခဲ့ကြပါသည်။

အရှင်ဘုရား သီလအသွင် ကြွသွားတော်မူရာ၌လည်း ထက်ချပ်မကွာ တပည့်တော်များ သီလကျင့်၍ ဖူးတွေ့နေခဲ့ကြပါသည်။

အရှင်ဘုရား ပရိယတ်အသွင်ဖြင့် ကြွသွားတော်မူရာ၌လည်း စဉ်ဆက်မပြတ် တပည့်တော်များ ပရိယတ်သင်ကြားပြီး အရှင်ဘုရားအား ဖူးမျှော်ပူဇော်နေခဲ့ကြပါသည်။

အရှင်ဘုရား ပဋိပတ်ကိုယ်တော်အဖြစ် တင့်တယ်စွာစံပယ်၍ ကျင့်တော်မူရာ၌လည်း ပဋိပတ်အရှင်ဘုရားအား များစွာနှစ်,လ ညွှတ်ခဆည်းကပ် ပဋိပတ်အကျင့်ဖြင့် ထိုက်သင့်အလျော် ပူဇော်နေထိုင်ခဲ့ပါသည်။

တပည့်တော်တို့သည် ဤ၍ဤမျှ အရှင်ဘုရားကို ပသပူဇော် ဖူးမျှော်မဝခဲ့ရငြားလည်း အားမရတင်းမတိမ် အရှင်ဘုရား၏ သစ္စာဓမ္မညွှန်ပြချက်ကို ဆက်လက်ပြောဆို ညွှန်ပြခြင်းဖြင့် ပူဇော်ရှိန်ကို မြင့်သည်ထက်မြင့်အောင် ကြိုးစားလျှက်ရှိပါသည်။

အရှင်ဘုရား မိန့်ကြားဟောညွှန်ခဲ့သော တရားတော်များသည် ကာလ၊ဒေသ၊ပယောဂတို့၏ အမြဲတေသားကျနေသောကြောင့် ဘယ်အခါမှ အက်မကွဲအောင် အလွန့်အလွန်လည်း နက်နဲလှပါသည်ဘုရား။

ထို့ကြောင့် အရှင်ဘုရား၏ မေတ္တာတော်ရုပ်သွင်ဖြစ်သော သစ္စာဓမ္မသည် ယနေ့မျက်စေ့များအမြင်၌ အပီအပြင်နည်းပါးပြီး မှုန်ဝါးလျှက်ရှိနေပြီကဲ့သို့ ဖြစ်ပါသည်။

ဘုရားတပည့်တော်တို့သည် အရှင်ဘုရား၏ သစ္စာဓမ္မအား မှုန်ဝါးမပီ ရှိလာမည်ကို စိုးလှပါသည်။အဘယ့်ကြောင့်ဆိုသော် အရှင်ဘုရား၏ တရားဓမ္မသည် လောက၏မျက်စေ့ လောက၏နား အမှန်အစစ် အဖြစ်ကြီးဖြစ်သောကြောင့် ဖြစ်ပါသည်။

လောက၏မျက်စေ့အား အကြည်အလင် အတောက်ပ,အစူးရှဆုံး

ဖြစ်အောင် စောင့်ရှောက်ရမည့်တာဝန်သည် တပည့်တော်တို့ ထမ်းဆောင်ရမည့်တာဝန်ဖြစ်ကြောင်း တပည့်တော်များ ကောင်းကောင်း သိမြင်နားလည်ကြပါသည်။

ထို့ကြောင့် ဤဓမ္မပူဇာဖြင့် အတိုင်းမသိအပ်သော ကျေးဇူးတော်ရှင် အရှင်မြတ်ဘုရားအား အထပ်ထပ် ဦးနှိမ်ချလျှက် ရှိခိုးပူဇော်အပ်ပါသည်။

လောက၏ အနန္တကျေးဇူးတော်သခင် အရှင်မြတ်ဘုရားသည် တပည့်တော်တို့အား သနားသောအားဖြင့် ဤဓမ္မပူဇာဖြင့် ရိုသေညွတ်ကျိုး ရှိခိုးခြင်းကို အခွင့်ပေးသနားတော်မူပါဘုရား.....။

( ဓမ္မပူဇာဘုရားရှိခိုး နိဒါန်းပြီး၏)

❀❀❀❀❀❀❀❀



# ဗုဒ္ဓဝါဒရည်ရွယ်ချက် ဓမ္မပူဇာ
# ဘုရားရှိခိုး

ဗုဒ္ဓအရှင်မြတ်ဘုရား.......

အရှင်ဘုရား၏ မေတ္တာတော်ဓာတ် ပြန့်နှံ့ရာသည် အတိုင်းမသိကြီးမြတ်,ကျယ်ဝန်းလှပါသည်။တပည့်တော်တို့သည်အရှင်ဘုရား၏ မေတ္တာတော်ဓာတ် ပြန့်နှံ့ရာ၊ အရှင်ဘုရား၏ ရည်ရွယ်ချက်တော်ကို သေးငယ်လှသောပမာဏဖြင့် မှန်းဆကြည်ညိုနေမိခဲ့ကြပါသည်။

တပည့်တော်တို့၏ အသိဉာဏ်များ မစွမ်းမသန် ကလေးဆန်မှုကြောင့် ဤသို့ဖြစ်ရကြောင်း ရိုသေညွှတ်ကျိုး၍ ရှိခိုးလျှောက်ထားရပါသည်။

တပည့်တော်တို့မျက်စိ၌ မြတ်စွာဘုရားသည် သတ္တဝါများသေပြီးနောက် နတ်ရွာနိဗ္ဗာန် ဝင်စံရလေအောင်ရည်ရွယ်၍ တရားဓမ္မများကို ဟောကြားပြသ ဆုံးမနေသည်ဟု အကျဉ်းအားဖြင့် မြင်ခဲ့ကြပါသည်။

ဟုတ်ပါသည်ဘုရား။တပည့်တော်တို့အသိဉာဏ်၌ မြတ်စွာဘုရားသည် သတ္တဝါများအား “သတ္တဝါအဖြစ်ကိုဖြစ်ရခြင်းကို ဆင်းရဲ”ဟု ညွှန်ပြခဲ့ကြောင်း သိမြင်နေမိခဲ့ကြပါသည်။သတ္တဝါများ သတ္တဝါအဖြစ်မဖြစ်တော့ခြင်းသည်သာ ငြိမ်းချမ်းမှုအစစ်ဟုလည်း သဘောပေါက်နေခဲ့မိကြပါသည်။

ထို့ကြောင့် အရှင်ဘုရားညွှန်ပြခဲ့သည်ဟု ထင်ရသော အရာများသည်လည်း တပည့်တော်များအနေဖြင့် အလွန့်အလွန် လေးနက်နေသည်ဟု ထင်မြင်ခဲ့ရပါသည်။

ထို့ပြင်လည်း မြတ်စွာဘုရား၏ ရည်ရွယ်ချက်တော်သည်

သတ္တဝါများအား တစ်ဦးချင်းလွတ်မြောက်မှုငြိမ်းအေးမှုအတွက်သာ ဖြစ်သည်ဟုလည်း အထက်မှဆင့်ပွား၍ အသိဉာဏ်များသည်လည်း ဖြစ်ပွားခဲ့ရပါသည်။

ဟုတ်ပါသည်ဘုရား။ သတ္တဝါများ အဆုံးစွန် ငြိမ်းချမ်းရေးတရားသည် သတ္တဝါအဖြစ် နောက်ထပ် ပြန်၍မဖြစ်တော့ခြင်းသာဖြစ်လျှင် ဤလွတ်မြောက်ငြိမ်းအေးခြင်းသည် သတ္တါတစ်ဦးချင်းနှင့်သာ သက်ဆိုင်၍ "သတ္တဝါအများ ငြိမ်းအေးရေးနှင့် လားလားမျှမဆိုင်"သော လွတ်မြောက်ငြိမ်းအေးမှုသာ ဖြစ်ပါမည်။

ထို့ကြောင့် မြတ်စွာဘုရား၏ ရည်ရွယ်ချက်အာဘော်ကို တစ်ဦးချင်း လွတ်မြောက်ငြိမ်းအေးမှုအတွက်သာဟုလည်း ထင်မြင် သဘောပေါက် ဉာဏ်သက်ရောက်ခဲ့ရပါသည် ဘုရား။

ဤသို့ဖြစ်၍ တပည့်တော်တို့၏ အသိဉာဏ်များ အမြင်မှန် မပေါက် သဿတ,ဥစ္ဆေဒအစရှိသော (မိစ္ဆာ)ဒိဋ္ဌိများအဖြစ်သို့ ရောက်နေသောကြောင့် ဖြစ်ရပါသည်။အရှင်မြတ်ဘုရား၏ ရည်ရွယ်ချက်တော်အား ဤမျှ သေးငယ်,ကျဉ်းမြောင်းစွာ နားလည်မိခြင်းသည် အရှင်မြတ်ဘုရားအတွက် ကြီးစွာသောရှက်ဘွယ်ကို ပြုမိခြင်းများ ဖြစ်ပါသည်။

အမှန်စင်စစ်၌ အရှင်မြတ်ဘုရား၏ ရည်ရွယ်ချက်တော်သည် တပည့်တော်တို့ သိမြင်ချက်နှင့် လားလားမျှမဆိုင်ကြောင်း ယနေ့ သဘောပေါက်ရပါပြီဘုရား။ထို့ကြောင့် တပည့်တော်တို့ သဘောပေါက်သည်ကို ပြန်လျှောက်တင်ဆို ကြည်ညိုရှိခိုးအပ်ပါသည် ဘုရား။

မြတ်စွာဘုရားသည် သတ္တဝါသေပြီးနောက် ဖြစ်ခြင်း,မဖြစ်ခြင်း အစရှိသော အယူဝါဒမှန်သမှုကို ပယ်ချ,စွန့်လွှတ်တော်မူပြီး ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် သတ္တဝါများသေပြီးနောက် မဖြစ်ရေးကို ရှေ့ရှုရည်ရွယ်တော် မမူခဲ့ပါ။သေပြီးနောက် ဖြစ်ရေးရည်ရွယ်ရန်ကိုကား အဘယ်မှာဆိုဘွယ်ရှိပါတော့မည်နည်း?

မြတ်စွာဘုရားသည် သမားတော်တို့ထက် အကောင်းဆုံးသော သမားတော်ဖြစ်ပါပေသည်။လောက၌ ညံ့ဖျင်းသောသမားတော်သည်ပင် လူနာအား ရောဂါကိုကုသရာ၌ လူနာအပေါ်ဖြစ်ပွားနေသော ရောဂါကိုသာ ကုစားလိမ့်မည် ဖြစ်ပါသည်။လူနာသေပြီးနောက်အထိ လူနာအပေါ် ဖြစ်ပွားနေသောရောဂါကို မဖြစ်ပွားအောင်ကုစားဘို့ စိတ်ထားမရှိရာပါ။ ဤမျှညံ့ဖျင်းသော သမားတော်သည်ပင် လူကိုလွန်၍ ရောဂါစင်ရန် မတွေးမိသည်အထိ လိမ္မာပါးနပ်ပါမူ သမားတို့ထက်သမား ဖြစ်တော်မူသော မြတ်စွာဘုရားကား အဘယ်မှာ လူ(ကိုလွန်၍ ဖြစ်ရေး)မဖြစ်ရေး အတွေးကျွံပါအံ့နည်း!

မြတ်စွာဘုရားသည် သတ္တဝါများအား အလှတရားများ ပြန့်ကားဝေစည်ရေး၊ လောကကိုအလှဆင်ရန်သာ ရည်ရွယ်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် သတ္တဝါများ၌ ဖြစ်ပွားနေသော အဆိုးဝါးဆုံးသော ရောဂါများကို ဖယ်ရှားရှင်းလင်းရန် ရည်ရွယ်ခဲ့ရင်းအစစ် ဖြစ်ပါသည်။

ထိုရောဂါများကား လူများကို မကြီးပွား,မတိုးတက်အောင် လုံးဝပင် ဟန့်တားပိတ်ဆို့နေပါသည်။ထိုရောဂါများသည် လူကို လူတလုံး, သူတလုံးမဖြစ်အောင် ဟန့်တား,ပိတ်ဆို့နေသည်ဟု ဆိုရပါမည်။ထိုရောဂါများ အဝင်ခံနေရသောလူသည် အမှန်အတိုင်း မတွေးတတ်၊ အမှန်အတိုင်း မမြင်တတ်၊ မကြံတတ်၊ မပြောဆိုမပြုလုပ်တတ်သဖြင့် ထင်ရာစိုင်းကာ ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမစားရ၊ အာရုံငါးပါး

တို့၏ အလှတရားကို ကောင်းကောင်းနားပါးမလည်ရဖြစ်ပြီး ဖရိုဖရဲ လွှင့်ကဲ့ကျဆုံး အလှတရားများ ပျက်ပြုန်းရမည်မလွဲ ဖြစ်ပါသည်။

ဤရောဂါများကား......"လူများမငြိမ်းချမ်းမှု ရောဂါ" ဖြစ်ပါသည်။

လောကသဘာဝ ဖြစ်,ပျက်နေသော အလိုရှိအပ် အလိုမရှိအပ်သော အဖြစ်,အပျက်များ၌ အာလယပွား ငြီကပ်မှုများခြင်းဟူသော လူသား၏ရောဂါ ဖြစ်ပါသည်။ ဤရောဂါသည် လူများနားလည်သော အမည်ဖြင့် ခေါ်ဝေါ်လျှင် "စိတ်ရောဂါ"ဟု ခေါ်ရပါမည်။

ဤနေရာ၌ စိတ်ရောဂါကို စိတ္တဇရောဂါနှင့်ခွဲခြား၍ နားလည်ရပါမည် __

စိတ်ရောဂါသည် စိတ်မှာဖြစ်ပွားသော မငြိမ်းချမ်းမှု,နာကျင်မှု ဖြစ်ပါသည်။

စိတ္တဇရောဂါသည် စိတ်ကြောင့်ဖြစ်သော ရုပ်မှာ သို့မဟုတ် စိတ္တဇရုပ်မှာဖြစ်ပွားသော မငြိမ်းချမ်းမှု,နာကျင်မှု ဖြစ်ပါသည်။

လူ၌ ရောဂါသုံးမျိုးရှိနိုင်ပါသည်__

(၁) စိတ်ရောဂါ၊

(၂) စိတ္တဇရောဂါ၊

(၃) ရုပ်ရောဂါ များ ဖြစ်ပါသည်။

ဥတု,အာဟာရ မမျှတသောကြောင့် ကိုယ်မှာ ဖြစ်ပွားသောရောဂါသည် ရုပ်ရောဂါ ဖြစ်ပါသည်။

စိတ်အကြောင်းရင်းကြောင့်ဖြစ်စေ၊ ရုပ်အကြောင်းရင်းကြောင့် ဖြစ်စေ စိတ္တဇရုပ်မှာဖြစ်ပွားသောရောဂါသည် စိတ္တဇရောဂါ ဖြစ်ပါသည်။

ကံမကောင်း အကြောင်းမလှမှုကြောင့်ဖြစ်သော သို့မဟုတ်

အပြုအမူ,အပြောအဆို,စိတ်နေစိတ်ထား ယွင်းမှား,ပေါက်ပျက်မှုကြောင့် ဖြစ်သော စိတ်မအေးချမ်းမှုရောဂါသည် စိတ်ရောဂါ ဖြစ်ပါသည်။

ဤစိတ်ရောဂါသည် ယနေ့တိုင် ကမ္ဘာ့ပညာရှင်များ အရိပ်အမြွက်မျှမသိသော ကြောက်စရာအကောင်းဆုံးသော လူသား၏ရောဂါ ဖြစ်ပါသည်။ဤနေရာ၌ စိတ်ရောဂါများ လူသားအတွက် ဆိုးဝါးချက်နာပုံကို တပည့်တော်တို့၏ ဉာဏ်ပိုးစုန်းကြူးကလေးဖြင့် စစ်ဆေးတင်လျှောက်လိုပါသည်။

လူအားလုံး၌ ရောဂါအားလုံးပင် ဖြစ်ပွားနိုင်ပါသည်။ထိုသို့ဖြစ်သော်လည်း အသျှင်ဘုရား၏တရား ပွားများဖြည့်ကျင့်ပြီးသူများကား ဤစိတ်ရောဂါများ မဖြစ်ပွားနိုင်တော့ပါ။စိတ်ရောဂါကင်းစင်သူသည် ရုပ်ရောဂါဖြစ်စေ၊ စိတ္တဇရောဂါဖြစ်စေ၊ အထွေထွေသောရောဂါဖြစ်စေ ရောဂါများ ဖြစ်ပွားကပ်ငြိနေသော်လည်း လူ၏အလှကို လျှောကျပျက်စီးစေမည် မဟုတ်ပါ။

ဟုတ်ပါသည်။လူသည် အမျိုးမျိုးသော ကိုယ်မှာဖြစ်ပွား ရောဂါများ၏ အဖျက်အဆီးခံရချက်များကို စက်ဆုတ်ရွံရှာ နှလုံးနာနေပါသည်။ စိတ္တဇရောဂါများ နှိပ်စက်အမှန် ဖောက်ပြန်နေသည်ကိုလည်း လူတိုင်းပင် မလိုမလား ရှောင်ရှားကြပါသည်။

ထိုသို့ဖြစ်သော်လည်း ဆိုခဲ့ပြီးသောရောဂါများသည် စိတ်ရောဂါများလောက် လူကို မဖျက်ဆီးနိုင်ကြပါ။ထို့ကြောင့် စိတ်ရောဂါ၏ ဖျက်အားလောက် မည်သည့်ရောဂါမျှ လူများ စက်ဆုတ်ရွံရှာ နှလုံးနာခြင်း မရှိကြပါ။လောကတွင် ရောဂါမှန်သမျှတို့တွင် စိတ်ရောဂါသာလျှင် စက်ဆုတ်ရွံရှာ နှလုံးနာစရာအကောင်းဆုံး ဖြစ်ပါသည်။

ရုပ်ရောဂါ ဆိုးဆိုးဝါးဝါးများ ရှိသော်လည်း စိတ်ရောဂါကင်းစင်နေလျှင် ပတ်ဝန်းကျင်၏အခင်အမင်ကို ရနိုင်ပေသေးသည်။ရုပ်ရောဂါဆိုးများ ကင်းသော်လည်း စိတ်ရောဂါအဝင်ခံနေရလျှင် ပတ်ဝန်းကျင်သည် ခင်တော့မည်မဟုတ်ပါ။စိတ်မှာနာခြင်းသည် ကိုယ်မှာနာခြင်းထက်အဆများစွာပိုပါသည်။ရုပ်ရောဂါနှင့် စိတ္တဇရောဂါများကြောင့်ဖြစ်သောဆင်းရဲတရားကား စိတ်ရောဂါကြောင့်ဖြစ်သော ဆင်းရဲတရားလောက်နက်နဲခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် လူသားများထံမှ ဆိုးဝါးလှသော စိတ်ရောဂါများကို ဖယ်ရှားသုတ်သင်ရန် ရည်ရွယ်တော်မူခဲ့ပါသည်။ဤစိတ်ရောဂါ၏အမည်များကို ကိလေသာ၊ သံယောဇဉ်၊ နီဝရဏ၊ အနုသယ၊ အာသဝ၊ ဩဃ အစရှိသည်ဖြင့် ညွှန်ပြခဲ့ပါသည်။

စိတ်၌ ကိလေသာ အဝင်အနှောက်ခံရခြင်းသည် စိတ်ရောဂါရခြင်း ဖြစ်ပါသည်။စိတ်၌ ကိလေသာ အဝင်အနှောက်ခံရခြင်းဆိုသည်မှာ စိတ်၌ လောဘ၊ဒေါသစသောတရားများ ဖြစ်ပွားခြင်း ဖြစ်ပါသည်။သံယောဇဉ်တရား၊အနုသယတရား အစရှိသည်တို့လည်း ကိလေသာအတူပင် စိတ်မှာဖြစ်ပွားသော စိတ်ရောဂါများပင် ဖြစ်ပါသည်။

ကိလေသာ၊ သံယောဇဉ်စသော စိတ်မှာဖြစ်ပွားသောတရားတို့သည် စိတ်ကို မငြိမ်းအေးအောင် ဖြစ်စေတတ်ပါသည်။ထို့ကြောင့် ထိုတရားတို့ကို စိတ်မှာဖြစ်ပွားသော စိတ်ရောဂါများ၏အမည်များဟု ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်ပါသည်။

ကိလေသာ၊ သံယောဇဉ် အစရှိသော စိတ်ရောဂါရနေသူများသည် ကိုယ်ကံကို ကိုယ်မစီမံနိုင်သူများ သို့မဟုတ် အမှိုခိုမကင်းသူများ

ဖြစ်ပါသည်။ထို့ကြောင့် သူတို့သည် မလွတ်လပ်သူ၊မငြိမ်းအေးသူများ ဖြစ်ကြပါသည်။

လူသည် အဘယ်မျှပင် အသိပညာ၊အတတ်ပညာ၊စည်းစိမ် အခြံအရံ အကျော်အစောနှင့် ရောဂါဘယကင်းစင်မှုများ ပြည့်စုံနေသည်ဖြစ်စေ စိတ်ရောဂါကင်းစင်ခြင်းမရှိလျှင် ဘဝ၏အနှစ်သာရကို ရှိသည်ဆိုရန် အကြောင်းမရှိပါ။အဘယ့်ကြောင့်ဆိုသော် စိတ်ရောဂါများကို ပညာရှင်များ မသိကြသောကြောင့် ဖြစ်သည်။ဤ စိတ်ရောဂါကင်းဝေးရေးသည် လူသားအတွက် အရေးကြီးလှသော်လည်း ဤရောဂါများ ကင်းစင်ကောင်းသည်ပင် မမြင်ဘူးသောကြောင့် သူသည် ဤအရာကိုပင် ရောဂါဟု မမြင်နိုင် ဖြစ်ကြရတော့သည်။

မျက်မမြင်ကမ္ဘာ၌ မျက်စေ့မမြင်သူများအတွင်း တစ်ဦးတစ်ယောက် အလင်းပေါက်ခြင်းသည် ကြောက်ဘွယ်အန္တရာယ်နှင့် ရင်ဆိုင်ရခြင်း ထင်ကြပါမည်။ဤသို့ ကိလေသာ၊ သံယောဇဉ် အစရှိသော စိတ်ရောဂါကင်းရမည်ကိုပင် ကြောက်ဘွယ်အန္တရာယ် အထင်ခံရန်ရှိပါသည်။

လူသည် သံယောဇဉ်မရှိလျှင် လူ့ဖွဲ့စပ်မှုအစည်းကြီး လွင့်ပြယ်ပြန့်ကျဲသွားမည်လား? ကိလေသာမှုမရှိလျှင် လူညွန့်ကုန်ဆုံး လူညွန့်တုံးမည်လား? စဉ်းစားစိုးထိတ် ဖြစ်ကြမည်ကဲ့သို့ပင်။

ဤအတွေးသည် မျက်မမြင်ကမ္ဘာမှ မျက်မမြင်များ မျက်စေ့ပေါက်လာလျှင် အန္တရာယ်ကျရောက်မည်ဟုတွေးသော အတွေးမျိုးသာ ဖြစ်ပါသည်။တနည်းအားဖြင့် လုပ်အားကို လူ့လွတ်မြောက်မှုဖြစ်ကြောင်း မသိသူများသည် အလုပ်လုပ်ရခြင်းမှာ လူကိုမလွတ်လပ်ခြင်းများဖြစ်သည်ဟု အထင်မှားကြသကဲ့သို့ ဖြစ်ပါသည်။

ကိလေသာ၊ သံယောဇဉ်၊ အနုသယ အစရှိသောတရားများသည် ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါး၊ယောကျ်ားမိန်းမဟူသော လူသားများ မဟုတ်ကြဘဲ လူ၌ မတော်တဆဖြစ်ပွားနေသော လူ၏စိတ်ရောဂါများသာ ဖြစ်ကြပါသည်။

လူ့စိတ်မှာဖြစ်ပွားသောရောဂါများ ကုန်ဆုံးပျက်ပြားသည်နှင့် လူများ လူညွှန့်ကုန်ဆုံး လူစတုံးခြင်းဖြစ်ရန်အကြောင်း မဟုတ်ပါ။ကိလေသာစသည်များ ကုန်ဆုံးလျှင် လူညွှန့်ကုန်ဆုံး လူစတုံးမည်ဟု မြင်ကြသည်မှာ ကိလေသာစသည်နှင့် လူကို မကွဲမပြား တသားတည်းဟု အမြင်မှောက်မှား အသိပြားကြသောကြောင့် ဖြစ်ပါသည်။

ဟုတ်ပါသည်။ကိလေသာ၊ သံယောဇဉ် အစရှိသောတရားများကို မွေးကတည်းကပါလာသောတရားဟု အထင်မှားကြပါသည်။ထို့ပြင် ထိုကိလေသာ၊ သံယောဇဉ်စသည်ကိုပင် ဖျောက်ဖျက်၍မရကောင်းသောတရားဟု အထင်ထွေပြား မှားတတ်ကြပါသည်။စင်စစ် ကိလေသာအစရှိသော တရားတို့သည် လူ၌ဖြစ်ပွားသော အာဂန္တုကတရားမျှသာဖြစ်ပြီး အနာမဲ့ခြင်းသည်သာ အာဝါသိက ဖြစ်သကဲ့သို့ပင်။

ထို့ကြောင့် ကိလေသာအစရှိသော တရားများသည် လူဖျောက်ဖျက်၍လည်းမရသော မွေးရာပါတရားလည်း မဟုတ်ပေ။

လူသည် လူ့အဖြစ်ရရှိပြီးနောက် အချိန်အတော်ကြာကြာအထိပင် ဘာသာဘောတရားမျှမရှိဘဲ သူပြုသမျှနုရသောဘဝဖြင့် ရပ်တည်နေခဲ့ရပါသည်။ ပတ်ဝန်းကျင်မှ အဖြစ်အပျက်များ၊တရားများ ထိုမှတစ်စ၊ သည်မှတစ်စဆိုသကဲ့သို့ တစစ မှတ်သားဘတ်ရှု ပေါင်းစုသိုမှီး သိမ်းဆည်းနေခဲ့ပါသည်။အရေအတွက်များပြားလာသောအခါ အရည်အချင်း

အဖြစ် တွက်ချက် စိတ်ကူးလာပါသည်။

ဤအခါ၌ သူနှင့်သူ့ပတ်ဝန်းကျင်များ၏ ဆက်သွယ်မှုအမှန်တရားကိုကျော်ဖြတ်၍ သူ့ရှုထောင့်မှ သူမြင်,သူကြား,သူခံစားရမှုများ၏ စေစားချက်အတိုင်း အတ္တအမြင်ဟုဆိုအပ်သော အရိယသစ္စာမှချော်သော အဝိဇ္ဇာအမြင်များ ပေါက်ပွားဖြစ်ပေါ်လာပါသည်။

ကိုယ်မြင်၊ကိုယ်ကြား၊ကိုယ်ခံစားသည်ကကောင်းလျှင် ကိုယ်တွေ့ပင်ဖြစ်သောကြောင့် ရှေ့နောက်ဝန်းကျင်များနှင့် မတိုင်းတာ မထောက်ဆတော့ပါ။ကောင်းသည်-ဟုပင် မျက်စေ့မှိတ်၍ ကြိတ်ပါတော့သည်။သုခယောင်ဆောင်နေသော ဒုက္ခများ၊ အစာယောင်ဆောင်နေသော အဆိပ်များ-ဤအရာများကိုလည်း ဒုက္ခမမြင် သုခဟု ထင်ပါတော့သည်။ ထို့ကြောင့် ဖြစ်ပွားသွားသော ထိုဒုက္ခကိုပင် တငြိကပ်ကပ် တစွဲလန်းလန်းဖြစ်ပြီး သမုဒယတဏှာ လောဘဖြစ်ပြန်ပါသည်။

ဤသို့ပင် အကောင်းမဟုတ်သည်ကို အကောင်းလုပ် ထင်မြင်နေမိခြင်း၊ ထိုအထင် အပျက်မခံနိုင်၊ ဆာလောင်မွတ်သိပ်ခြင်း-ဤသို့သည် စိတ်ကို ငြိမ်းချမ်းမှုပျက်ပြားစေသော စိတ်ရောဂါများပင် ဖြစ်ပါသည်။ ဤစိတ်ရောဂါများသည် မွေးကတည်းကပါလာသည် မဟုတ်ပါ။ ပတ်ဝန်းကျင်၏ ညွှန်ပြသင်ကြားပေးသည်များ မှားသည်ကတစ်ချက်။ ကိုယ်တွေ့ အသိအမြင်ဝိညာဏ်များ မန့်ပြားသည်ကတစ်ချက်။ ဤအချက်များကြောင့် ကိုယ်ပိုင်သဘောတရားများ ပေါက်ပွားလာရသည်မှ အစပြုရရှိလာသော ရောဂါများ ဖြစ်ပါသည်။

ထို့ကြောင့် မှန်ကန်သော အဆုံးအမကို နာကြားတတ်သော အဆင့်ရှိလျှင် အဘယ်မှာ ထိုရောဂါများ မကုန်ဆုံး မပျောက်ပျက်ဘဲ

ရှိပါမည်နည်း?

ထို့ကြောင့် ကိလေသာအစရှိသော တရားများသည် လူမှဖြစ်ပွားသော အနာရောဂါများကဲ့သို့ လူနှင့်တသားတည်းအရာမဟုတ်။ အာဂန္တုဧည့်သည်မျှဖြစ်သော တရားမျှသာ ဖြစ်ပါသည်။

ကိလေသာအစရှိသော တရားများသည် စိတ်၌ဖြစ်ပွားသော စိတ်ရောဂါများပင် ဖြစ်ပါသည်။ စိတ်သည် ဤရောဂါများ၏ အထုအထောင်း အနှိပ်စက်ခံနေရသောကြောင့် အားအင်ကုန်ခမ်း မလန်းမဆတ် ရှိရပါသည်။ထို့ကြောင့် လူ့ထံမှ ကိလေသာအစရှိသော စိတ်ရောဂါများကို ဖယ်ရှားလိုက်လျှင် လူညွန့်ကုန်ဆုံး လူစတုံးခြင်းများ မဖြစ်သည့်ပြင် လူညွန့်ဝေဆာ လူစများဝေဖြာနေမည် ဖြစ်ပါသည်။

လူသည် အိပ်တတ်သူ၊စားတတ်သူ၊အာရုံငါးပါး ကာမဂုဏ်များကို ခံစားတတ်သူ ဖြစ်ပါသည်။ကိလေသာအစရှိသော တရားများ လူမှ ဖယ်ရှားလိုက်လျှင် အိပ်ခြင်း၊စားခြင်း၊ခံစားခြင်းများ နိဂုံးကမ္ပတ် အဆုံးသတ်လိမ့်မည်-ဤသို့လျှင် လူလည်း လူစတုံး၍ နိဂုံးရောက်လိမ့်မည်။ ဤသို့ တွေးချင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် အိပ်ခြင်းအစရှိသည်နှင့် ကိလေသာကို မကွဲမပြား တသားတည်းအားဖြင့် ထင်မြင်ကြသောကြောင့် ဖြစ်ပါသည်။

ဟုတ်ပါသည်။အိပ်ခြင်းသည် ထိန,မိဒ္ဓ,မောဟကိလေသာ၊စားခြင်းသည် လောဘ,မောဟ ကိလေသာ၊ အာရုံငါးပါး ကာမဂုဏ်ခံစားခြင်း တရားကို ခံစားခြင်းသည် လောဘ,မာန,မောဟ အစစကိလေသာ။ဤသို့ အသိမှောက်မှား အထင်ထားခဲ့ကြပါသည်။

အကယ်အိပ်ခြင်း၌ကား ထိုသို့ ကိလေသာစေတသိက်များ လား

လားမှုမယှဉ် ဖြစ်ပါသည်။ အိပ်ခြင်း၊စားခြင်း၊ အဆင်းစသည်ကိုခံစား ခြင်းများသည် ကိလေသာရှိသူများ၌ ဖြစ်ပွားနိုင်သကဲ့သို့ ကိလေသာမရှိ သူများ၌လည်း ဖြစ်ပွားနိုင်ပါသည်။ကိလေသာရှိသူများ၌ ဖြစ်ပွားရာတွင် ဖြစ်ပွားသောကြောင့် ငတ်မွတ်ခြင်းတဏှာ အဝင်ခံရပြီး ဆင်းရဲပါသည်။ ကိလေသာမရှိသူများ၌ ဖြစ်ပွားရာတွင် ဖြစ်ပွားသောကြောင့် အသိအမြင် ဖြစ်ခြင်း ပညာဝင်ပြီး လွတ်မြောက်ပါသည်။

ထို့ကြောင့် ကိလေသာအစရှိသော တရားများ ကင်းစင်သူသည် အိပ်၊စား၊ကာမ ဤသုံးဝကို ပြည့်ဝအောင်မြင်စွာ အဆောင်စွမ်းနိုင်ဆုံး သူများသာ ဖြစ်ရာပါသည်။ထို့ကြောင့် ကိလေသာအစရှိသောတရားများ လူမှဖယ်ရှားသော်လည်း လူများ လူညွန့်ကုန်ဆုံး လူညွန့်တုံးခြင်းများ မဖြစ်သည်အပြင် လူများ၌ လူညွန့်ဝေဆာ လူစဖြာမည်မှာ မလွဲဖြစ်ပါ သည်။

မြတ်စွာဘုရား.....

အသျှင်မြတ်ဘုရား၏ ရည်ရွယ်ချက်တော်သည် လူ့ဘဝကို အလှ ဆင်ရန်ဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပါသည်။ ဘဝကို အလှဆင်ရန် လူ့ထံမှ အဆိုးဆုံးသော ရောဂါဘယကို ညွှန်ပြဖယ်ရှား တော်မူခဲ့ပါသည်။လူသည် အသျှင်ဘုရားညွှန်ပြသော အလှကို အကယ် ၍ ပိုင်ဆိုင်ခွင့်ရပါလျှင် ပြည့်ဝသောအနှစ်သာရရှင် ဖြစ်ခွင့်ရှိပါသည်။ ထို့ကြောင့် အသျှင်ဘုရား၏ ရည်ရွယ်ချက်တော်သည် အတိုင်းအဆမသိ နက်နဲလှပါသည်။တစ်ဦးတစ်ယောက်ချင်း ကောင်းစားရေး၊ လွတ်မြောက် ရေးမျှ သေးသေးလှီလှီမဟုတ်ကြောင်း ပေါ်လွင်လှပါသည်။

လူ၏စိတ်ရောဂါတရားများ လွင့်ပါးကင်းစင်ပြီဆိုလျှင် ထိုစင်

ကြယ်မှုသည် စင်ကြယ်သူထံ၌သာ ရပ်တံ့နေမည် မဟုတ်ပါ။ပဋိဇီဝခေါ် တန်ပြန်ဆေးများမှာ အစွမ်းထက်မြက် ထိသူမှန်သမျှထံ စင်ကြယ်မှုများ ကူးစက်ပြန့်နှံ့ရမည်မလွဲ ဖြစ်ပါသည်။

ထို့ကြောင့် အသျှင်ဘုရား၏တရားတော်သည် ပြုလျှင် ပြုသူသာ ကောင်းသော တကိုယ်ကောင်း ကျဉ်းမြောင်းသောတရား မဟုတ်ဘဲ လူမှန်သမျှကို ဖြူလွှစင်ကြယ်စေကြောင်း ကောင်းသောတရား ဖြစ်ပါသည်။

ဟုတ်ပါသည်။လူသည် ကိလေသာ၊သံယောဇဉ်အစရှိသော စိတ်ရောဂါများ အကင်းစင်ခံရပြီဆိုလျှင် လူ့အမှန်တရားများအတွက် အသက်နှင့်ကိုယ်ကိုပင် ငဲ့ကွက်,မြော်မြင်တော့မည်သူ မဟုတ်တော့ပါ။လူနှင့် အမှန်တရား နှစ်ပါးယှဉ်ပြိုင် အနိုင်ပေးရမည်ဆိုလျှင် လူကိုထည့်မစဉ်းစားဘဲ အမှန်တရားကိုသာလျှင် ဦးစားပေးမည်မလွဲ ဖြစ်ပါသည်။

တရားမှသွေဖည်၍ အမှန်ကိုနောက်ထား သူတပါးစသည့်လူကို ဦးစားပေးသည်ကား ကိလေသာအစရှိသော စိတ်ရောဂါအဝင်ခံနေရသူတို့ ကိုယ့်ကြမ္မာ ကိုယ်မဖန်တည်းနိုင်ခြင်းကြောင့်သာ ဖြစ်ပါသည်။

လူသည် အမှန်တရားကို ဦးစားပေးပြီဆိုလျှင် ထိုလူနှင့် ထိရသမျှတို့သည် ချမ်းမြေ့ငြိမ်းအေးကြရပါမည်။ကျန်းမာရေး၊စီးပွားရေး၊လူမှုရေး၊ ပညာရေး၊နိုင်ငံရေး အစစများ၌ အချိုးကျပြီး လောကကြီးလှပရန် သေချာလှပါသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ ရည်ရွယ်ချက်သည် တကိုယ်တော် ကောင်းစားရေး မဟုတ်။ ကမ္ဘာသူကမ္ဘာသား လူများအားလုံး လွတ်မြောက်ရေး၊ငြိမ်းချမ်းရေး ဖြစ်ပါသည်။

လူ၌ လူ့အနှစ်သာရများ၊ လူ့အလှအပများ ဖြစ်ပွားနေပြီဆိုလျှင်

လူမှုဆက်ဆံရေး၌ အထစ်အငေါ့အားလုံး ကုန်ဆုံးပျောက်ကွယ်ပါလိမ့်မည်။ဤသို့ဖြစ်လျှင် လူများဖြင့်တည်ဆောက်ထားရသော လူ့နိုင်ငံတော်သည်လည်း စည်းလုံးညီညွတ်သောနိုင်ငံတော် မဖြစ်ရန် အကြောင်းမရှိတော့ပါ။အများညီလျှင် "ဤ" "ကျွဲ"ဖြစ်သကဲ့သို့ လူများညီညွတ်လျှင် လူအစုအဝေးဖြစ်သော နိုင်ငံတော်၏အခက်အခဲများကို ချေဖျက်ကျော်လွှားနိုင်မည်မှာ မုချဖြစ်ပါသည်။နိုင်ငံကို စည်းလုံးညီညွတ်နိုင်လျှင် ကျန်းမာရေး၊စီးပွားရေး၊ပညာရေး အစစအခက်များ လူ့အတွက် ပျက်ပြယ်ကြရပါမည်။

လူသည် တိရစ္ဆာန်များထက် အစစသာလွန်သူ ဖြစ်ပါသည်။ တိရစ္ဆာန်များသည် သစ်ပင်များထက် သာလွန်ကြပါသည်။သစ်ပင်သည် သက်မဲ့အရာများထက် သာလွန်ပါသည်။ဤအစီအစဉ်၌ သက်ရှိ၊သက်မဲ့ အစစတို့ထက် လူ၏သာလွန်ချက်ကိုထုတ်လျှင် လူသည် စိတ်ကို အချိုးတကျ ကူးတတ်သန်းတတ်ခြင်းပင် ဖြစ်ပါသည်။

ယနေ့လူသားများသည် လူအားလုံးတို့အပေါ် သရဖူဆောင်းနေခြင်းမှာလည်း လူ၏အသိစိတ်ပင် ဖြစ်ပါသည်။ထို့ကြောင့် လူ၏အသိစိတ်တရားကို အရှိန်အဟုန် မြင့်သည်ထက်မြင့်အောင် မြှင့်ရမည်မှာ ထင်ရှားလှပါသည်။ လူသား၏ စိတ်ရောဂါများ လူသားထံမှ ဖယ်ရှားပေးခြင်းလောက် အသိစိတ်တရားဖြစ်ပွားမှုအတွက် အချက်ကျသောအရာသည် အဘယ်မှာ ရှိပါမည်နည်း!

လူသည် လူ့စိတ်ရောဂါများဖြစ်သော အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်နှင့် ကိလေသာဟုဆိုအပ်သော စိတ်ထုံထိုင်းနေခြင်း၊ စိတ်နစ်မြောနေခြင်း၊ စိတ်ပယောဂဝင်နေ

ခြင်း၊ စိတ်မလွတ်မလပ်ဖြစ်နေခြင်း၊ စိတ်အစွဲဖြစ်နေခြင်း၊ စိတ်မပွင့်မလင်းဖြစ်နေခြင်း၊ စိတ်မနိုးကြားခြင်း၊ စိတ်ရှုတ်နေခြင်း၊ စိတ်ညစ်နေခြင်း-ဤအကြောင်းများကြောင့် လူမှုဒုက္ခအပေါင်းကို မရှင်းနိုင်မလင်းနိုင် ရင်ဆိုင်ဆင်းရဲနေပြီး အရုပ်ဆိုး အကျည်းတန်နေခြင်း ဖြစ်ပါသည်။

ဗုဒ္ဓအသျှင်မြတ်သည် လူသားထံမှ ဤအရုပ်ဆိုးအကျည်းတန်တရားများ အကြွင်းမဲ့ ဖယ်ရှားသုတ်သင်ရန်လမ်းစဉ်ကို ညွှန်ပြတော်မူပါသည်။ဤလမ်းစဉ်ကား လူသားများဆောင်ရန် ”မဇ္ဈိမပဋိပဒါလမ်းစဉ်” ဖြစ်ပါသည်။သတိပဋ္ဌာန်၊သမ္မပ္ပဓာန်၊ဣဒ္ဓိပါဒ်၊ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဟုဆိုအပ်သော လူနိုးနိုးကြားကြားနေခြင်း၊ ကြိုးကြိုးစားစားနေခြင်း၊ စွမ်းစွမ်းတမံနေခြင်း၊ စိုးစိုးမိုးမိုးနေခြင်း၊ ကြီးကြီးမှူးမှူးနေခြင်း၊ သိမြင်အောင်နေခြင်း၊ လမ်းမှန်ကမ်းမှန်နေခြင်းများ ဖြစ်ပါသည်။

လူ့ထံမှ လူ့အကျည်းတန်တရားများ စိတ်ရောဂါများ ဖယ်ရှားနေလျှင် လူသည် လန်းဆန်းနေမည်။ဣန္ဒြေရနေမည်။ဖျတ်လတ်နေမည်။ပေါက်မြောက်နေမည်။ အားပြည့်နေမည်။ထက်မြက်နေမည်။ဖြောင့်မတ်မှန်ကန်နေမည်။ ထို့ကြောင့် လူသား၏အရောင်သည် တပြောင်ပြောင်တလက်လက် ထွန်းလက်နေမည် ဖြစ်သည်။

ဗုဒ္ဓအသျှင်မြတ်သည် တရားတော်များကို ဟောညွှန်ရာ၌ လူသားအား တပြောင်ပြောင်တလက်လက် အရောင်ထွက်နေအောင် အလှဆင်ရေး တွေးရှယ်တော်မူခဲ့သည်မှာ ကြည့်လိုက်တိုင်း မြင်သာလှပါသည်။

ဗုဒ္ဓအသျှင်မြတ်သည် လူသားအတွက် အဆုံးစွန်သောငြိမ်းချမ်းရေးကို ပေးတော်မူခဲ့ပါသည်။လူသားများ အိုခြင်းကြောင့်ဖြစ်သောဆင်းရဲမှ

ငြိမ်းချမ်းရေးကိုလည်း ပေးတော်မူခဲ့ပါသည်။ နာခြင်းကြောင့်ဖြစ်သော ဆင်းရဲမှ ငြိမ်းချမ်းရေး၊ သေခြင်း,နေခြင်း,ချစ်သူနှင့်ကွဲခြင်း, မုန်းသူနှင့်တွေ့ခြင်း, ရတာမလို လိုတာမရဖြစ်ခြင်းများကြောင့်ဖြစ်သော ဆင်းရဲမှ ငြိမ်းချမ်းရေးကိုလည်း ပေးတော်မူခဲ့ပါသည်။

ဗုဒ္ဓအသျှင်မြတ်၏ ရည်ရွယ်ချက်တော်သည် လူသားအတွက် ဤသို့ပင် အဆုံးစွန်ငြိမ်းချမ်းရေး ဖြစ်ပါသည်။လူများသေပြီးနောက် ကောင်းကောင်းဖြစ်ရေး၊ ဆိုးဆိုးမဖြစ်ရေး၊ ကောင်းကောင်း,ဆိုးဆိုး နှစ်မျိုးလုံးမဖြစ်ရေးများသည် ဗုဒ္ဓအသျှင်မြတ်၏ ရည်ရွယ်ချက်မဟုတ်ပါ။ ဤရည်ရွယ်ချက်များသည် အထက်လမ်းရည်ရွယ်ချက်များ ဖြစ်ပါသည်။

ထို့ပြင် မြတ်စွာဘုရား၏ရည်ရွယ်ချက်တော်သည် အောက်လမ်း ရည်ရွယ်ချက်လည်း မဟုတ်ပါ။ အာရုံငါးပါးနောက် ကောက်ကောက် လိုက်နိုင်ရေး၊ ဂုဏ်သိရ်,အာဏာ,အကျော်အစောများနောက် ကောက်ကောက်လိုက်နိုင်ရေးသည် အောက်လမ်း၏ရည်ရွယ်ချက် ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ရည်ရွယ်ချက်တော်သည် လူသားထုအပေါ် ညွှတ်ညွှတ်နူးနူး ကွန့်မြူးတည်နေပါသည်။

အထက်လမ်းရည်ရွယ်ချက်ကဲ့သို့ လူကိုလည်း မလွန်ပါ။

အောက်လမ်းရည်ရွယ်ချက်ကဲ့သို့ လူ၌လည်း မနစ်ပါ။

မြတ်စွာဘုရား၏ ရည်ရွယ်ချက်တော်သည် မိမိကိုနှိမ့်ချ၍ ပတ်ဝန်းကျင်ကိုလည်း မမြှင့်၊ မိမိကိုမြှင့်၍ ပတ်ဝန်းကျင်ကိုလည်း မနှိမ့်ပါ။

အောက်လမ်းရည်ရွယ်ချက်သည် မိမိကိုမြှင့်ပါသည်။

အထက်လမ်းရည်ရွယ်ချက်သည် မိမိကိုနှိမ့်၍ ပတ်ဝန်းကျင်ကို မြှင့်ပါသည်။

အောက်လမ်း,အထက်လမ်း ရည်ရွယ်ချက်များသည် အတ္တနှင့် ပရလွန်ကဲသော ရည်ရွယ်ချက်များ ဖြစ်သည်။ဤ၌ ပရသည် အနတ္တ၏ အနက်ဖြစ်သောကြောင့် အထက်လမ်းရည်ရွယ်ချက်သည် အနတ္တလွန်ကဲသော ရည်ရွယ်ချက်ဟု ဆိုနိုင်ပါသည်။အတ္တ,အနတ္တနှစ်ဝ လွန်ကဲမှုများ ကင်းမှ ငြိမ်းချမ်းပါမည်။မြတ်စွာဘုရား၏ရည်ရွယ်ချက်တော်သည် အတ္တ, အနတ္တနှစ်ဝလွန်ကဲမှုမှ ကင်းခြင်းဖြစ်ပါသည်။

အတ္တနှင့်အနတ္တသည် ဆန့်ကျင်ဘက်တရားနှစ်ပါး ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဆန့်ကျင်ဘက်များကို ကျော်လွှား လွန်မြောက်ပါသည်။ဆန့်ကျင်ဘက်(ဝိရောဓိ)တရားများကို ကျော်လွှားလွန်မြောက်ခြင်းသည် ငြိမ်းချမ်းခြင်း ဖြစ်ပါသည်။

အိုခြင်း-ပျိုခြင်း၊ သာခြင်း-နာခြင်း၊ သေခြင်း-နေခြင်း၊ ချစ်သူနှင့် ကွဲခြင်းစသည်များသည်လည်း ဆန့်ကျင်ဘက်များ ဖြစ်ပါသည်။ဤဆန့်ကျင်ဘက်များသည် လူကိုလွန်ခြင်း၊ လူ၌နှစ်ခြင်းမရှိသူတို့အတွက် အဓိပ္ပါယ်ခြားနားချက် များစွာမရှိပါ။ထို့ကြောင့် ဤခြားနားချက်များအတွက် စိုးရိမ်ပူဆွေး ငိုကြွေးဝမ်းနည်း ဆင်းရဲပင်ပန်းခြင်း ငြိမ်းပါသည်။

မြတ်စွာဘုရား၏ရည်ရွယ်ချက်တော်သည် ဤသို့ မူသေရှိသောကြောင့် တစ်ဦးချင်းငြိမ်းချမ်းရေး သို့မဟုတ် အိမ်တွင်းငြိမ်းချမ်းရေး၊ ရပ်ရွာတွင်းငြိမ်းချမ်းရေး၊ မြို့ပြနိုင်ငံတွင်းငြိမ်းချမ်းရေး။ဤကဲ့သို့ သေးသေးတာတာငြိမ်းချမ်ရေး မဟုတ်။ကမ္ဘာ့လူသားကြီးတစ်ခုလုံး ငြိမ်းချမ်းရေး ဖြစ်ပါသည်။

မြတ်စွာဘုရားတရားတော်၏ ရည်ရွယ်ချက်သည် လူသားများ အကြောက်တရား ကင်းကွာရေး၊ အမိုက်တရား ကင်းကွာရေးများ ဖြစ်ပါ

သည်။ထို့ကြောင့် လူ့စိတ်ခာတ်ငြိမ်းချမ်းရေးကလေးမျှ မဟုတ်ပါ။လူ့ကမ္ဘာ တစ်ခုလုံးငြိမ်းချမ်းရေး ဖြစ်ပါသည်။ထို့ကြောင့် မြတ်စွာဘုရား ရည်ရွယ်တော်မူသောငြိမ်းချမ်းရေးသည် အမြင့်တကာတို့ထက်မြင့်သော ငြိမ်းချမ်းရေး ဖြစ်ပါသည်သို့မဟုတ် လောကုတ္တရာငြိမ်းချမ်းရေး ဖြစ်ပါသည်။

အနန္တအသိပညာတို့ကို ပိုင်ဆိုင်တော်မူသော မြတ်စွာဘုရား....

တပည့်တော်တို့သည် မသိသည့်အလျောက် မှောက်ခဲ့မှားခဲ့ကြပါသည်။အသျှင်မြတ်ဘုရား၏ ရည်ရွယ်ချက်တော်သည် နောက်ဘဝ, နောင်ဘဝအတွက် သက်သက်သာ ဖြစ်သည်၊ လူတစ်ဦးချင်းအတွက်သာ ဖြစ်သည်- ဤသို့ လုံးလုံးလျားလျား လွဲမှားပြီး အသျှင်ဘုရား၏ တရားများသည် နောက်ဘဝအတွက် သက်သက်သာဟု တပည့်တော်များသည် လူ့အတွက် ဝကွက်ဖယ်ထားခဲ့မိကြပါသည်။

ထို့ပြင် အသျှင်ဘုရား၏ တရားတော်သည် လူ့လောက လွတ်မြောက်မှုနှင့်မဆိုင် ဘာသာရေးသမား လွတ်မြောက်လိုသူ တစ်ဦးချင်းနှင့်သာဆိုင်သည်-ဤသို့ အမြင်ဖောက်ပြား မှားခဲ့ကြပါသည်။

တပည့်တော်တို့သည် အသျှင်မြတ်ဘုရားအား ယုံစားမြတ်နိုးကြသော်လည်း မသိသည့်အလျောက် မှောက်ခဲ့မှားခဲ့ကြမိပါသည်။ဤအပြစ်တရားများကို အပြစ်ဟုရှုလျက် နောင်မဖြစ်ပွားအောင် ကြိုးစားကြပါမည်။တပည့်တော်တို့အား ဤအပြစ်အတွက် ခွင့်လွှတ်တော်မူပါရန် ရိုသေညွတ်ကျိုး ရှိခိုးတောင်းပန် လျှောက်ထားအပ်ပါသည်- အတိုင်းမသိကျေး၏ဖူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား။ ။

ဗုဒ္ဓဝါဒရည်ရွယ်ချက် ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# မင်္ဂလသစ္စာ ဓမ္မပူဇာ ဘုရားရှိခိုး

အတိုင်းမသိ ကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား...

တပည့်တော်များသည် မသိသည့်အလျောက် မိုက်ခဲ့ကြပါသည်။ အသျှင်ဘုရား၏ ရည်ရွယ်ချက်တော်များကို မှားယွင်းစွာ သိမြင်ခဲ့သည့်အတွက် အသျှင်ဘုရားကို အမဲကွက်များ စွန်းထင်းစေခဲ့ပါသည်။ ဤအတွက် တပည့်တော်များ ရိုသေညွတ်ကျိုး ရှိခိုးခဲ့ရပါပြီ။

ယခုတဘန်လည်း အသျှင်ဘုရား ဟောကြားတော်မူသော တရားတော်သည် "မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်"ဖြစ်သောအရာသာ ဖြစ်ပါသည်။

အသျှင်ဘုရားသည် ပိဋကတ်တော်၌ ပုဂ္ဂလဇ္ဈာသယ၊ ဒေသနာဝိလာသအားဖြင့် တရားတော်အစားစား အများအပြား ဟောခဲ့သော်လည်း အချုပ်အားဖြင့် မတရား၏ပြောင်းပြန် ဆန့်ကျင်ဘက်များသာ ဖြစ်ပါသည်။

ထို့ကြောင့် အသျှင်ဘုရားတရားတော်၌ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည်လည်း တရားပင်ဖြစ်ပါသည်။မေတ္တသုတ္တန်ဖြင့် ဟောကြားအပ်သော မေတ္တာတရားသည်လည်း တရားပင် ဖြစ်ပါသည်။ပစ္စဝေက္ခဏာတရား၊ အဘိဏှတရား၊ ဗြဟ္မဝိဟာရတရား၊ ပုညကြိယတရား၊ ပဥ္စဂရုဓမ္မသီလတရား၊ ဒသသုစရိတဓမ္မတရား အစရှိသော တရားများသည်လည်း တရားပင်ဖြစ်ပါသည်။သတိပဋ္ဌာန်တရား၊ သမ္မပ္ပဓာန်တရား၊ ဣဒ္ဓိပါဒ်တရား၊ ဣန္ဒြေတရား၊ ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်- ဤတရားများလည်း တရားပင် ဖြစ်ပါသည်။

ဤတရားများသည် အသွင်အားဖြင့် အထွေထွေဖြစ်အောင် ပြားနေသော်လည်း မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်အဖြစ်ဟူသော သဘောအားဖြင့် တသားတည်းဖြစ်ကြပါသည်။

ထို့ပြင်လည်း အသျှင်ဘုရားဟောကြားခဲ့သော ဤတရားများသည် လူကို ငြိမ်းချမ်းစေကြောင်း လမ်းကောင်းလမ်းဖြောင့် ဖြစ်သောကြောင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါ တရားချည်းလည်း ဖြစ်ပါသည်။

ထို့ကြောင့်__

မြတ်စွာဘုရား၏တရားတော်သည် မတရား၏ပြောင်းပြန်ဆန့်ကျင်ဘက်အရာများသာ အမှန်အစစ် ဖြစ်ခဲ့ပါသည်။မြတ်စွာဘုရား၏ တရားတော်သည် လူကို "မတရား၏ပြောင်းပြန်အဖြစ် တည်စေရေး"ဖြစ်ပါသည်။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သောတရား ဖြစ်ပါသည်။ထို့ပြင် မင်္ဂလာတရားများသည် လူကို ဒုက္ခခပ်သိမ်းငြိမ်းစေကြောင်းလည်း ဖြစ်ပါသည်။ထို့ကြောင့် မင်္ဂလာတရားသည် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်ပါသည်။

မင်္ဂလာတရားကို ပွားများလျှင် ဒုက္ခငြိမ်းကြောင်းတရားကို ပွားများခြင်းဖြစ်သောကြောင့် ဒုက္ခငြိမ်းအေးခြင်းအကျိုးများ ပွားတိုးဖြစ်ထွန်းပါမည်။

ထို့ပြင် မင်္ဂလာတရား ပွားများအားထုတ်သူသည် အမင်္ဂလာဖြစ်သော ဒုက္ခဖြစ်ကြောင်းကိုလည်း ပယ်သတ်ပြီးဖြစ်ပါသည်။အမင်္ဂလာကို ပွားလျှင် ဒုက္ခဖြစ်မည်ကိုလည်း ပိုင်းခြား၍သိပါသည်။ဤသို့ပင် သိ၊ပယ်၊ ဆိုက်၊ပွား လေးပါးကိစ္စ အစုံအလင် ပြည့်ဝပါသည်။

မြတ်စွာဘုရား......

အသျှင်ဘုရား၏ မင်္ဂလာတရားသုံးဆယ့်ရှစ်ပါးသည် လူများငြိမ်းချမ်းရေးကိုရည်ရွယ်၍ လူများငြိမ်းချမ်းကြကြောင်း ကျင့်စဉ်မဂ္ဂအဖြစ် အသျှင်ဘုရားဟောကြားခဲ့သောတရားတော် ဖြစ်ပါသည်။

မေတ္တာစသော ကြွင်းသောတရားတော်တို့သည်လည်း ဤနည်းအတူပင် ဖြစ်ပါသည်။မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်တိုင်းသည် မတရား၏ပြောင်းပြန်ဆန့်ကျင်ဘက်အဖြစ်ချည်း ဖြစ်ပါသည်။

ထို့ပြင် တရားတိုင်းသည်လည်း လူများငြိမ်းချမ်းကြရေး ရည်ရွယ်ချက်ဖြင့် လူငြိမ်းချမ်းကြောင်း ကျင့်စဉ်မဂ္ဂအဖြစ် ဟောကြားခဲ့သည်ချည်းဖြစ်သည်။နောက်ဆုံး၌ မင်္ဂလာဖြစ်စေ၊မေတ္တာဖြစ်စေ၊ပစ္စဝေက္ခဏာဖြစ်စေ၊သတိပဋ္ဌာန်ဖြစ်စေ၊ဗောဇ္ဈင်ဖြစ်စေ၊မဂ္ဂင်ဖြစ်စေ၊ပုညကြိယဖြစ်စေ၊သုစရိုက်ဖြစ်စေ အားလုံးသောတရားများသည် အတူတူသာ ဖြစ်ကြပါသည်။

ဗုဒ္ဓအသျှင်မြတ်ဘုရား.....

အသျှင်ဘုရားဟောကြားခဲ့သော တရားတော်များသည် မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သော အရာချည့်သာ ဖြစ်ကြပါသည်။ ထို့ပြင် ထိုတရားများသည် လူများကျင့်ကြံရေး၊ လူ့ဆင်းရဲကို ပိုင်းခြားသိမြင်ရေး၊ အကျင့်မှားဖြစ်သော မတရားများကို စက်ဆုတ်ရွံရှာ နှလုံးနာရေး၊ လူများငြိမ်းချမ်းကြရေး- ဤအရေးလေးချက် တပြိုင်နက် ဆောင်ရွက်နိုင်စွမ်း ရှိပါသည်။

ဤသို့ဟောကြားတော်မူသော တရားတော်များသည် မြတ်စွာဘုရား ကောင်းစွာဟောကြားအပ်သောတရားတော်များ ဖြစ်ကြပါသည်။

မြတ်စွာဘုရား....

အသျှင်မြတ်ဘုရားသည် ဤသို့ပင် ဟောကြားခဲ့သော်လည်း သာသနာနှစ်ထောင့်ငါးရာကျော်ခဲ့ပြီဖြစ်သော ယနေ့ခေတ်မှာ ကျင့်စဉ် မဂ္ဂင်တရား အထင်အရှားများကို ကျော်လွှားသကဲ့သို့ နေမိခဲ့ကြပါသည်။ တပည့်တော်တို့ မသိသေးသော တရားကိုပင် အသျှင်ဘုရား ဟောကြားခဲ့သော မဂ်တရားဖြစ်သည်ဟု တပည့်တော်တို့ ယူဆနေမိခဲ့ကြပါသည်။

ထို့ထက်လည်း မသိသည့်အလျောက် မိုက်မိခဲ့ကြပါသေးသည်။ တပည့်တော်တို့သည် ဖိုလ်တရားကို တရားဟုထင်ခြင်း၊ နိဗ္ဗာန်တရားကို တရားဟုထင်ခြင်း၊ သင်အံကျက်မှတ်ရန်အတွက်သာဖြစ်သော ပရိယတ် တရားကိုလည်း ကျင့်စဉ်မဂ္ဂဓမ္မတရားထင်ခြင်းများ ဖြစ်ခဲ့ကြပါသည်။ ထို့ပြင်လည်း မဂ္ဂင်ရှစ်ပါးမှ တရားထင်ခြင်း၊ ဗောဇ္ဈင်ခုနစ်ပါးမှ တရားထင် ခြင်းများ ဖြစ်ပွားနေမိခဲ့ကြပါသည်။နောက်ပိတ်ဆုံးအားဖြင့် ရုပ်၊နာမ်နှစ် ပါး ပရမတ်တရားများကို တရားဟု ထင်မိခဲ့ကြသည်အထိ ဖြစ်ပါသည်။

ဤသို့ပင် တရားမဟုတ်ရာ၌ တရားလုပ်မိသည်အထိ တရား-မတရား၌ မပြတ်မသား ဖြစ်ခဲ့ကြပါသည်။တပည့်တော်များ ကျင့်ကြံလျက် ရှိသော မင်္ဂလာ၊မေတ္တာစသော မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက် ဖြစ်သော ကျင့်စဉ်မဂ္ဂတရားများကိုကျော်၍ တပည့်တော်များ မသိသေး သောတရားကို ကျင့်စဉ်မဂ္ဂတရားထင်ကာ ရှာဖွေမိကြသောကြောင့် တပည့်တော်များသည် တရားမျက်စေ့ အလည်ခံခဲ့ကြရပါသည်။

ထို့ပြင်လည်း တပည့်တော်တို့သည် သတိပဋ္ဌာန်လေးပါးမှ တရား ထင်သောကြောင့် မင်္ဂလာ၊မေတ္တာစသောတရားများကို လောကီတရား စသော အလကားတရားဟု အထင်သေးပြီး သတိပဋ္ဌာန်၏ အစစ်အမှန် သရုပ်ဖြစ်သော မင်္ဂလာစသောတရားများ၌ အဖွင့်မှားယွင်းမှုများ ဖြစ်

ပွားခဲ့ကြရပါသည်။နောက်ဆုံးအားဖြင့် ရုပ်,နာမ်ပရမတ်ကို တရားထင ခြင်းကား အဖတ်ဆည်မရနိုင်လောက်အောင် လွဲမှားခြင်းများကို လွန်ကျူး ခဲ့ကြခြင်းများ ဖြစ်ပါသည်။

တပည့်တော်တို့သည် တရားတော်စာရင်းတွင် ရုပ်,နာမ်ပရမတ် များကို အထင်လင်းဆုံး ထည့်သွင်းမှတ်သား နေခဲ့မိကြပါသည်။ထိုသို့ဖြစ် သော်လည်း ရုပ်,နာမ်ပရမတ်သည် မြတ်စွာဘုရား၏ တရားတော်စာရင်း ၌ ထည့်သွင်း၍လုံးဝမဖြစ်သောအရာသာ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် "တရားကို မတရား၏ပြောင်းပြန်အဖြစ်" သာ ဟောကြားခဲ့ပါသည်။ရုပ်,နာမ်ပရမတ်သည် မတရား၏ပြောင်းပြန် ဆန့်ကျင်ဘက်အဖြစ် မဟုတ်ပါ။ပွားများအပ်သောတရားသည် မတရား ၏ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်သောတရားသာ ဖြစ်ပါသည်။သို့မှလည်း ဒုက္ခငြိမ်းပါမည်။ထို့ကြောင့် ရုပ်နာမ်သည် တရား လုံးဝမဟုတ်ပါ။

မြတ်စွာဘုရား...

တပည့်တော်များသည် အသိအလိမ္မာနည်း အမြင်သည်းခဲ့ကြပါ သည်။မင်္ဂလာ၊မေတ္တာစသော တရားများသည်လည်း ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်များမှ ပြေး၍လွတ်မည်မဟုတ်ဟူ၍ တပည့်တော်များ ထင်ခဲ့ကြ ပါသည်။မင်္ဂလာစသည်ကို အရကောက်လျှင် ရုပ်,နာမ်ပရမတ်ပင်ရသော ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် တပည့်တော်တို့၏ အသိဉာဏ်များ ရှော်ကြပါသည်။ တပည့်တော်တို့ အတွက်အချက်၌ မတရား၏ပြောင်းပြန်ဖြစ်သော ကျင့် စဉ်မဂ္ဂတရားသည် အရကောက်အခြေခံအားဖြင့် ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်များဖြစ်လျှင် ရုပ်၊နာမ်ပရမတ်များလည်း ကျင့်စဉ်မဂ္ဂဖြစ်ရမည်-

ဤသို့ပင် တပည့်တော်တို့ အသိဉာဏ်များ စူးခဲ့,ရောက်ခဲ့ကြပါသည်။

ရုပ်,နာမ်ပရမတ်များ၏ ကြိယာဝိသေသဖြစ်သော မင်္ဂလာသည် တရားဖြစ်ရမည်ကို မသိ၊မထင်၊မမြင် ဖြစ်ခဲ့ကြပါသည်။ဥပမာအားဖြင့် စေတီ,ပုထိုးတို့၏ အခြေခံပစ္စည်းသည် အုတ်များ,အင်္ဂတေများ ဖြစ်သော်လည်း စေတီ,ပုထိုး၌ ရှိခိုးပူဇော်အပ်သကဲ့သို့ အုတ်များ,အင်္ဂတေများသည် ပူဇော်အပ်သည်ဟု ယူဆမိခဲ့သကဲ့သို့ ဖြစ်နေပါသည်။

စေတီ,ပုထိုးသည် အုတ်,အင်္ဂတေဖြင့် ပြုလုပ်ထားသော်လည်း အုတ်,အင်္ဂတေများသည် စေတီ,ပုထိုးမဟုတ်ပေ။စေတီ,ပုထိုးသည် အုတ်, အင်္ဂတေများ၏ ကြိယာဝိသေသမျှသာ ဖြစ်သည်။စေတီ,ပုထိုးသည်အုတ်, အင်္ဂတေများကိုဆိုသည် မဟုတ်ပါ။

ထို့ကြောင့် ရုပ်,နာမ်ပရမတ်များသည် အမှန်အားဖြင့် ကျင့်စဉ်မဂ္ဂများ မဟုတ်ပါ။မင်္ဂလာ၊မေတ္တာစသောတရားကို ရုပ်,နာမ်ပါသောကြောင့် ရုပ်,နာမ်များဟု မှတ်ယူမိခြင်းသည် စေတီ,ပုထိုးများကို အုတ်,အင်္ဂတေများဟု မြင်သောကြောင့် စေတီပုထိုးအပျောက်ခံရခြင်းရကဲ့သို့ အဖတ်ဆည်မရအောင် လွဲမှားခြင်းများကို ကျူးလွန်မိကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားတရားတော်သည် တပည့်တော်တို့ သိထင်ပြီးသော တရားများကိုကျော်လွန်၍ မသိရသေးသောအရာဖြစ်သည့် မင်္ဂတရားနှင့် ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ ပရိယတ်တရား၊ ရုပ်,နာမ်တရားများ မဟုတ်ကြပါ။“မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သောတရား”သာ မြတ်စွာဘုရား၏တရားတော် ဖြစ်ပါသည်။

မင်္ဂလာစသော မတရား၏ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သည့် တရားများသည် သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဣန္ဒြေငါး

ပါး၊ ပြဟ္မဝိဟာရလေးပါး၊ ကံသုံးပါး စသည်အားဖြင့်လည်း ပါဝင်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသောတရားတော်များသည် အထွေထွေအပြားပြားများသော်လည်း တစ်ပါးနှင့်တစ်ပါး တကယ်မခြားဘဲ အနှစ်သာရအားဖြင့် တသားတည်းတူညီကြပါသည်။မဂ္ဂင်မှ တရားမဟုတ်ပါ။ဗောဇ္ဈင်မှ တရားမဟုတ်။သတိပဋ္ဌာန်မှ တရားမဟုတ်ပါ။မင်္ဂလာ၊မေတ္တာ၊ပုညကြိယာ၊သုစရိုက်အစရှိသော တရားများသည်လည်း တရားပင် ဖြစ်ပါသည်။

ဤတရားများသည်လည်း ဒုက္ခကိုပိုင်းခြားသိရေး၊သမုဒယပယ်ရေး၊ နိရောဓဆိုက်ရေးအတွက် ကျင့်ရမည့် အကျင့်တရားများချည်း ဖြစ်ကြပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် သတိပဋ္ဌာန်မှ တရား၊ မဂ္ဂင်မှ တရား ထင်ခဲ့ကြသူများ ဖြစ်ပါသည်။မင်္ဂလာ၊မေတ္တာစသောတရားများကို တရားဟု မထင်ခဲ့ကြသူများ ဖြစ်ပါသည်။မင်္ဂလာ၊မေတ္တာစသည်ကိုပွားခြင်းဖြင့် ဒုက္ခကို ပိုင်းခြားသိနိုင်လိမ့်မည်ဟု မထင်ကြပါ။ ထို့အတူ သမုဒယကို ပယ်နိုင်လိမ့်မည်၊နိရောဓဆိုက်နိုင်လိမ့်မည်ဟုလည်း မထင်ခဲ့ကြသူများ ဖြစ်ခဲ့ကြပါသည်။ထို့ကြောင့် မင်္ဂလာစသောတရားများကို လောကုတ္တရာတရားများ မဟုတ်၊ လောကီတရားသာဖြစ်သည်-ဤသို့ပင် တပည့်တော်တို့ ထင်ခဲ့ကြခြင်း ဖြစ်ပါသည်။လောကီတရားသည် ဘုရားတရားပင် အစစ်မဟုတ် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် လောကီတရားကိုဟောမည် မဟုတ်ပါ။မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာများသည် များသော်လည်း သစ္စာအထွင်၌ တပ်မရသည်ဟူ၍ မရှိရာပါ။

ဤသို့ဖြစ်လျှင် အရိယသစ္စာဆိုက်သောတရားသည် လောကီတရားများ မဖြစ်နိုင်ပါ။ဤသို့ပင် တပည့်တော်များ ဉာဏ်မကစားခဲ့ကြပါ။

ထို့ကြောင့် မင်္ဂလာစသောတရားများမှာ လောကီဟူ၍ မရှိနိုင်ရာပါ။ကျင့်သူက အစွဲဥပါဒါန်ဖြင့် ကျင့်လျှင်ကား လောကီမျှဖြစ်ခွင့်ရှိပါသည်။ကျင့်သူက အစွဲဥပါဒါန်နှင့် ကျင့်လျှင်ကား မင်္ဂလာ၊မေတ္တာသည်သာမက သတိပဋ္ဌာန်၊မဂ္ဂင်၊ဗောဇ္ဈင်များလည်း လောကီသာ ဖြစ်ရာပါသည်။ပြည်တန်ပတ္တမြားဖြစ်သော်လည်း အဘိုးမထိုက်သကဲ့သို့ ဖြစ်ပါသည်။

သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားများပင်ဖြစ်သော်လည်း ကာမုပါဒါန်စသော ဥပါဒါန်များဖြင့် ပွားများသူလက်၌ သတိပဋ္ဌာန်စသည်သည် ဒုက္ခသိရေး၊ သမုဒယပယ်ရေးနိရောဓဆိုက်ရေး၊ အကျင့်အပွားများရေး မဟုတ်တော့သောကြောင့် သစ္စာမဝင်ဖြစ်ပြီး လောကီပင်ဖြစ်နိုင်ပါသည်။မင်္ဂလာစသော တရားသည်လည်း စီးပွားဖြစ်ရေး၊ကြီးပွားဖြစ်ရေးစသော ဥပါဒါန်များဖြင့် ကျင့်ပွားပါလျှင် လောကီပင် ဖြစ်တန်ရာပါသည်။

အရိယာတို့ အဆိုအဆုံးမကိုရသော ဗဟုသုတရှိသူသည် မင်္ဂလာ၊မေတ္တာစသောတရားများကို ဒုက္ခသစ္စာပိုင်းခြားသိရေး၊သမုဒယသစ္စာစက်ဆုတ်ရွံရှာ နှလုံးနာရေး၊ နိရောဓဆိုက်ရောက်ရေး၊ ကျင့်ကြံကြိုးကုတ်အားထုတ်မည်ဆိုလျှင်(မဂ္ဂ) လောကီမဟုတ် လောကုတ္တရာမင်္ဂလာ၊မေတ္တာစသည် အစစ် ဖြစ်ပါသည်။

တပည့်တော်တို့သည် ဤမျှ ဆိုးဝါးရိုင်းစိုင်းမှုများကို ဖယ်ရှားနိုင်အောင် အပတ်တကုတ် အားထုတ်၊ကြိုးစားကြရပါမည် ဘုရား။တပည့်

တော်တို့သည် မင်္ဂလာ၊မေတ္တာစသည်များ တရားမဟုတ်၊ သတိပဋ္ဌာန်စ သည်မှတရားဟုတ် လုပ်ခဲ့ကြသည်မှာ များစွာမှားယွင်း နစ်နာလှပါသည်။ အဘယ်ကြောင့်ဆိုသော် တပည့်တော်တို့သည် မင်္ဂလာစသည်များ တရား မဟုတ်-ထင်သည်ကပင် သတိပဋ္ဌာန်စသည်များ တရားဟုတ်အောင် မရှု ပွားနိုင်သေးကြောင်း ဖော်ပြနေသောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရား.....

တပည့်တော်တို့သည် သတိပဋ္ဌာန်စသည်များ လောကုတ္တရာတ ရားဖြစ်အောင် ပွားနိုင်မှသာ မင်္ဂလာစသည်များလည်း လောကုတ္တရာဖြစ် ကြောင်း ရိပ်မိသိရှိနိုင်မည် ဖြစ်ပါသည်။ထို့ကြောင့် သတိပဋ္ဌာန်မှ တရား ထင်ခဲ့သော တပည့်တော်တို့သည် တရားထင်သောတရားကိုပင် တကယ် တရားဖြစ်အောင် မပွားနိုင်သောကြောင့် မှားယွင်း နစ်နာလှပါသည်။

ဟုတ်ပါသည်။တပည့်တော်တို့သည် သတိပဋ္ဌာန်စသည်များ ပွား များကြရာ၌ ငါ-ပျောက်၊ပုဂ္ဂိုလ်,သတ္တဝါပျောက်ကို ရောက်ရမည့်ပန်းတိုင် ထား၍ ပွားများမိခဲ့ကြပါသည်။ဤသို့ ပွားများခြင်းများသည် သတိပဋ္ဌာန် ကို "အရိယသစ္စာဆိုက် ပွားများခြင်း"မဟုတ်ဘဲ၊ "ရုပ်,နာမ်ပရမတ်ဆိုက် ပွားများခြင်း"ဖြစ်၍ ပရမတ္ထသစ္စာမျှဆိုက်အောင် ပွားများ၍ လောကီတ ရားပွားများကြခြင်း ဖြစ်ပါသည်။

တပည့်တော်တို့သည် သတိပဋ္ဌာန်စသည်ကို ဤသို့ ပွားများမိ သောကြောင့် ဘယ်တော့မျှ လောကုတ္တရာ မဖြစ်တော့ပါ။သတိပဋ္ဌာန်ကို လောကုတ္တရာဖြစ်အောင် ရှုပွားရန်မှာ သတိစသည့် အရှုခံအာရုံများ၌ ဒုက္ခစသော လက္ခဏာများကို ရှုပွားရပါမည်။ရုပ်,နာမ်ဖြင့် လူဖျောက်ထား မိသောကြောင့် ဒုက္ခလက္ခဏာ၏ လက္ခဏဝန္တဖြစ်သော ပုဂ္ဂိုလ်များပင်

မရှိသောကြောင့် ဒုက္ခလက္ခဏာစသည်ကို ရှုပွားမရဖြစ်ပြီး တပည့်တော် တို့ပွားသော သတိပဋ္ဌာန်စသည်သည် လောကီမျှသာဖြစ်ရခြင်း ဖြစ်ပါသည်။

သတိပဋ္ဌာန်စသည်ကို လောကုတ္တရာဖြစ်အောင် မရှုပွားနိုင်ခြင်းသည် မဂ်လာစသည်ကိုလည်း လောကုတ္တရာဖြစ်အောင် သိထင်နိုင်ခြင်း မရှိရန်အကြောင်း ဖြစ်ပါသည်။မဂ်လာစသည်ကို ပွားများရာ၌ လူကိုမ ပျောက်ပျက်စေဘဲ လူပေါ်မှ မဂ်လာပျက်ခြင်းကြောင့် ပွားများမည့် ဒုက္ခ လက္ခဏာများကို ပိုင်းခြားသိထင်ပြီး ဤကဲ့သို့သောဒုက္ခများ ငြိမ်းအေး ချမ်းမြေ့အောင် အမဂ်လာများကိုပယ်၍ မဂ်လာသတင်းများကို ပွားများ ရပါမည်။

ဤသို့ မဂ်လာစသည်ကို လူမပျောက်အောင် ပွားနိုင်လျှင် သတိ ပဋ္ဌာန်စသည်ကိုလည်း ပွားနိုင်ပါမည်။ဤသို့ပင် သတိပဋ္ဌာန်စသည်ကို တရားဟုတ်အောင် ပွားနိုင်လျှင် မဂ်လာစသည်လည်း တရားဖြစ်ကြောင်း သိနိုင်မည်ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်သည်ကား သတိပဋ္ဌာန်စသည်မှ တရားမဟုတ်ပါ။ရုပ်များ,နာမ်များ မသိရသေးသော မဂ်တရား၊ဖိုလ်တရား၊နိဗ္ဗာန်တရားများ မဟုတ်ပါ။လူတစ်ဦးနှင့်တစ်ဦး ထိစပ်ဆက်ဆံကြရာ၌ မတရား၏ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်သော အရာများသာဖြစ်ပါသည်။မြတ်စွာဘုရားဟောကြားတော်မူသော တရား တော်၏သရုပ်သည် အစပိုင်း၌ တပည့်တော်များ လျှောက်ထားခဲ့သည့် အတိုင်း မဂ်လာ၊မေတ္တာ အစရှိသည်များပင် ဖြစ်ကြပါသည်။

မြတ်စွာဘုရား....

တပည့်တော်တို့သည် မသိသည့်အလျောက် တရားကို နာမ်ဘဲ, ရုပ်ဘဲ အလွဲလွဲအမှားမှား များစွာပြောဆို မှတ်ထင်ခဲ့မိကြပါသည်။ဤအမှားများအတွက် အသျှင်ဘုရားအား ထိပါးနစ်နာစေသကဲ့သို့ဖြစ်ပါသည်။ ဤအပြစ်သည် တပည့်တော်တို့၌ များစွာနစ်နာစေပါသည်။ဤအပြစ်ကို အပြစ်အားလျော်စွာ နောက်ထပ်တဘန် မဖြစ်ပေါ်ရန် တပည့်တော်တို့ ရှုကြည့်ကြပါမည်။

တပည့်တော်တို့အား ငဲ့ညှာသနားသောအားဖြင့် အသျှင်မြတ်ဘုရားသည် ဤအပြစ်များမှ ခွင့်လွှတ်တော်မူပါမည့်အကြောင်း အသျှင်မြတ်ဘုရားအား ရိုသေညွှတ်ကျိုး လက်စုံမိုး၍ အထပ်ထပ်ရှိခိုးကန်တော့အပ်ပါသည်... အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား...။

မင်္ဂလသစ္စာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# နိရောဓသစ္စာ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

တပည့်တော်တို့သည် မဂ္ဂသစ္စာအမှားများဖြင့် အသျှင်ဘုရားအား ပြစ်မှားမိခဲ့ကြသည်ကို ဦးညွှတ်ကျိုး ရှိခိုးကန်တော့ခဲ့ရပါပြီ။ယခုတဘန် မြတ်စွာဘုရား၏ နိရောဓသစ္စာဖြင့် တပည့်တော်များ မှားခဲ့မိသည်ကို ဦးချညွှတ်ကျိုး ကန်တော့ခွင့်ပြုတော်မူပါဘုရား......။

မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူခဲ့သော နိရောဓသစ္စာ (နိဗ္ဗာန်)သည် ငြိမ်းချမ်းခြင်း(သန္တိသုခ)၊လွတ်မြောက်ခြင်း(ဝိမုတ္တ)၊အမှီအခိုကင်းခြင်း(နိဿရဏ) အစရှိသော လူ၌ဖြစ်သော ဤသဘောတရားများသာ ဖြစ်ပါသည်။

နိဗ္ဗာန်သည် လူ၏ ဒုက္ခခပ်သိမ်း ကင်းငြိမ်းချမ်းသာသည် အဖြစ်၊ လူ၏ ကာမဂုဏ်အာရုံများမှ အမှီခိုကင်းသည်အဖြစ် အစရှိသော အဖြစ်များ ဖြစ်ပါသည်။ဤနိဗ္ဗာန်သည် တပည့်တော်တို့ လျှောက်ထားပြီးခဲ့သည့်အတိုင်း သဘောအားဖြင့် တစ်ပါးတည်းပင်ရှိသော်လည်း အခြင်းအရာအစရှိသောအားဖြင့် အများအပြား ပြောဆိုလျှောက်ထားခွင့် ရှိပါသေးသည်။

ကိလေသာ,အာသဝအချို့အဝက်မှသာ လွတ်မြောက်ပြီး ကိလေသာ,အာသဝအချို့အဝက် လက်ကျန်ရှိသေးသောနိဗ္ဗာန်၊ ကိလေသာ, အာသဝ လုံးဝလက်ကျန်မရှိသောနိဗ္ဗာန်ဟူ၍ ဖြစ်ပါသည်။

တရားကျင့်ဆဲပုဂ္ဂိုလ်များသည် ကိလေသာ,အာသဝအချို့မှ လွတ်မြောက်သော်လည်း၊ ကိလေသာ,အာသဝအချို့မှာ လက်ကျန်ရှိနေ

ကြပါသေးသည်။သူတို့လည်း လွတ်မြောက်နေသူ၊ ငြိမ်းချမ်းနေသူ၊ အမှီ အခိုကင်းနေသူများပင် ဖြစ်ကြပါသည်။သူတို့၏လွတ်မြောက်မှု စသည် သည်လည်း နိဗ္ဗာန်ပင်ဖြစ်ပါသည်။ထိုနိဗ္ဗာန်သည် ကိလေသာ,အာသဝ လက်ကျန်ရှိသေးသောနိဗ္ဗာန် ဖြစ်ပါသည်။

တရားတော်များကျင့်ပြီး၍ တရားတော်များရနေပြီးသော ပုဂ္ဂိုလ် များသည် ကိလေသာ,အာသဝ လက်ကျန်မရှိတော့သူများ ဖြစ်ကြပါ သည်။လွတ်မြောက်နေသူ၊ ငြိမ်းချမ်းနေသူ၊ အမှီအခိုကင်းနေသူများပင် ဖြစ်ကြပါသည်။သူတို့၏ လွတ်မြောက်မှုနိဗ္ဗာန်သည် ကိလေသာ,အာသဝ လက်ကျန်မရှိသောနိဗ္ဗာန် ဖြစ်ပါသည်။

ထို့ပြင် ငြိမ်းချမ်းလွတ်မြောက်အောင် ပြုလုပ်မှု၏ ထွေပြားချက် အရလည်း နိဗ္ဗာန်သည် သုံးမျိုးဖြစ်ပြန်ပါသည်။

တရားတော်ကိုရှုပွားသော ပုဂ္ဂိုလ်သည် မိမိအားဒုက္ခပေးနိုင်သော ကိုယ်,နှုတ်,နှလုံးအမှုများကို မိမိ(အတ္တ)အဖြစ် အဖတ်ဆည်စရာ ကိုယ်စိုး ကိုယ်ပိုင်မရ အချည်းနှီးသုညဟု ရှုပွားသောကြောင့် အနတ္တလက္ခဏာကို မြင်ပါသည်။သူသည် မိမိကိုယ်ကို မစိုးမပိုင်းခြင်းဒုက္ခမှ လွတ်မြောက်ငြိမ်း ချမ်းပါသည်။သူ၏ လွတ်မြောက်ငြိမ်းချမ်းမှုသည် နိဗ္ဗာန်ဖြစ်ပါသည်။ထို နိဗ္ဗာန်သည် ကိုယ့်ကိုယ်ကို အဖတ်ဆည်မရသည့်အဖြစ်ကိုသိ၍ လွတ် မြောက်သောနိဗ္ဗာန်(သုညတနိဗ္ဗာန်) ဖြစ်ပါသည်။

တရားတော်ကိုရှုပွားသော အချို့ပုဂ္ဂိုလ်များသည် မိမိအားဒုက္ခ ပေးနိုင်သော ကိုယ်,နှုတ်,နှလုံး သုံးပါးအမှုများကို ဤအမှုများ၌ ရှေ့ရေး နောက်ရေး မျှော်တွေးကောက်ယူစရာ နိမိတ်မရ၊ အနိမိတ္တဟုပွားသော ကြောင့် အနိစ္စလက္ခဏာကို မြင်ပါသည်။သူသည် မျှော်နေရသူအဖြစ်

ဆင်းရဲမှ လွတ်မြောက်ပါသည်။ထိုသူ၏ လွတ်မြောက်ငြိမ်းချမ်းမှုသည် နိဗ္ဗာန်ဖြစ်ပါသည်။ထိုနိဗ္ဗာန်သည် မျှော်တွေးစရာမရှိသည်၏အဖြစ်ကို သိ၍ လွတ်မြောက်ငြိမ်းချမ်းသောနိဗ္ဗာန်(အနိမိတ္တနိဗ္ဗာန်) ဖြစ်ပါသည်။

တရားတော်ရှုပွားသော အချို့ပုဂ္ဂိုလ်များသည် မိမိအားဒုက္ခပေးနိုင်သော ကိုယ်,နှုတ်,နှလုံး တရားအမှုများကို ဤအမှုများ၌ ချမ်းသာသုခတောင့်တစရာ ပဏိဟိတမရှိအပ္ပဏိဟိတဟုရှုသောကြောင့် ဒုက္ခလက္ခဏာကို မြင်ပါသည်။သူသည် ချမ်းသာသုခတောင့်တနေသူအဖြစ် ဆင်းရဲမှလွတ်မြောက်ပါသည်။ထိုသူ၏ လွတ်မြောက်မှုသည် နိဗ္ဗာန်ဖြစ်ပါသည်။ ထိုနိဗ္ဗာန်သည် ချမ်းသာသုခတောင့်တစရာမရှိသည်၏အဖြစ်ကို သိ၍ လွတ်မြောက်ငြိမ်းချမ်းသောနိဗ္ဗာန်(အပ္ပဏိဟိတနိဗ္ဗာန်) ဖြစ်ပါသည်။

မြတ်စွာဘုရား.........

အသျှင်မြတ်ဘုရားသည် တရားတော်ကျင့်ကြံခြင်းကြောင့် ရရှိသောအကျိုးဖြစ်သောနိဗ္ဗာန်ကို တပည့်တော်များ လျှောက်ထားခဲ့သည်မှုမက အထွေထွေအပြားပြား များစွာရှိသော်လည်း အမှန်အားဖြင့် လူအများငြိမ်းချမ်းခြင်းသဘော တစ်ပါးတည်းသာ ဟောခဲ့ပါသည်။ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် ဤသို့ နားမလည်ချင် ဖြစ်နေခဲ့ကြပါသည်။

တပည့်တော်တို့ နားလည်သိမြင်ပြီး ဉာဏ်ဝင်သဘောပေါက်နေသောနိဗ္ဗာန်မှာ လူများသေပြီးနောက် ဘာမျှမဖြစ်သောသဘောဟုဟူ၍ ထင်နေခဲ့ကြပါသည်။နိဗ္ဗာန်ကို ဤအထိမထင်ရလျှင် ပြည့်ဝသည်ဟု တပည့်တော်တို့ မထင်ကြပါ။တပည့်တော်တို့အမြင်၌ လူမသေမီ မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ဟူ၍ မရှိမဟုတ်သော်လည်း သေပြီးနောက်

နိဗ္ဗာန်ဟူ၍ ရှိကိုရှိသေးသည်ဟု မထင်ဘဲမနေနိုင် ဖြစ်ခဲ့ပါသည်။တပည့်တော်တို့အတွက် သေပြီးနိဗ္ဗာန်သည်သာ ဇောကပ်စရာဟု အာရုံကျနေကြပါသည်။

တပည့်တော်တို့၏ ဤ-သေပြီးနောက်နိဗ္ဗာန်သည် လူကို စိတ္တဇနယ်ဘက် သက်ဝင်စေသော ကြီးမားလွန်းသောအရာအဖြစ် မြတ်စွာဘုရား မြင်တော်မူပါလိမ့်မည်။အဘယ့်ကြောင့်ဆိုသော် လူသည် သေပြီးနောက်ဘာမှမဖြစ်ခြင်းသဘောဟူသော နိဗ္ဗာန်သို့ရောက်သည်ဆိုလျှင် ထိုနိဗ္ဗာန်သဘောဖြစ်နေသည်ဟူ၍ပင် လုံးဝမရှိနိုင်သောကြောင့် ဖြစ်ပါသည်။

အမှန်၌ နိဗ္ဗာန်သည် ငြိမ်းချမ်းခြင်းလက္ခဏာ ရှိရပါသည်။ငြိမ်းချမ်းသူမရှိဘဲ ငြိမ်းချမ်းခြင်းလက္ခဏာသည် ရှိနိုင်ရိုး မရှိရာပါ။နိဗ္ဗာန်သည် မဂ်၊ဖိုလ်တရားတို့၏ အာရုံဖြစ်ပါသည်။မဂ်၊ဖိုလ်ရသူသေပြီးနောက် သူရခဲ့သောမဂ်၊ဖိုလ်သည် မရှိတော့ပြီဖြစ်ပါသည်။ ထို့ကြောင့် သေပြီးနောက် နိဗ္ဗာန်ဖြစ်သေးသည်ဆိုလျင် ထိုနိဗ္ဗာန်အာရုံ၏ အာရမ္မဏိကတရားဖြစ်သောမဂ်၊ဖိုလ် အဘယ်သို့ဖြစ်ရမည်နည်း?

ထို့ကြောင့် မြတ်စွာဘုရား၏ အဆိုအမိန့်၌ သေပြီးနောက်ဘာမျှမဖြစ်သောသဘောသည် နိဗ္ဗာန်ဟုညွှန်ပြမည်ဟု ယူသည်ကို အကယ်မသိ၊မရှိသည်ကိုယူခြင်း စိတ်ဖြင့်သာဖန်တီး၍ယူခြင်းမျးဖြစ်၍ စိတ္တဇဖြစ်သည်၊ဥပါဒါန်ဖြစ်သည်၊ဒိဋ္ဌိဖြစ်သည်ဟု မြတ်စွာဘုရား ညွှန်ပြခဲ့ပြီးဖြစ်ပါသည်။

အမှန်၌ နိဗ္ဗာန်သည် လူ၏ငြိမ်းချမ်းသည်၏အဖြစ်ဟူသော သဘောသာဖြစ်ပါသည်။နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းငြိမ်းခြင်းပင် ဖြစ်သည်ဆိုလျှင် ဒုက္ခသည် လူ၏ဆင်းရဲသည်၏အဖြစ်ဟူသော သဘောပင်ဖြစ်၍

ဒုက္ခသည် လူ၌ဖြစ်လျှင် ဒုက္ခခပ်သိမ်းငြိမ်းခြင်း နိဗ္ဗာန်သည်လည်း လူ၌ ပင်ဖြစ်သင့်ပါသည်။

ဒုက္ခသည် ဤတစ်လံမျှ ကိုယ်ကာယ၌ပင် ဖြစ်ပါသည်။နိဗ္ဗာန် သည်လည်း ဤတစ်လံမျှလောက် ကိုယ်ကာယ၌ပင် ဖြစ်ရပါမည်။ဒုက္ခ သည် ခန္ဓာငါးပါးနှင့် တခြားစီဟု မဆိုရပါ။နိဗ္ဗာန်သည်လည်း ခန္ဓာငါးပါး နှင့် တခြားစီဟုမဆိုရဟု မြတ်စွာဘုရား မိန့်ကြားခဲ့ပါသည်။

ဒုက္ခသည် ခန္ဓာနှင့်တဆက်တည်းဖြစ်ပါသည်။နိဗ္ဗာန်သည်လည်း ခန္ဓာနှင့် တဆက်တည်းဖြစ်ပါသည်။ဒုက္ခသည် ဥပါဒါနက္ခန္ဓာနှင့်စပ်၍ နိဗ္ဗာန်သည် အနုပါဒါနက္ခန္ဓာနှင့် စပ်ပါသည်။

ငြိမ်းသည်ဆိုသည်မှာ ဤတစ်လံမျှကိုယ်ကာယကြီး ကုန်ဆုံး ပျောက်ကွယ်ခြင်း မဟုတ်ပါ။ဤတစ်လံမျှကိုယ်ကာယပေါ်မှ ဒုက္ခများသာ ငြိမ်းရပါမည်။

ဒုက္ခသည် ရုပ်,ဝေဒနာစသော ဥပါဒါနက္ခန္ဓာ=ဤတစ်လံမျှကိုယ် ကာယ၌ ဖြစ်ပါသည်။နိဗ္ဗာန်သည် ရုပ်,ဝေဒနာစသော အနုပါဒါနက္ခန္ဓာ မှာ=ဤကိုယ်ကာယတစ်လံမျှ၌ ဖြစ်ပါသည်။

ထို့ကြောင့် ခန္ဓာနှင့်နိဗ္ဗာန် တခြားစီဟုမဆိုရခြင်း ဖြစ်ပါသည်။ ဒုက္ခသည် ဥပါဒါနက္ခန္ဓာနှင့် တဆက်တည်းဖြစ်သကဲ့သို့ နိဗ္ဗာန်သည် လည်း အနုပါဒါနက္ခန္ဓာများနှင့် တဆက်တည်းဖြစ်ပါသည်။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော ခန္ဓာများ ဥပါဒါန်ရှိ ပြီးဖြစ်လျှင် ဥပါဒါနက္ခန္ဓာဖြစ်၍ ဥပါဒါန်မရှိဘဲဖြစ်လျှင် အနုပါဒါနက္ခန္ဓာ ဖြစ်ပါသည်။

ထို့ကြောင့် ဒုက္ခရောက်သည်ဖြစ်စေ၊ နိဗ္ဗာန်ရောက်သည်ဖြစ်စေ

ခန္ဓာရှိကြရမည်သာ ဖြစ်ပါသည်။ဒုက္ခရောက်သောအခါ အနုပါဒါနက္ခန္ဓာများချုပ်၍ ဥပါဒါနက္ခန္ဓာပေါ်ပြီး၊ နိဗ္ဗာန်ရောက်သောအခါ ဥပါဒါနက္ခန္ဓာများချုပ်၍ အနုပါဒါနက္ခန္ဓာများပေါ်မည်။

ထို့ကြောင့် ဤကိုယ်ကာယ တစ်လုံးမျှကြီးဟူသော ခန္ဓာချုပ်မှ နိဗ္ဗာန်ပေါ်သည်၊ခန္ဓာနှင့်နိဗ္ဗာန်သည် ခန္ဓာချုပ်ခြင်းနှင့် နိဗ္ဗာန်ပေါ်ခြင်းတို့ အကြား အလပ်မရှိ၊တစပ်တည်းဖြစ်သည်ဟု တပည့်တော်တို့ သိမြင်ခဲ့ချက်များ ချွတ်ချော်ကျအောင် မှားနေပါသည်။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော ဤကိုယ်ကာယ တစ်လုံးမျှ၌ ဥပါဒါန်ရှိသောအဖြစ်သည် ဒုက္ခဖြစ်ပါသည်။ ဥပါဒါန်မရှိသောအဖြစ်သည် နိဗ္ဗာန်ရောက်ပါသည်။ထို့ကြောင့် နိဗ္ဗာန်သည် လူမသေမီနိဗ္ဗာန်၊ လူသေပြီးနိဗ္ဗာန်ဟူ၍ ကွဲပြားခြင်းမရှိ ဖြစ်ပါသည်။

နိဗ္ဗာန်သည် လူမသေမီသာ ဖြစ်နိုင်ခွင့်ရှိသောအရာ ဖြစ်ပါသည်။

တပည့်တော်များသည် လူသေပြီးနောက် ဘာမျှမဖြစ်သောသဘောကို နိဗ္ဗာန်ဟု ယူဆခဲ့ကြပါသည်။ထို့ကြောင့် တပည့်တော်တို့သည် ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိနှင့် နိဗ္ဗာန်ကို ကွဲပြားအောင်မခွဲခြားနိုင်သောဘဝ ရခဲ့ကြပါသည်။ထို့အပြင်လည်း တပည့်တော်တို့သည် နိဗ္ဗာန်နှင့်စပ်၍ အတွေးအမြင် အတွေ့အကြုံ မှားယွင်းခဲ့ကြပါသေးသည်။တဒင်္ဂ,ဝိက္ခမ္ဘနတို့အားဖြင့် ကိလေသာ,အာသဝများမှလွတ်မြောက်ပြီး ဒုက္ခငြိမ်းခြင်းများကိုလည်း နိဗ္ဗာန်ဟု ယူဆခဲ့မိကြပါသည်။

ဟုတ်ပါသည်ဘုရား။ ကာမဂုဏ်အာရုံများနောက် တကောက်ကောက်လိုက် နစ်မြှုတ်ထားနိုင်သောအခါ တပည့်တော်တို့ နစ်မြှုတ်ထားကြသော အာရုံများဖြင့် ရေချိန်ကိုက် ဝလင်ပြည့်ဖြိုးနေသောကြောင့်

ဆာလောင်မွတ်သိပ်ခြင်းဟူသော တဏှာ,သမုဒယ,အာသဝများမှ လွတ်မြောက်ပြီး အခိုက်အတံ့အားဖြင့် ငြိမ်းချမ်းခဲ့ကြပါသည်။ ဤသို့ လွတ်မြောက်ငြိမ်းချမ်းမှုကိုလည်း တပည့်တော်တို့သည် လောကနိဗ္ဗာန်ဟု မှတ်ယူခဲ့ကြပါသည်။အကယ်၍ မုန်တိုင်းကျလုနီးအချိန် လေများငြိမ်သက်ခြင်းကဲ့သို့ ငြိမ်းချမ်းခြင်းသဘောသာ ဖြစ်ပါလိမ့်မည်။

ထို့ပြင်လည်း ငါးပါးအာရုံ ကာမဂုဏ်ကို အမျှော်ထား၍ ဒါန, သီလ,ဘာဝနာများ အားထုတ်သောကြောင့်လည်း တပည့်တော်များသည် ကိလေသာ,အာသဝများမှလွတ်မြောက်ပြီး အခိုက်အတံ့အားဖြင့် ငြိမ်းချမ်းကြပါသည်။ဤငြိမ်းချမ်းခြင်းကိုလည်း နိဗ္ဗာန်ဟု မှတ်သားနာယူခဲ့ကြပါသည်။အမှန်အစစ်၌ ဤနိဗ္ဗာန်သည်လည်း အမျှော်,အကြောက်ဟူသော အာရုံငါးပါး ကာမဂုဏ်တရားဖြင့် တည်ဆောက်ထားသောကြောင့် နိဗ္ဗာန်အစစ်မဟုတ်၊ဒုက္ခပင် ဖြစ်ပါသည်။

နတ်ဝင်သည်၏ ရယ်ခြင်း၊ရွှင်ခြင်း၊ပျော်မြူးခြင်းကဲ့သို့ ကိုယ်တိုင်ရယ်ရွှင်ပျော်မြူးသော်လည်း၊ တကယ် ကိုယ်တိုင် ရယ်ရွှင်ပျော်မြူးခြင်းကို မရသောကြောင့် ဖြစ်ပါသည်။ဝိက္ခမ္ဘနအားဖြင့် ကိလေသာအာသဝများ လွတ်မြောက်ငြိမ်းချမ်းရာ၌လည်း တပည့်တော်တို့သည် ဤလွတ်မြောက်ငြိမ်းချမ်းမှုကိုလည်း နိဗ္ဗာန်ဟုပင် မှတ်ထင်ခဲ့ကြပါသည်။

ရုပ်,ဝေဒနာအစရှိသော အာရုံတစ်ခုခု၌ စိတ်ကိုမပြန့်လွင့်အောင် ရှုမှတ်ကြသော တပည့်တော်တို့သည် ရှေးဦးစွာ စျာန်အင်္ဂါငါးပါးရှိသော ပဌမစျာန်ဖြစ်အောင်ရှုမိချိန်၌ အရှုခံအာရုံသည် ပျောက်ချည်တစ်ခါ၊တွေ့ချည်တစ်လှည့် ဖြစ်နေခဲ့ပါသည်။ဒုတိယစျာန်ဖြစ်ချိန်၌ အသိနှေးနှေးဖြင့် မပျောက်ဘဲ တွေ့နေခဲ့ပါသည်။တတိယစျာန်ရောက်ချိန်၌ အသိလျင်လျင်

ဖြင့် မပျောက်ဘဲ တွေ့နေခဲ့ပါသည်။

စတုတ္ထစျာန်၌ကား အရှုခံအာရုံနှင့် ရှုစိတ်ထပ်ပြီး အာရုံပျောက်ပါသည်။တပည့်တော်က ရုပ်ရှုလျှင် ရုပ်ပျောက်ပါသည်။ဝေဒနာစသည်ရှုလျှင် စတုတ္ထစျာန်ရောက်ချိန်၌ ဝေဒနာသည် ပျောက်ပါသည်။

ဤသို့ အရှုခံအာရုံပျောက်သောကြောင့် တွေးခေါ်စရာအမှတ်သညာအားလုံး ကင်းခဲ့ပါသည်။ဤအခါ၌လည်း ကိလေသာ,အာသဝများလည်း လွတ်မြောက်ငြိမ်းချမ်းနေပါသည်။ဤငြိမ်းချမ်းမှုသည် ဝိက္ခမ္ဘနအားဖြင့် ငြိမ်းချမ်းခြင်းသာ ဖြစ်ပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် ဤလွတ်မြောက်ငြိမ်းချမ်းမှုကို နိဗ္ဗာန်ဟုပင် မှတ်ယူခဲ့ကြပါသည်။အမှန်အစစ်၌ ဤသို့ လွတ်မြောက်ငြိမ်းချမ်းမှုသည် ဒုက္ခသာဖြစ်ပါသည်။အဘယ့်ကြောင့်ဆိုသော် ရုပ်,ဝေဒနာစသည် တစ်ခုခု၌ စိတ်ကိုမပြန့်လွင့်အောင် ရှုခြင်းသည် အတွေး,အသိ,အမှတ်သညာ အထွေထွေကို စက်ဆုတ်နှလုံးနာအောင် လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။သညာဝိရာဂဖြစ်အောင် လေ့ကျင့်ခြင်းဟု လျှောက်ထားရပါမည်။

ထို့ကြောင့် ဤလေ့ကျင့်ခန်းအောင်၍ အရှုခံအာရုံပျောက်ခြင်း၊ ဘာမျှမတွေးမိခြင်း၊ မတွေးမိသည့်အလျောက် ကိလေသာ,အာသဝများမှ လွတ်မြောက်ခြင်းများသည် ရူပစျာန်ကို ပွားစီးမိခြင်း ဖြစ်သည်။ကိလေသာ,အာသဝများကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် ဤငြိမ်းချမ်းမှုသည် အညာပျက်ခြင်း(အသည)ဖြင့် နိဂုံးချုပ်ရန်သာဖြစ်၍ ဒုက္ခအစစ်သာ ဖြစ်ပါသည်။လုံးဝ နိဗ္ဗာန်နှင့်မစပ် အပဋိဃတ်ဖြစ်ပါသည်။

နောက်တစ်မျိုးအားဖြင့်လည်း တပည့်တော်တို့သည် ရုပ်ဒြပ်မဲ့သော အာရုံတစ်ခုခု၌ စိတ်ကို မပြန့်လွင့်အောင်လည်း ရှုခဲ့ကြပါသေးသည်။ရုပ်ဒြပ်များမရှိကြောင်း စိတ်ဖြင့်တည်ဆောက်ထား၍သာ ရုပ်များသည် ကြိုက်ဘွယ်,မုန်းဘွယ် အစဉ်အမျိုးမျိုး ထင်နေရခြင်းဖြစ်ကြောင်း၊ လောကသည် ပကတိအားဖြင့် ဘာမျှမရှိကြောင်း ရှုပွားခဲ့ကြပါသည်။ လောက၌ ငါကောင်၊သူကောင်၊ တော,တောင်,ရေ,မြေများသည် စိတ်သာဖြစ်ကြောင်း ထင်လာပြီးချိန်၌ တပည့်တော်တို့သည် ကိလေသာ,အာသဝများမှ လွတ်မြောက်ပြီး ဒုက္ခများငြိမ်းကြပါသည်။

ဤသို့လွတ်မြောက်ငြိမ်းချမ်းခြင်းသည်လည်း နိဗ္ဗာန်ဖြစ်သည်ဟု တပည့်တော်တို့ ထင်ကြပါသည်။အမှန်စင်စစ်၌ ဤနိဗ္ဗာန်သည်လည်း နိဗ္ဗာန်အစစ်မဟုတ်၊ ဒုက္ခသာဖြစ်ပါသည်။အဘယ့်ကြောင့်ဆိုသော် ရုပ်မဲ့အာရုံများ ရှုပွားမှုဖြင့် ကိလေသာငြိမ်းခြင်းများသည် လောက၌ အကယ်ရှိသော ရုပ်ပစ္စည်းများ၊ အဖြစ်အပျက်ကို အမှန်အတိုင်း မရှုမြင်မသုံးသပ်ဘဲ ရူပဝိရာဂအဖြစ် လုပ်ပစ်ခဲ့မိသောကြောင့် ငြိမ်းခဲ့ကြခြင်းသာ ဖြစ်ပါသည်။ဝိက္ခမ္ဘနငြိမ်းခြင်းမျှသာ ဖြစ်ပါသည်။

လောက၌ ရုပ်,နာမ်ဟူသော ခြေနှစ်ချောင်းရှိရာ ဆူးခလုတ်အထိသက်သာအောင် တစ်ချောင်းချောင်းဖြစ်သော ရုပ်ကိုဖြစ်စေ၊နာမ်ကိုဖြစ်စေ မြှောက်ထားခြင်းအားဖြင့် တစ်ချောင်းသာထောက်သွားသူကဲ့သို့ အကယ်မငြိမ်းချမ်းဘဲ ဆင်းရဲဒုက္ခသာ ဖြစ်ရာပါသည်။

မြတ်စွာဘုရား......

တပည့်တော်တို့သည် ဤသို့ပင် နိဗ္ဗာန်ကို နိဗ္ဗာန်အတုများဖြင့် မှားယွင်းခဲ့ကြပါသည်။တပည့်တော်များ သိခဲ့ကြသောနိဗ္ဗာန်သည်__

သေပြီး နောက်အတွက် စိတ္တဇဖြစ်နေသူ နောင်ဘဝသမား, ဥစ္ဆေဒဝါဒီများ၏နိဗ္ဗာန်၊ ကာမသမားတို့၏နိဗ္ဗာန်၊ ရူပဝါဒီတို့၏နိဗ္ဗာန်၊ အရူပဝါဒီတို့၏နိဗ္ဗာန်။ထိုနိဗ္ဗာန်၊ဤနိဗ္ဗာန်၊အနှီနိဗ္ဗာန်များ ဖြစ်နေခဲ့ကြပါသည်။

မြတ်စွာဘုရားသည် လူ၌ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းသည်၏အဖြစ်သည်သာ နိဗ္ဗာန်ဟု ဆိုပြတော်မူခဲ့ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား.......

တပည့်တော်တို့သည် အသျှင်ဘုရား၏တပည့်သားများဖြစ်လျှက် နိဗ္ဗာန်အမှားတို့ဖြင့် အသျှင်ဘုရားအား စွပ်စွဲဖျက်ဆီးသကဲ့သို့ ပြုမိခဲ့ကြပါသည်။ဤအမှားအတွက် တပည့်တော်များ နောင်အဘန်ဘန် ပူပန်ရပါသည်။ထို့ကြောင့် အသျှင်မြတ်ဘုရားအား ဤအမှားများအတွက် ထိပ်ထက်မှာ လက်စုံမိုးပြီး ရိုကျိုးဦးညွှတ်လျှက် အထပ်ထပ် ရှိခိုးကန်တော့ရပါမည် အသျှင်ဘုရား။

အနန္တကျေးဇူးတော်သခင် မြတ်စွာဘုရားသျှင်သည် တပည့်တော်တို့၏ ဤသို့ လက်စုံမိုး၍ ရှိခိုးကန်တော့သည်ကို သနားသောအားဖြင့် လက်ခံတော်မူပါဘုရား.......။

နိရောဓသေစ္စာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



## ဒုက္ခသစ္စာ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်မြတ်ဘုရား ဟောကြားပြသ ဆုံးမလမ်းညွှန်ခဲ့သော နိဗ္ဗာန်၌ အဘိုးမတန်လူမဆန်အောင် တပည့်တော်များ သိမြင်ခဲ့သည်များအတွက် အပြစ်ကို အပြစ်အလျောက်သိမြင်ပြီး အသျှင်ဘုရားထံဝန်ချကာ ရိုသေညွှတ်ကျိုး ရှိခိုးလျှောက်ခဲ့ပါပြီ။နောက်ထပ်တဘန် အသျှင်ဘုရားညွှန်ကြားခဲ့သော အရိယာတို့သိအပ်သော လောက(သို့မဟုတ်) ဒုက္ခ၌ တပည့်တော်တို့ ဉာဏ်အမြင်မှုန်ဝါး လွဲမှားခဲ့ချက်အတွက် ဆက်လက်ရှိခိုး ညွှတ်ကျိုးဝန်ချ ကန်တော့ရပါမည်ဘုရား...။

တပည့်တော်တို့၏အမြင်၌ အရိယာတို့သိအပ်သော လောကသည် ရုပ်လောက၊နာမ်လောက၊ ပရမတ္ထသစ္စာများ၏ ဥပါဒ်,ဌီ,ဘင် အစဉ်ရွေ့လျား ပျက်ပြားဖြစ်ပေါ်နေခြင်းများဟူ၍ ဖြစ်ခဲ့ပါသည်။ထွက်လေဝင်လေကိုပင် ရှုရှု။ သွားခြင်း,လာခြင်း,လှုပ်ရှားခြင်းကိုပင် ရှုရှု။ အဘယ်ရှုကွက်မဆို၌ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်များ၏ ဆိုခဲ့ပြီးသော သဘောအထိ သက်ဝင်မိအောင် ရှုကြည့်ခဲ့ကြပါသည်။

အသျှင်မြတ်ဘုရားဟောကြားချက်၌ အရိယာတို့သိအပ်သော လောကသည် ဒုက္ခအရိယသစ္စာများဖြစ်သော်လည်း တပည့်တော်တို့၏ မိုက်သောအမြင်၌ အရိယာတို့သိအပ်သောလောကသည် ရုပ်လောက၊ နာမ်လောကဟုဆိုအပ်သော ရုပ်,နာမ်ပရမတ္ထသစ္စာ ဖြစ်နေခဲ့ပါသည်။

တပည့်တော်တို့သည် အသျှင်မြတ်ဘုရားအား ယုံကြည်ကိုးစား သဒ္ဓါပွားသော်လည်း အကျင့်အကြံမရှိသည်အလျောက် အမြင်အားဖြင့်

ချွတ်ခြုံကျအောင် မှားခဲ့ကြပါသည်။ ဒုက္ခအရိယသစ္စာသည် ရုပ်,နာမ် ပရမတ္ထသစ္စာနှင့် အတူမခြား တစ်ပါးတည်းဟုပင် ရိုးသားစွာ မှတ်ထင်မိခဲ့ ကြပါသည်။

ထို့ကြောင့် ရုပ်,နာမ်ပရမတ္ထသစ္စာများကို အကွက်မလပ်အောင် ရှုမှတ်ပွားများခဲ့ကြပါသည်။ပွားများသောအခါလည်း ပရမတ္ထသစ္စာဉာဏ် အမြင်များ သိသိသာသာ ရှင်သန်ကြီးထွားကြပါသည်။ပရမတ္ထသစ္စာ၏ အကျိုးတရားဖြင့်လည်း ဖြစ်ပွားမှုများကို ကိုယ်တွေ့ဒိဋ္ဌ တွေ့မြင်ရပါသည်။

ရုပ်ဓာတ်,နာမ်ဓာတ်ပရမတ်များသည် ဥပါဒ်,ဌီ,ဘင်ဟူသော အ ဖြစ်,အပျက်နှင့်မကင်းသည့်အလျောက် ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်တစ် ခုခုကို ရှုပွားရာ၌လည်း ထိုရုပ်ဓာတ်နာမ်ဓာတ် ပရမတ်များ၏ အဖြစ်ကို လည်းကောင်း၊ အပျက်ကိုလည်းကောင်း မလွဲမသွေ တွေ့မြင်ရပါသည်။

ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်များသည် မဖြစ်ပေါ်မီကလည်း မရှိ။ ဖြစ်ပေါ်ပြီးနောက်လည်း မရှိ။ဖြစ်ပေါ်ဆဲလည်း မမြဲသောသဘောရှိသော အနိစ္စသဘောများသာ တကား။ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်များသည် မမြဲခြင်းများ၏ မပြတ်နှိပ်စက်ခြင်းကိုခံနေရသော ဒုက္ခသဘောရှိသော တရားများသာ တကား။ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်များသည် အစိုးအ ပိုင်မရသော အနတ္တသဘောရှိသောတရားများသာ တကား။တပည့်တော် တို့၏ ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်တို့၏ ဤသို့သောသဘောကို ကိုယ် တိုင်ဒိဋ္ဌ တွေ့မြင်ခဲ့ကြပါသည်။

ထို့ကြောင့် အသျှင်မြတ်ဘုရား ဟောကြားညွှန်ပြခဲ့သော ဒုက္ခ အရိယသစ္စာအတွက် လက္ခဏာသုံးချက်ဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တ များကို ပေါက်မြောက်သိမြင်ခြင်းဟု မမှိတ်မသုန် ယုံကြည်ခဲ့ကြပါသည်။

ထို့ကြောင့် ဤလက္ခဏာများကို ဆထက်ထမ်းပိုး တိုး၍ပွားများခဲ့ကြပါသည်။တပည့်တော်တို့သည် အဘယ်မျှပွားသော်လည်း အနိစ္စသည်လည်း မဆုံး။ဒုက္ခသည်လည်း မဆုံး။အနတ္တသည်လည်း မဆုံးဖြင့် မိုးမဆုံးမြေမဆုံးဆိုသကဲ့သို့ တရား ချာချာလည်ခဲ့ရပါသည်။

တပည့်တော်တို့သည် အသျှင်ဘုရား၏ အညွှန်းသိုက်စာဖြစ်သော သစ္စာအရ ဒုက္ခရှုလျှင် ဒုက္ခမြင်မည်။ဒုက္ခမြင်လျှင် ဒုက္ခမုန်းမည်။ ဒုက္ခမုန်းလျှင် ဒုက္ခဆုံးမည်။ အနိစ္စ၊အနတ္တတို့၌လည်း ဤနည်းတူဖြစ်ပါသည်။ဤသို့ပင် အနိစ္စ၊ဒုက္ခ၊အနတ္တများကို ရှုပွားကြသော်လည်း အနိစ္စကိုဆိုက်လို၍ ဒုက္ခ၊အနတ္တတို့ကိုဆိုက်လို၍ ရှုပွားခဲ့ကြခြင်းများ မဟုတ်ပါ။ အနိစ္စဆုံးလို၍၊ဒုက္ခ,အနတ္တဆုံးလို၍ ရှုပွားခဲ့ခြင်းများဖြစ်သည်ဟု လျှောက်ထားရပါမည်။

ထိုသို့ဖြစ်သော်လည်း ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်တစ်ခုခုကို ရှုပွားရာ၌ အနိစ္စသည် မဆုံးပါ။ဒုက္ခ,အနတ္တလည်း မဆုံးပါ။ဆုံးရန်လမ်းစပင်မထင်နိုင် ရှိရပါသည်။

တပည့်တော်တို့၏ရှုပွားချက်သည် ဤသို့ ချာချာလည်နေသော်လည်း ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်လောက၏ အနိစ္စအဖြစ်၊ဒုက္ခ,အနတ္တအဖြစ်များကား လူပြောသူပြောမဟုတ်၊ကိုယ်တိုင်မြင်ထး၍ ထင်ရှားသောအရာ ဖြစ်ခဲ့ပါသည်။ထို့ကြောင့် ရှုပွားမှုကို လက်လွှတ်ရန်လည်းမဖြစ်နိုင်ရှိနေခဲ့ရပါသည်။ထို့ကြောင့် ရှုပွားမှုကို ဆထက်ထမ်းပိုး တိုး၍ပြုခဲ့ကြပါသည်။

ကြာသောအခါ၌ တပည့်တော်များသည် ဘာရည်ရွယ်ချက်မျှ မထားတတ်သူများအဖြစ်များ ဖြစ်လာခဲ့ပါသည်။

"လောကကြီးသည် ဘာမျှမဟုတ်။ငါလည်း မဟုတ်။သူလည်း မဟုတ်။ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါပင် မဟုတ်။ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်များသာ ဟုတ်၏"-ဤသို့မြင်လာသည်ကိုလည်း တရားအမြင်ရ လာခြင်းဟု တပည့်တော်များ မှတ်ထင်ခဲ့ကြပါသည်။ထင်မှတ်စရာလည်း ဖြစ်ပါသည်။

ကြောက်ခြင်း,မက်ခြင်းများသည် တပည့်တော်များ၌ အဓိပ္ပါယ် ပြောင်းသွားခဲ့ပါသည်။ကြောက်သူ,မက်သူ၊ ငါဆိုတာဘာလဲ?ဆိုတာ ဤသို့ မေးစစ်ရှာဖွေသောအခါ မရသောကြောင့် အဓိပ္ပါယ်ဖော်လောက် အောင် ကြောက်စရာနှင့် မက်မောစရာ မရှိသကဲ့သို့ ဖြစ်လာပါသည်။

ထိုသို့ဖြစ်သော်လည်း မကောင်းသောအပြုအမူများကို ပြုသူနှင့် အပြုခံသူသာ ရှာဖွေမရရုံမျှမဟုတ်တော့ဘဲ ကောင်းသောအမှုပြုသူနှင့် အပြုခံရသူများလည်း ရှာဖွေမရ ဖြစ်လာပါသည်။

ထိုသို့ ရှာဖွေမရသောကြောင့် ပြုသူ၏အမှုဖြစ်သော ကောင်းမှု, မကောင်းမှုသည်လည်း ပြုသူမရှိသောကြောင့် မရှိ ဖြစ်လာပါသည်။ဤသို့ ဖြင့် တပည့်တော်များသည် ကောင်းမှု,မကောင်းမှုများ၌ အဓိပ္ပါယ်မရှိ ဖြစ်လာပါသည်။အကိရိယဝါဒတွင်း ချဉ်းနင်းခဲ့ကြပါသည်။

ကောင်းမှု,မကောင်းမှုပြုလုပ်ခြင်းကို အဓိပ္ပါယ်မရှိ မြင်သောအခါ ၌လည်း တပည့်တော်များသည် လောကကိုကပ်ဖဲ့တိုက်နေမိပြီဟု သံဝေဂ တရား မဖြစ်ပွားနိုင်အောင် မိုက်နေကြပါသေးသည်။ငါတို့သည် ကုသိုလ်, အကုသိုလ်ကို စွန့်ပြီးသူ၊ကြိယာမတ္တ(ရဟန္တာ)ပုဂ္ဂိုလ်ဖြစ်ရေးဟုပင် အထင် ကြီးမိနေသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဆက်လက်ရှုပွားသောအခါ ကောင်းမှု,မကောင်းမှု၏

ပြုကြောင်းနှင့် ပြုကျိုးများအထိပင် အသိအမှတ်မပြုနိုင်တော့ဘဲ ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်တရားတော်များ၏ အခြေအနေအရ ဖြစ်ပွားချက်များဟု ပြုကြောင်းမူလမရှိဟူသော အဟေတုကဝါဒီနှင့် ပြုကျိုးမရှိဟုယူသော နတ္ထိကဝါဒီများ ဖြစ်ပွားခဲ့ရပါသည်။

တပည့်တော်များသည် ဤအတိုင်းသာ ဆက်လက်၍ရှုပွားနေလျှင် နိယတမိစ္ဆာဒိဋ္ဌိအစစ် အဖြစ်ကြီးဖြစ်ရတော့မည်မလွဲ ဖြစ်ပါသည်။ တပည့်တော်တို့၏အမှားသည် အစပဌမ၌ အလှမ်းမဝေးလှသောအမှား၊ အနည်းငယ်မျှသာဖြစ်သောအမှား ဖြစ်ပါသည်။နောက်ဆုံးကား တစ်ခုနှင့်တစ်ခု မဆုံစည်းနိုင်တော့အောင် ဖြစ်ပါသည်။

တပည့်တော်တို့ ကြာကြာဝါးသောကြောင့် ခါးမှန်းကို ရိပ်မိခဲ့ကြပြီ။သျှင်တော်မြတ်ဘုရားသည် တပည့်တော်တို့အား ငြိမ်းအေးခြင်းသို့ ဆိုက်စေလိုတော်မူခဲ့ပါသည်။ငြိမ်းအေးလိုလျှင် မငြိမ်းအေးမှုကို ပိုင်းခြားထင်ထင် သိမြင်ရမည်မှာ သဘာဝကျပါသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် တပည့်တော်များအား ငြိမ်းအေးရန်၊ တပည့်တော်များကို လောက၏ မငြိမ်းအေးခြင်းလက္ခဏာများဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော “ကျဆုံးခြင်း၊ဆင်းရဲခြင်း၊အစိုးမရခြင်း” သဘောများကို ညွှန်ပြပါသည်။

ဤမငြိမ်းအေးခြင်းလက္ခဏာများသည် အစွဲအလန်းရှိသောလူ၌ ဖြစ်ပွားနေသောလက္ခဏာများ ဖြစ်ပါသည်။အစွဲအလန်းရှိသောလူသည် မငြိမ်းအေးကြောင်းတရားများ ပွားများဆည်းပူးမိလျှင် မငြိမ်းအေးခြင်းလက္ခဏာများဖြစ်သော အနိစ္စလက္ခဏာ၊ဒုက္ခလက္ခဏာများ အစွဲအလန်းရှိသူ၌ ထင်လာပါသည်။

အစွဲအလန်းရှိလူ၌ဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာများနှင့် ရုပ်,နာမ်၌ဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာများသည် အခြားနား ကြီးခြားနားကြောင်း တပည့်တော်များ နားလည်သဘောပေါက်ပါပြီ။

လူသည် ရုပ်,နာမ်ဖြင့်သာ တည်ဆောက်ထားသော်လည်း ရုပ်, နာမ်သည် လူမဟုတ်ပါ။ဤသို့ပင် လူနှင့်ရုပ်,နာမ် ခြားနားကြောင်း သ ဘောပေါက်ရပါမည်။

ဉပမာအားဖြင့်__ အိုးများသည် မြေဖြင့်သာ ပြုလုပ်ထားသော် လည်း မြေများသည် အိုးမဟုတ်သောကြောင့် အိုးနှင့်မြေ ခြားနားသကဲ့သို့ ဖြစ်ပါသည်။ထို့ကြောင့်__

လူ၏ အနိစ္စ၊ဒုက္ခ၊အနတ္တသည် ရုပ်,နာမ်၏ အနိစ္စ၊ဒုက္ခ၊အနတ္တ နှင့် သီးခြားဖြစ်ပါသည်။

ရုပ်,နာမ်တို့၏ အနိစ္စ၊ဒုက္ခ၊အနတ္တသည် ရုပ်,နာမ်တို့၏ ဥပါဒ်၊ဌီ၊ ဘင် အဖြစ်,အပျက်သဘောများသာ ဖြစ်ပါသည်။

အစွဲအလန်းရှိသောလူ(ဥပါဒါနက္ခန္ဓာရှိသူ)၏ အနိစ္စ၊ဒုက္ခ၊အနတ္တ လက္ခဏာများသည် လူ၏ ချစ်သူနှင့်အကွဲခံရခြင်း(ပိယေဟိ ဝိပ္ပယော ဂေါ)၊ မုန်းသူနှင့်အတွဲခံရခြင်း(အပ္ပိယေဟိ သမ္ပယောဂေါ)၊ ကျဆုံးခံရ ခြင်း(အနိစ္စ)၊ ဆင်းရဲခံရခြင်း(ဒုက္ခ)၊ ကိုယ်စိုးမရခံရခြင်း(အနတ္တ)- ဤ အဖြစ်,အပျက်သဘောများသာ ဖြစ်ပါသည်။

အရိယာတို့သိအပ်သောလောကသည် လူ့မငြိမ်းအေးခြင်းလက္ခ ဏာဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တ အဖြစ်,အပျက်လောက ဖြစ်ပါသည်။ ရုပ်,နာမ်တို့၏ ဥပါဒ်၊ဌီ၊ဘင်လက္ခဏာဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တ အဖြစ်,အပျက်လောက မဟုတ်ပါ။

အရိယာတို့သိအပ်သောလောကကို မြတ်စွာဘုရားသည် တပည့်တော်တို့အား ညွှန်ပြခဲ့ပါသည်။အစွဲအလန်းရှိသူလူ၏ မငြိမ်းအေးခြင်း သွင်ပြင်လက္ခဏာဖြစ်သော ကျဆုံးခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းများကို အချိန်တိုင်း အချိန်တိုင်း၊ အဖြစ်တိုင်း၌ ပြန့်နှံ့သည်အထိ ရှုပွားရမည်ဟု ဖြစ်ပါသည်။

တပည့်တော်တို့သည် မြတ်စွာဘုရားညွှန်ပြထားသည့်အတိုင်း ဤ လူ့အစွဲအလန်းကြောင့်ဖြစ်သော မငြိမ်းအေးခြင်းလက္ခဏာ အနိစ္စ စသည်ဖြစ်သော ဥဒယဗ္ဗယသဘာဝများကို ရှေ့,နောက်,လက်ငင်း၊ ပြင်, တွင်း-နီး,ဝေး၊ယုတ်,မြတ်-ကြမ်း,နုပါ မရွေးဘဲ ပိုင်းခြားသိမြင်လျင် မငြိမ်းအေးခြင်း၏လက်သည် အစွဲအလန်းကိုပယ်မည် မုချဖြစ်ပါသည်။

ဤသို့ပယ်လျင် အစွဲအလန်းများ မရှိသောကြောင့် လူသည် မငြိမ်းအေးခြင်းလက္ခဏာများဖြစ်သော အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော ဥဒယဗ္ဗယခပ်သိမ်း ချမ်းငြိမ်းလွတ်မြောက်ပါမည်။ အစွဲအလန်း မရှိသူသည် နိစ္စဓူဝဖြစ်သော နိဗ္ဗာန်၊သန္တိသုခဖြစ်သော နိဗ္ဗာန်၊နိဿရဏ,အတ္တဖြစ်သော နိဗ္ဗာန်- ဤနိဗ္ဗာန်များ ဖြစ်ကြပါသည်။လူ၌ အနိစ္စ၊ဒုက္ခ၊အနတ္တများ မရှိတော့ပါ။

ဗုဒ္ဓအသျှင်မြတ်ဘုရား......

အသျှင်ဘုရားညွှန်ပြခဲ့သော သိအပ်သောလောကကို တပည့်တော်များ ကြိုးစားလေ့လာ သိမြင်အပ်သောသဘော မဟုတ်ဘဲ၊ ထိုရုပ်ဓမ္မ,နာမ်ဓမ္မ ပရမတ္ထမှ မကောင်းညစ်ကျူး ပြစ်မှု၏အဖြစ်များသည်သာလျင် တပည့်တော်များ လေ့လာသိမြင်အပ်သောလောက ဖြစ်ပါသည်။ မကောင်းညစ်ကျူး ပြစ်မှုအဖြစ်များသည် ရုပ်ဓမ္မ,နာမ်ဓမ္မ ပရမတ္ထအား

ဖြင့် ရေတွက်၍ရသော်လည်း ဤသို့ရေတွက်၍ရသောကြောင့် ရုပ်ဓမ္မ, နာမ်ဓမ္မ ပရမတ္ထများကို မကောင်းညစ်ကျုံးပြစ်မှုများဟု ပညာမဟုတ်သည်ကို ပညာလုပ်မိခဲ့ခြင်းအတွက် ရှက်ဘွယ်ဖြစ်လှပါသည်။

ရုပ်ဓမ္မ,နာမ်ဓမ္မ ပရမတ္ထတိုင်းသည် မကောင်းညစ်ကျုံး ပြစ်မှုများ မဟုတ်ပါ။မကောင်းညစ်ကျုံး ပြစ်မှုအချို့သည်သာ ရုပ်,နာမ်ပရမတ္ထ ဖြစ်ပါသည်။ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဟူသော အဖြစ်မျိုးမှာ မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်မျိုး ဖြစ်ပါသည်။

တပည့်တော်များသည် ရုပ်,နာမ်ပရမတ္ထအဖြစ် အရကောက်နိုင်သော မကောင်းညစ်ကျုံး ပြစ်မှုများကို မရနိုင်သောကြောင့် ရုပ်,နာမ်ပရမတ္ထအားလုံးကို မုန်းခဲ့ကြသည်အထိ မိုက်ခဲ့ကြပါသည်။ရုပ်,နာမ်ငြိမ်းမှ အေးမည်၊ ရုပ်,နာမ်မရှိမှ အေးမည်ဟုပင် မုန်းခဲ့,ရမ်းခဲ့ကြပါသည်။အရိယာတို့သိအပ်သောလောကသည် ရုပ်,နာမ်ဓမ္မ ပရမတ္ထဖြစ်သည်-ဤသို့ပင် ကန်းခဲ့ကြပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် ရုပ်,နာမ်ကို အရအမိ ရှုကြည့်ခဲ့ကြခြင်း ဖြစ်ပါသည်။ဤသို့ ရုပ်,နာမ်ကိုရှုကြည့်ရာ၌ ရုပ်ဓမ္မပရမတ္ထနှင့် နာမ်ဓမ္မပရမတ္ထသည် တစ်ခုတစ်ခြား ကွဲပြားလာပါသည်။တပြိုင်နက် ရှုပွား၍မရနိုင်အောင် ဖြစ်လာပါသည်။

အသက်ရှူသည်ကိုပင် ရှုလျှင်ပင် ရှုခြင်းသည်က-နာမ်၊ ရှုသည်က-ရုပ်။ဤသို့ နှစ်တန်မကွဲအောင် တွဲ၍ရှုခဲ့ရပါသည်။အဘယ်ကြောင့်ဆိုသော် ရုပ်ချည်းရှုမိလျှင် သညာဝိရာဂလမ်း၊ နာမ်ချည်းရှုမိလျှင် ရူပဝိရာဂလမ်း။ဤသို့ တစ်စွန်းတစ်လမ်း ကပ်သွားမိပြီး ရူပါရူပတစ်ခုဘက် သက်ရောက်သွားမည်ကို စိုးကြောက်သောကြောင့် ဖြစ်ပါသည်။

ထိုသို့ပင်ကြောက်သော်လည်း ရုပ်နှင့်နာမ်မကွဲအောင် တွဲ၍ရှုကြည့်မှုသည် မအောင်မြင်နိုင်အောင် ရှိခဲ့ပါသည်။ ရုပ်ရှုခိုက် နာမ်မမြင်။ နာမ်ရှုခိုက် ရုပ်မမြင်။ရုပ်တစ်လှည့် နာမ်တစ်လှည့် ရှုမိသကဲ့သို့သာ ဖြစ်နေခဲ့ပါသည်။

ဤသို့ အစပဌမရှုပွားမှု အမှားသေးသေးငယ်ငယ်သည် ရုပ်သက်သက်ရှုမိမှု၊ နာမ်သက်သက်ရှုမိမှုဟူသော ကြီးကြီးမားမားအဖြစ်များကို ဖြစ်စေခဲ့ပါသည်။နိဂုံးချုပ်သောအခါ ရုပ်သက်သက်ရှုမိမှုဘက် လဲမသွားအောင်နှင့် နာမ်သက်သက်ဘက် လဲမသွားအောင် မတတ်နိုင် ရှိစေပါသည်။

ရုပ်သက်သက်ရှုမိမှုဘက် လဲကျသောအခါ ရုပ်လောကကို အရိယာတို့သိအပ်သောလောကဟု မြင်လာပါသည်။ထိုအခါ လောကအပေါ်သဘောထားများမှာ အောက်ပါအတိုင်း ဖြစ်လာပါသည်__

ရောက်သည့်အရပ်မှာ ပျော်အောင်နေ။ရတာလေးနှင့် ဝအောင်စား။ရှိတာလေးနှင့် လှအောင်ဝတ်။တွေ့သည့်သူနှင့် တဲ့အောင်ပေါင်းဟူ၍ ဖြစ်လာပါသည်။

ဤသို့ဖြစ်လာသည်ကို အသျှင်ဘုရားတို့ဟောကြားခဲ့သော သန္တုဋ္ဌိတရားနှင့်ပြည်စုံအောင်နေခြင်းဟုပင် ထင်မှတ်လွဲခဲ့ပါသေးသည်။သန္တုဋ္ဌိမင်္ဂလာတရားတော်သည် အသျှင်ဘုရား၏ မဇ္ဈိမပဋိပဒါတရားတော်ဖြစ်ပါသည်။

ရတာလေးနှင့် ဝဝစားခြင်း၊ရှိတာလေးနှင့် လှလှဝတ်ခြင်း၊ အစရှိသောအဖြစ်သည် တွေးချင်ရာတွေး စိတ်မလေးနှင့်၊ ဖြစ်ချင်ရာဖြစ် စိတ်မညစ်နှင့်၊ ရုပ်အရှိအတိုင်း ဖြစ်ရမည်ဟု ရုပ်လောကကိုသာ အရှိထား

၍ နာမ်လောကကို ဒုက္ခဖြစ်ကြောင်း သမုဒယထားသော အစွန်းလမ်း တစ်ပါးပင် ဖြစ်ပါသည်။

တွေးချင်ရာတွေးနေသောကြောင့် စိတ်လေးခြင်းဆင်းရဲဒုက္ခ ရောက်ရသည်။ထို့ကြောင့် တောတွေးတောင်တွေးမတွေးဘဲ နေရမည်။ ဖြစ်ချင်ရာဖြစ်နေသည်ကို စိတ်ညစ်နေလျှင် ဆင်းရဲမည်။ထို့ကြောင့် ရုပ် အခြေအနေအရ ဖြစ်ချင်သလိုဖြစ်သည်ကို စိတ်ညစ်ခြင်းဟူသော စိတ် များမဖြစ်အောင် နေရမည်။ရုပ်သက်သက်ရှုမိမှုဘက် လဲကျသောအခါ ရုပ်အရှိသာလျှင် အရိယာတို့သိအပ်သောလောကဖြစ်ပြီး အတွေးများကို အရိယာတို့ကျော့ခိုင်းအပ်သောလောကဟု မှတ်ချက်ချပါသည်။

နာမ်သက်သက်ရှုမိမှုဘက် လဲကျသောအခါ နာမ်သာလျှင် အရိ ယာတို့သိအပ်သောလောကဟု မြင်လာပါသည်။ထိုအခါ၌လည်း လော ကအပေါ်သဘောထားများမှာ လောက၌ အိုး၊ပုဆိုးအစရှိသော အရာ ဝတ္ထုများသည် အကယ်ရှိသောအရာဝတ္ထုများ မဟုတ်ကြ။စိတ်အတွေးမျှ သာဖြစ်သည်ဟု သဘောထားပါသည်။

ထို့အပြင် ထိုအတွေး အိုး၊ပုဆိုးစသည်တို့သည်လည်း အကယ်ရှိ သောအရာများမဟုတ် ဖြစ်ပြီး၊ ဘာမျှမရှိအောင် ပျက်နေသောအရာသာ ဖြစ်သည်။ဤသို့သိနေသောအသိသည်သာ မြတ်သည်၊မှန်သည်ဟူ၍ ဖြစ် ပါသည်။ဤသို့ဖြစ်သည်ကို မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုဆိုက်နေခြင်းဖြစ်သည် ဟု တပည့်တော်များ အထင်မှားကြပါသည်။

အိုး၊ပုဆိုးစသည် အကယ်မရှိခြင်းနှင့် အတွေး-အိုး,ပုဆိုးစသည် လည်း အကယ်မရှိခြင်း- ဤသို့ ဘာမျှမရှိခြင်းသည် ငြိမ်းချမ်းခြင်းဖြစ် သည်။ဤငြိမ်းချမ်းခြင်းကိုသိခြင်းသည် လမ်းမှန်ဖြစ်သည်။ဤလမ်းမှန်

သည် ကောင်းမြတ်သည်။ပရမတ်ဆတ်ဆတ်ဖြစ်သည်။ဤသို့ အထင်များကြပါသည်။

ထို့ကြောင့် ထိုထိုဤဤအတွေးများသည် အနိစ္စဖြစ်သည်။အနိစ္စဖြစ်သည်ကိုသိသော အတွေးစိတ်သည်လည်း အနိစ္စပင်ဖြစ်သည်။ဤသို့ အားလုံးအနိစ္စရောက်သောကြောင့် ဖြစ်,ပျက်ပြီး၍ ဘာမျှမရှိသည်ကိုသိသော အသိသည်သာ အမြတ်ဆုံးဖြစ်သည်။ နာမ်သက်သက်ရှုကြည့်မှုဘက် လဲကျသောအခါ ဤသို့ပင် နောက်ဆုံး၌ အသိတစ်လုံးမျှကိုသာ အရိယာတို့သိအပ်သောလောကဟု မြင်ပါတော့သည်။

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

တပည့်တော်တို့သည် ဤသို့ပင် နာမ်သက်သက်ဖြစ်သော အသိလောကကိုသာ အရိယာတို့သိအပ်သောလောကဟု ရှုမိသောကြောင့် ရုပ်လောကကို အရိယာတို့ကျော်ခိုင်းအပ်သောလောကအဖြစ် ထင်ခဲ့မိပါသည်။

အမှန်စင်စစ်အားဖြင့်__အသိလောကသာရှိသည်၊ ဤလောကကြီး အကယ်ရှိသည်မဟုတ် ယူသည်ဖြစ်စေ။ ဤလောကကြီးသာ အကယ်ရှိသည်၊ အသိလောကသည် အကယ်ရှိသည်မဟုတ် ယူသည်ဖြစ်စေ။အခြေနှစ်ချောင်းရှိသောလူ၌ ဘယ်ခြေဖြစ်စေ၊ညာခြေဖြစ်စေ တစ်ချောင်းချောင်းကို အသိအမှတ်မပြု အသုံးမချလျှင် ရရှိဖြစ်ပွားသောဒုက္ခမျိုးများ ဧကန်မုချ ဖြစ်ပွားရမည်ဖြစ်ပါသည်။အကယ်လည်း တပည့်တော်များ ဒုက္ခပွားခဲ့ရပါသည်။

ရုပ်လောကကိုရှု၍ နာမ်ကိုမုန်းသောကြောင့် အတွေးအသိများ ထုံထိုင်းဖျင်းအ အသုံးမကျသူ ဖြစ်ခဲ့ရပါသည်။နာမ်လောကကိုရှု၍ ရုပ်ကို

မုန်းသောကြောင့် မလုပ်ချင်၊မကိုင်ချင် စီးပွား,ကြီးပွား၌ မကြိုးစားချင်သူ ဖြစ်ခဲ့ရပါသည်။

ဤမျှမကလည်း အကျိုး,အပြစ်များ ဖြစ်ပွားခဲ့ရပါသေးသည်။ နာမ်လောကကို မျက်နှာလွှဲ၍ ရုပ်လောကထဲ ရှုကြည့်နေသည် ဖြစ်စေ၊ ရုပ်လောကကိုမျက်နှာလွှဲ၍ နာမ်လောကထဲ ရှုကြည့်နေသည် ဖြစ်စေ၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါး၊ယောကျ်ား၊မိန်းမများ ပျောက်နေပါသည်။

ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါးစသည်များသည် နာမ်နှင့်ရုပ်နှစ်ခုအပေါင်း၏ ကြိယာဝိသေသမျှဖြစ်၍ ပုဂ္ဂိုလ်၊သတ္တဝါစသည်လောကမှ အခြေခံပစ္စည်းဖြစ်သော ရုပ်ကိုဖြစ်စေ၊နာမ်ကိုဖြစ်စေ တစ်ခုခုကိုဖယ်ရှားလျှင် မပျောက်မပျက် ဆက်လက်တည်နေရန် မဖြစ်နိုင်ပါ။

ထိုသို့ ပုဂ္ဂိုလ်၊သတ္တဝါစသည် ပျောက်သောကြောင့် ပုဂ္ဂိုလ်၊သတ္တဝါမှီ၍ဖြစ်ရသော စိတ်ဆင်းရဲခြင်းများ ငြိမ်းအေးရပါသည်။ ထိုသို့ ဖြစ်သော်လည်း ထိုငြိမ်းအေးမှုသည် အခြေခံသီလများ၌ အခြေမခံသောကြောင့် ဆင်းရဲမှုအတွင်း တဘန်မသက်ဆင်းအောင် မတတ်နိုင် ရှိခဲ့ရပါသည်။

သစ္စာလေးပါးအမှန်တရားဖြင့် သတ္တဝါများအား ဖွင့်နှိုးဆော်တော်မူသော မြတ်စွာဘုရား......

တပည့်တော်တို့သည် မိုက်သည့်အလျောက် အသျှင်ဘုရားသိအပ်သည်ဟုညွှန်ပြခဲ့သောလောကမှ မျက်နှာလွှဲခဲ့မိကြပါသည်။

အသျှင်ဘုရား__

တပည့်တော်များသည် တရားတော်အလျှောက် သိမြင်သဘောပေါက် အရကောက်နိုင်ရန် အသုံးချရမည့် အဘိဓမ္မာတရားတော်များကို

တပည့်တော်တို့သိအပ်သောလောကဟု အမှတ်မှားခဲ့ကြပါသည်။တစ်နည်းအားဖြင့် စာဘတ်သောအခါ၌ စာ၏အဓိပ္ပါယ်ကိုရအောင် မဘတ်ဘဲ စာဘတ်ရန်အခြေခံဖြစ်သော ကကြီး,ခကွေးစသော သင်ပုန်းကြီးများကို ဘတ်မိနေသကဲ့သို့ ကလေးဆန်မိကြပါသည်။ ထို့ကြောင့် တပည့်တော်များသည် အသျှင်ဘုရားဟောကြားသော စကားလုံးများတွင်ဆုံးနေသော ပဒပရမပုဂ္ဂိုလ်အဆင့်ထက် မမြင့်နိုင်အောင် ရှိခဲ့ရပါသည်။

ဤအပြစ်များကို အပြစ်အလျှောက် တပည့်တော်များ ရှုကြည့်ကြပါမည်။အသျှင်ဘုရားညွှန်ပြခဲ့သော အရိယာတို့သိအပ်သောလောကသည် အစွဲဥပါဒါန်တရားတို့ကြောင့် လူမှာဖြစ်ပွားသော မငြိမ်းအေးခြင်း၏လက္ခဏာ အနိစ္စ၊ဒုက္ခ၊အနတ္တများ သို့မဟုတ် လူ့ဆိုးဝါးသော အဖြစ်အပျက်များဖြစ်ကြောင်း တပည့်တော်များ ရှုပွားကြပါမည်။

အတိုင်းမသိ ကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား.....

တပည့်တော်တို့၏ အရိယာတို့သိမြင်အပ်သောလောက(ဒုက္ခသစ္စာ) အမြင်များကို သနားသောအားဖြင့် ခွင့်လွှတ်ပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထား အသနားခံ ရှိခိုးကန်တော့အပ်ပါသည် ဘုရား.....။

ဒုက္ခသစ္စာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။

## သမုဒယသစ္စာ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

တပည့်တော်များသည် အသျှင်ဘုရားနောက်မှ အစဉ်တစိုက် လိုက်ပါနေခဲ့ကြသော်လည်း အသျှင်ဘုရားကို အစဉ်တစိုက်တိုက်ခိုက် ဖျက်ဆီးနေသကဲ့သို့ပင် အသျှင်ဘုရား၏ သိအပ်သည်ဟု ညွှန်ပြခဲ့ သောလောကကို ငြင်းဆိုကပ်ဖဲ့ ပြုလုပ်မိခဲ့ကြပါသည်။

ယခုလည်း ဤနည်းမခြား အလားတူဖြစ်ပါသည်။အသျှင်ဘုရား ပယ်အပ်သည်ဟုညွှန်ပြခဲ့သည့် တရားများကို တပည့်တော်များသည် အတုအယောင်များဖြင့် မှားခဲ့ကြပါသည်။ဤအတွက်လည်း မြတ်စွာဘု ရားအား ရိုသေညွှတ်ကျိုး၍ တပည့်တော်များ ရှိခိုးကန်တော့ရပါသည်။

မြတ်စွာဘုရားသည် တပည့်တော်များအား ပယ်အပ်သောတရား ကို တဏှာ,သမုဒယ,အာလယဟု ညွှန်ပြခဲ့သော်လည်း တပည့်တော်များ သည် တဏှာ,သမုဒယ,အာလယအစား လူကို ပယ်အပ်သောတရားဟု ထင်မှားမိခဲ့ကြပါသည်။

တပည့်တော်တို့ မိုက်ခဲ့ကြပါသည်။ကန်းခဲ့ကြပါသည်။လူကို လူ ဟုထင်မှတ်နေသမျှ တဏှာ,သမုဒယ ပယ်ချ၍မရနိုင်၊ တဏှာ,သမုဒယ ပယ်လိုလျှင် လူကို လူဟုထင်မှတ်သည်ကို မလွဲမသွေပယ်ရမည်။ဤသို့ ရမ်းခဲ့ကြပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် လူဟူ၍ မရှိ။ ဓာတ်မျှသာရှိ သည်။ငါဟူ၍လည်း မရှိ။သူတပါးဟူ၍လည်း မရှိ။ပုဂ္ဂိုလ်,သတ္တဝါဟူ၍ လည်း မရှိ။ယောကျ်ားဟူ၍လည်း မရှိ၊ မိန်းမဟူ၍လည်း မရှိ။ရုပ်ဓာတ်,

နာမ်ဓာတ်မျှသာ ရှိသည်။ဤသို့ လူကိုပယ်နိုင်ရန် တော်လှန်ကြိုးစားခဲ့ရပါသည်။

ငါ့ကိုယ်ကို ငါ-ဟူ၍သိနေခြင်းသည် ဒုက္ခဖြစ်ကြောင်းတရား၊ မှားသောအမြင်(မိစ္ဆာဒိဋ္ဌိ) ဖြစ်သည်။ငါမှတပါး အခြားသူများကို သူတပါးဟု သိမြင်ခြင်းသည် ဒုက္ခဖြစ်ကြောင်း မှားသောအမြင်(မိစ္ဆာဒိဋ္ဌိ) ဖြစ်သည်။ယောကျ်ား,မိန်းမကို ယောကျ်ား,မိန်းမ-ဟု သိမြင်ခြင်းသည်လည်း ဤအတူ ဒုက္ခဖြစ်ကြောင်း မကောင်းသောအမြင်(မိစ္ဆာဒိဋ္ဌိ)များပင်ဖြစ်သည်ဟု သိနေခဲ့ကြပါသည်။

မိစ္ဆာဒိဋ္ဌိသည် မိစ္ဆာသင်္ကပ္ပကို ဖြစ်စေတတ်သည်။ငါ့ကိုယ်ကို ငါ-ဟု ယူဆခြင်းသည် လောဘကိုဖြစ်စေလိုလျှင် လောဖြစ်ရန်၊ ငါ-ဟူသောကတ္တား ရှိနေပြီးဖြစ်သည်။ထို့ကြောင့် သူ့ကိုငါချစ်သည်-ဟုကြံခြင်း မိစ္ဆာသင်္ကပ္ပများ ဖြစ်ပွားနေသည်။မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တစသောမကောင်းသောအကြောင်းများကို ပွားစေသည်။ထို့ကြောင့် ငါ့ကိုယ်ကိုငါ-ဟုယူဆခြင်းသည် အမှားတကာ့ထိပ်ခေါင်တင် အမှားဘုရင်ဟုမြင်အောင် မတတ်နိုင် ဖြစ်ရပါသည်။

ငါ့ကိုယ်ကို ငါ-ဟုအမြင်ကို မဖျောက်သူသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်။မိစ္ဆာဒိဋ္ဌိရှိသူသည် လောဘ၊ဒေါသ၊မောဟ၊မာနစသော ကိလေသာများဖြစ်ပွားရန် အသင့်ရှိသူဖြစ်သည်။ကိလေသာများဖြစ်ပွားလျှင် ဆင်းရဲမည်။ထို့ကြောင့် ကိလေသာသည် ပယ်အပ်သောတရားဖြစ်သည်။ကိလေသာပယ်ရန်မှာ ငါ့ကိုယ်ကို ငါ-ဟုထင်မှတ်ခြင်းကို ပယ်ရမည်။သူတပါး၊ယောကျ်ား၊မိန်းမများဟု ထင်မှတ်နေခြင်းကိုလည်း ပယ်ရမည်။ဤသို့ပင်လူကိုပယ်ရမည်ဟု မှတ်ယူနေမိခဲ့ကြပါသည်။

တဏှာ,သမုဒယပယ်ရန် မြတ်စွာဘုရားညွှန်ခဲ့သောကြောင့် တပည့်တော်တို့သည် တဏှာ,သမုဒယကို ပယ်လိုလှပါသည်။ထိုသို့ဖြစ်သော်လည်း တဏှာ,သမုဒယသည် ပယ်သတ်၍မရနိုင်သကဲ့သို့ တပည့်တော်များ၌ ဖြစ်ပွားနေပါသည်။

ထို့ပြင် တဏှာ,သမုဒယ မရှိသောအခါ၌လည်း တဏှာ,သမုဒယသည် ရှိနေသောကြောင့် အဘယ်သို့ပယ်သတ်ရမည်ဟု မသိနိုင် ရှိခဲ့ပါသည်။အသိရှိချိန်၌ တဏှာ,သမုဒယမဖြစ်ပေါ်ပါ။တဏှာ,သမုဒယရှိချိန်၌လည်း အသိမဖြစ်ပေါ်ပါ။အသိနှင့် တဏှာ,သမုဒယသည် ဘယ်တော့မှ မဆုံစည်းကြပါ။

ထို့ကြောင့် တဏှာကို အသိဖြင့်သတ်၍ မဖြစ်နိုင်။တဏှာဖြစ်ပွားရာ လူသို့မဟုတ် တဏှာဖြစ်ပွားရာ ငါ၊သူတပါး၊ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ - ဤအရာများကိုဖယ်ရှားမှ တဏှာ,သမုဒယတရား ကွယ်သွားမည်။ဤသို့ပင် အဘိုးမတန် အသုံးမကျသော ရွှေဉာဏ်တော်များကို တပည့်တော်များ စူးရောက်ခဲ့ကြပါသည်။

ဤအတွက် မြတ်စွာဘုရားသည် တပည့်တော်များအား အသနားကြီး သနားတော်မူရပါလိမ့်မည်။ထို့ကြောင့် တပည်တော်များသည် မြတ်စွာဘုရားအား များစွာ ရှက်ကြောက်လှပါသည်။

ကြွက်မနိုင်၍ ကျိမ်းရှို့ခြင်းသည် အလွန်မိုက်ကန်းသောအလုပ်ဖြစ်ပါသည်။တပည့်တော်များသည် လူ၌ဖြစ်သော တဏှာ,သမုဒယကို မနိုင်၍ လူကိုပယ်ရန် ကြိုးစားသူများ ဖြစ်ခဲ့ကြပါသည်။တပည့်တော်တို့သည် တပည့်တော်တို့ကိုယ်ကို ဘယ်လိုလူစားများဟု ကွဲပြားမိကြ၍ နောင်တအတန်တန် ဖြစ်ကြပါသည်။

ကျီ၏အဖျက်ကောင်များကို သုတ်သင်ရသည်မှာ ကျီအတွက် ဖြစ်ပါသည်။ကျီအတွက် အဖျက်ကောင်များကို သုတ်သင်ရာ၌ ကျီပါ အသုတ်သင်ခံရမည်ဆိုလျှင် များစွာရှက်ဘွယ် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် လူ့အတွက် တဏှာ,သမုဒယကို အပယ် သတ်ခိုင်းခြင်း ဖြစ်ပါသည်။

လူသည် တဏှာ,သမုဒယများ ဖြစ်ပွားတည်ရှိနေလျှင် စား ကောင်းခြင်း မစားရ။အိပ်ကောင်းခြင်း မအိပ်ရ။အစစ ဒုက္ခများ ဖြစ်ပွားပါ မည်။ လူ၌ သမုဒယများမရှိမှ စားရာ၌လည်း လွတ်ငြိမ်းချမ်း။အိပ်ရာ၌ လည်း လွတ်ငြိမ်းချမ်း။အစစ လွတ်ငြိမ်းချမ်းမှုများ ဖြစ်ပွားပါမည်။ ထို့ ကြောင့် လူအတွက် တဏှာ,သမုဒယများပယ်သတ်ရန် ညွှန်ပြခဲ့ခြင်းဖြစ် ပါသည်။

လူ့အတွက် တဏှာ,သမုဒယကို ပယ်သတ်ရာ၌ တဏှာ,သမုဒယ သေရန်၊ လူမရှိဟု လူကိုပါ ပယ်သတ်ခြင်းသည် အတိုင်းမသိရှက်ဘွယ်ကို တပည့်တော်များ ကျူးလွန်ခဲ့မိကြခြင်း ဖြစ်ပါသည်။တပည့်တော်များ၏ အမိုက်သည် လက္ကွယ်ည၊ သန်းခေါင်ယံ၊တောအုပ်အလည်၊ မိုးတိမ်များ အုံ့နေသည်နှင့်မခြား ဖြစ်ပါသည်။

ဤသို့ဖြစ်ရသည်မှာတပည့်တော်များ အဖြစ်,အပျက်များကိုရှုရာ ၌ အမှန်အကန်အားဖြင့် မမြင်ရသောကြောင့် ဖြစ်ပါသည်။ရုပ်လောက သည် မရှိဟု မြင်သောအခါ မြင်။နာမ်လောကကြီးသည်မရှိဟု မြင်သော အခါ မြင်။လက်သည်တရားခံသည် နာမ်ဖြစ်သည်ဟု ယူခြင်းမျှသာ ဖြစ်ပါသည်။ဤသို့အားဖြင့် ဖြစ်ခဲ့ကြပါသည်။

ရုပ်လောက မရှိဟုမြင်ရာ၌ ရုပ်လောကကြီး အကယ်မရှိဟုကား

တစ်တစ်ခွခွ မတင်ပြသော်လည်း ရုပ်လောကကြီးကြောင့် လောကကြီး မငြိမ်းမချမ်း ဖြစ်နေသည်။ရုပ်လောကကြီးသည် မာယာ,သာဌေယျမျှသာ ဖြစ်သည်။အကယ် မဟုတ်။အဆင်းလှသည်၊ အသံကောင်းသည်၊ အိမ်, ကျောင်းအစရှိသော ရုပ်လောကကြီးသည် စိတ်ဖြင့်ဆက်ထားသော စိတ် ပစ္စည်းမျှသာဖြစ်သည်။ဤစိတ်ပစ္စည်းကို အရှိထင်မှတ်ခြင်းသည် ဒုက္ခ လက်သည်များဖြစ်သည်။ဤသို့ မှတ်ယူပေသည်။ဤမှတ်ယူချက်သည် ရုပ်လောကကို မရှိ-ဟူ၍ မြင်ရာရောက်ခြင်းပင် အမှန်ဖြစ်ပါသည်။

နာမ်လောကမရှိဟု မြင်ရာ၌လည်း နာမ်လောကကြီး အကယ် မရှိဟုကား တစ်တစ်ခွခွ မပြောပါ။အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘု ရားသည် ရုပ်,နာမ်နှစ်ပါးကို ဟောထားသည်ဟု မှတ်ယူသောကြောင့် ဖြစ်ပါသည်။

ထိုသို့ပင်ဖြစ်သော်လည်း နာမ်လောကကြီးကြောင့် လောကကြီး မငြိမ်းမချမ်းဖြစ်နေသည်။နာမ်လောက(သို့မဟုတ်)အတွေးသည် ယုတ်မာ သည်။လူကို ဒုက္ခပေးသမျှ၏လက်သည်သည် အတွေးဖြစ်သည်။အတွေး ကား အကယ်ရှိသောအရာ မဟုတ်။အာရုံနှင့်တွေ့သောကြောင့် ဖြစ်သော အရာသာ ဖြစ်သည်။ဖြစ်ပြီး ပျက်သည်။ပျက်ပြီး မရှိဖြစ်သည်။မျက်လှည့် ပမာ ဖြစ်သည်။အဖတ်ဆည်စရာမရှိ ဖြစ်သည်။ဤသို့မှတ်ယူပေသည်။

ဤမှတ်ယူချက်သည် နာမ်ကို မရှိဟူသော အမြင်ရှိရာရောက် ခြင်းပင် အမှန်ဖြစ်ပါသည်။

တပည့်တော်တို့သည် မြတ်စွာဘုရားတပည့်သားဖြစ်၍ ရုပ်လည်း မကပ်၊ နာမ်လည်းမပယ် အလယ်အလတ်ဖြင့်သွားနေသူများဟု အထင် ထားနေခဲ့ကြပါသည်။တပည့်တော်တို့သည် ရုပ်ရော,နာမ်ပါ နှစ်ဖြာလုံးကို

မငြင်းဆိုခဲ့ဟု ထင်မိကြသောကြောင့် ဖြစ်ပါသည်။အကယ်စင်စစ်၌ လောကတွင်ထင်ရှားသော ရုပ်ဝါဒီ၊နာမ်ဝါဒီများနှင့်မခြား အလားအတူပင် ဖြစ်နေခဲ့ပါသည်။

ရုပ်ဝါဒီများသည် နာမ်ကို မရှိ-ဟု တစ်တစ်ခွခွ စွဲယူကြသူများ မဟုတ်ပါ။သူတို့ စိတ်ကို-စိတ်မဟုတ်ဟု မငြင်းဆန်ကြပါ။နာမ်သည် ရုပ်၏အရိပ်မျှဟု နာမ်ကို ပဓာနအရာမထားဘဲ အပြစ်အားလုံး၏ လက်သည်တရားခံသည် နာမ်ဖြစ်သည်ဟု ယူခြင်းမျှသာဖြစ်ပါသည်။

နာမ်ဝါဒီများသည်လည်း ရုပ်ကို မရှိ-ဟု တစ်တစ်ခွခွ စွဲယူကြခြင်း အလျဉ်းမရှိပါ။သူတို့၏ကိုယ်ကြီးသည် ရုပ်ပင်ဖြစ်ကြောင်း အငြင်းအဆို မရှိကြပါ။ထိုသို့ဖြစ်သော်လည်း ရုပ်သည် နာမ်၏အရိပ်မျှဖြစ်သည်။ ဝိညာဉ်တော်ဟူသော ဘန်ဆင်းချက်မျှဟု ရုပ်ကို ပဓာနအရာမထားခြင်းမျှသာ ဖြစ်သည်။ဒုက္ခအားလုံး၏ လက်သည်တရားခံသည် ရုပ်ဖြစ်သည်။ ဝိညာဉ်တော်သည် ချမ်းသာပြီးဖြစ်သည်။ ဤသို့ ယူခြင်းမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် ရုပ်ရောနာမ်ပါ နှစ်ဖြာလုံးကို အသိအမှတ်ပြုကာမျှဖြင့် ရုပ်ဝါဒီ၊နာမ်ဝါဒီဟူသော အစွန်းများမှ မလွတ်ကင်းနိုင်သည်မှာ အမှန်ဖြစ်ပါသည်။ရုပ်,နာမ်နှစ်ဖြာလုံးကိုပင် အသိအမှတ်ပြုသော်လည်း ဆင်းရဲကြောင်းလက်သည်တရားခံသည် ရုပ်ဖြစ်သည်၊နာမ်ဖြစ်သည်ဟု တစ်ခုခုသဘောထားမိခြင်းပင်လျှင် ဆင်းရဲကြောင်းတရားကို အနိစ္စ စသည်ရှုပြီး ပယ်ဖျက်မိပါမည်။

ရုပ်,နာမ်ရှုရာ၌လည်း တစ်ချိန်၌ ရှုစိတ်သည် နှစ်ကြိမ်ပြိုင်မဖြစ်သောကြောင့် တစ်ခါရှုလျှင် ရုပ်ဖြစ်စေ၊နာမ်ဖြစ်စေ တစ်ခုသာ ရှုမိခဲ့ပါ

သည်။ရုပ်ရှုမိလျှင် နာမ်မုန်းပါသည်။နာမ်ရှုမိလျှင် ရုပ်မုန်းပါသည်။နာမ်မုန်းလျှင် ရူပဝါဒီ၊ရုပ်မုန်းလျှင် အရူပဝါဒီဖြစ်ပါသည်။

ရုပ်ဝါဒီဖြစ်လျှင် နာမ်လောကမရှိဟုမြင်ပြီး ပဓာနအရာမှ ပယ်ပါမည်။နာမ်ဝါဒီဖြစ်လျှင် ရုပ်လောကကို မရှိဟုမြင်ပြီး ပဓာနအရာမှပယ်ပါသည်။ဤသို့ပင် တပည့်တော်များ မိုက်ခဲ့မိကြပါသည်။

မြတ်စွာဘုရားသည် ဒုက္ခများကိုမုန်းရန် ညွှန်ပြခဲ့သည်ကို ကလေးဆန်စွာ ဒုက္ခဖြစ်သော-မဖြစ်သော၊ ရုပ်,နာမ်မှန်သမျှမုန်းရန်ဟု ထင်မှတ်ပြီး ကြိုးစားခဲ့ကြခြင်း ဖြစ်ပါသည်။ဤကြိုးစားချက်များသည် ဒုက္ခကို မမုန်းဘဲ ရုပ်မုန်းလိုမုန်း၊ နာမ်မုန်းလိုမုန်းဖြင့် ကြိုးစားမှု အဟောသိကံသာ မိုက်ပြစ်အဖြစ် အကျိုးထင်ခဲ့ပါသည်။

ဒုက္ခစာရင်းများ၏ အကျဉ်းချုပ်အဖြစ် ဥပါဒါနက္ခန္ဓာဟု မြတ်စွာဘုရား ဟောကြားခဲ့သည်ကို ဒုက္ခသည် ဥပါဒါနက္ခန္ဓာဖြစ်လျှင်၊ ဥပါဒါနက္ခန္ဓာသည် ရုပ်,နာမ်ဖြစ်သောကြောင့် ရုပ်,နာမ်သည် ဒုက္ခ၏အရကောက်တရားကိုယ်ဖြစ်သည်ဟု တပည့်တော်များ ကြံလုံး ထုတ်မိမှားခဲ့ကြပါသည်။ထို့ကြောင့် တပည့်တော်တို့သည် မြတ်စွာဘုရားက ဒုက္ခမုန်းအောင် ဒုက္ခကိုအရှုခိုင်းသည်ကို အလွဲကြီးလွဲစွာဖြင့် ရုပ်,နာမ်မုန်းအောင် ရုပ်,နာမ်ကို ရှုကြည့်ခဲ့ကြပါသည်။

ဤသို့ရှုသောကြောင့် ရုပ်,နာမ်ဖြင့်တည်ဆောက်ထားသော လူအဖြစ်၊ သတ္တဝါအဖြစ်ပင် အဓိပ္ပါယ်မရှိဟု ထင်မှတ်သည်အထိ ပေါကြောင်၍လာခဲ့ကြပါသည်။

မြတ်စွာဘုရားသည် အစွဲအလန်းကြောင့် ဖြစ်သောရုပ်၊ အစွဲအလန်းကြောင့်ဖြစ်သော ဝေဒနာ,သညာ,သင်္ခါရနှင့် အစွဲအလန်းကြောင့်

ဖြစ်သော စိတ်ဝိညာဏ်။ဤဥပါဒါနက္ခန္ဓာများကို လူများ ချစ်ခင်စုံမက်မနေရန် ဖျောက်ဖျက်ပယ်သတ်ပစ်ချင်ရန် ဟောကြားခဲ့ပါသည်။

ဤအစွဲအလန်းကြောင့်ဖြစ်သော ရုပ်,ဝေဒနာအစရှိသည်တို့သည် စုန်း,နတ်ဝင်ပူးသူ၏ ကိုယ်လက်လှုပ်ရှား ခံစားမှုစသည်များ၊ ကြောက်ရ,မက်ရသူ၏ ကိုယ်လက်လှုပ်ရှား ခံစားမှုများ စသည်များကဲ့သို့ ကျဆုံးခြင်း(အနိစ္စ)လက္ခဏာ၊ ဆင်းရဲခြင်း(ဒုက္ခ)လက္ခဏာ၊ ကိုယ်စိုးကိုယ်ပိုင်မရခြင်း(အနတ္တ)လက္ခဏာများ ထင်ပါသည်။

ထို့ကြောင့် အစွဲအလန်းကြောင့်ဖြစ်သော ရုပ်,ဝေဒနာ စသည့် (ဥပါဒါနက္ခန္ဓာ)သည် မမြတ်နိုး၊မနှစ်သက်ရန် ညွှန်ပြသင့်သာအရာ ဖြစ်ပါသည်။

စုန်း,နတ်အပူးဝင်ခံရသူ၏ ကိုယ်လက်လှုပ်ရှား ခံစားမှုစသည်ကို မမြတ်နိုးရန်,မနှစ်သက်ရန် ညွှန်ပြခံရခြင်းကြောင့် ကိုယ်လက်လှုပ်ရှားမှုမှန်သမျှ ခံစားမှုစသည်မှန်သမျှကို မမြတ်နိုးအောင်၊မနှစ်သက်အောင် ကျင့်မိခြင်းသည် အာဘော်လွန်ခြင်းအမှား ဖြစ်ပါသည်။ဤသို့ မြတ်စွာဘုရားကိုကျော်၍ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်မှန်သမျှ မမြတ်နိုးအပ်၊မနှစ်သက်အပ်ဟု လူပျောက်သည်အထိ လူကိုကျော်အောင် အာဘော်လွန်မိကြပါသည်။

မြတ်စွာဘုရားသည် သူ့ကျွန်၊သူ့မယား၊ဘိန်းစား၊နတ်ကတော်အစရှိသော ကိုယ့်ကြမ္မာကိုယ်မဘန်တီးနိုင်သူ၊ မလွတ်လပ် မငြိမ်းချမ်းသူ-ဤသူတို့၏ လှုပ်ရှားခံစားမှုစသည်ဖြစ်သော ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာကို ရှုကြ၊မုန်းကြ၊နှလုံးနာကြရန် ညွှန်ပြခဲ့သည်ကို တပည့်တော်တို့သည် အမှီခိုကင်းသူ၊ လွတ်လပ်သူ၊ ငြိမ်းချမ်းသူ

နှင့်တကွ ထိုသူတို့၏ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော အနုပါဒါနက္ခန္ဓာများကိုပါ ဝါးလုံးသိမ်းရွှံ့မုန်း နှလုံးနာခဲ့ကြပါသည်။

ထို့ကြောင့် တပည့်တော်များသည် ရုပ်ရောနာမ်ပါ နှစ်ဖြာလုံးမုန်း အောင် ကြိုးစားသော လူ့ဗလာချာကြီးများ ဖြစ်ခဲ့ရပါသည်။လူပျောက် သည်အထိ လူကိုကျော်သော အာဘော်လွန်ကြီးများ ဖြစ်ခဲ့ရပါသည်။

တပည့်တော်တို့သည် ဤသို့ လူကိုကျော်မှ ပယ်သတ်ရမည့် တဏှာ,သမုဒယ၊ကိလေသာစာရင်းဝင်ဖြစ်သော ဒိဋ္ဌိကိုပယ်သတ်နိုင်မည်ဟု ထင်မြင်မိခဲ့ကြပါသည်။ငါ့ကိုယ် ငါ-ဟုမှတ်ယူခြင်းသည် အတ္တဒိဋ္ဌိမစင်ဟု ထင်မြင်ခဲ့ကြပါသည်။ဤ ဒိဋ္ဌိတရားများ၌လည်း တပည့်တော်များ အမှန်နှင့်ကွဲပြားခဲ့ရပါသည်။

မြတ်စွာဘုရားသည် သက္ကာယဒိဋ္ဌိကိုပယ်သတ်ရန် ညွှန်ပြခဲ့ပါ သည်။တပည့်တော်တို့သည် ရုပ်ဓာတ်တို့၏အစုအဝေးဖြစ်သော အိုး,ပုဆိုး စသည်ကို ရုပ်ဓာတ်တို့၏အစုအဝေးအဖြစ်မမြင်ဘဲ အိုး,ပုဆိုးစသည်ဖြင့် မြင်လျှင် သက္ကာယဒိဋ္ဌိဝင်သည်ဟု မှတ်ထင်ခဲ့ကြပါသည်။ရုပ်,နာမ်တို့၏ အစုအဝေးဖြစ်သော ကြက်,ဝက်,ခွေးများစသည်ကို ရုပ်,နာမ်ဟုမမြင်ဘဲ ကြက်,ဝက်,ခွေး,နွားစသည်မြင်လျှင် သက္ကာယဒိဋ္ဌိဝင်သည်ဟု ထင်ခဲ့ကြ ပါသည်။

တပည့်တော်တို့သည် မသိသည့်အလျောက် မှားခဲ့ကြပါသည်။ တပည့်တော်တို့ထင်သော သက္ကာယဒိဋ္ဌိများကို တပည့်တော်များ ပယ်ရှားနိုင်ကြလျှင် တပည့်တော်များသည် မျက်ကန်း၊နားကန်း၊ ဦးနှောက်ပါကန်း သော အားလုံးကန်းသူများအဖြစ် ခံရဘွယ်ရှိပါသည်။

မြတ်စွာဘုရားသည် တပည့်တော်များအား ဤသို့ကန်းရန် ညွှန်ပြ

ခဲ့သည် မဟုတ်ပါ။ဒိဋ္ဌိကိလေသာများငြိမ်းခြင်းအမှန် မြတ်နိဗ္ဗာန်ကို ရည် သန်ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားပယ်ရန်ညွှန်ပြသော သက္ကာယဒိဋ္ဌိသည် ထင်ရှားရှိသော အိုး,ပုဆိုးနှင့် ကြက်,ဝက်,ခွေး,နွားစသည်ကို ထင်ရှားရှိသော အိုး,ပုဆိုးနှင့် ကြက်,ဝက်,ခွေး,နွားစသည်များဟု ထင်မှတ်မှားခြင်းများ မဟုတ်ပါ။ထင်ရှားရှိသော အိုး,ပုဆိုးနှင့် ကြက်,ဝက်,ခွေး,နွား စသည်ဖြစ်သော အရာများဟု အထင်ကြီးခြင်း၊ အမြင်မှားခြင်းသည်သာ သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။

တပည့်တော်တို့သည် ထင်ရှားရှိသော အိုး,ပုဆိုးနှင့် ကြက်,ဝက်, ခွေး,နွား စသည်များ၌ ယောနိသောအကြောင်းအမှန်ကို ပွားခြင်းဖြင့် သက္ကာယဒိဋ္ဌိကိုပယ်ရှားထားရန် မကြိုးစားခဲ့မိကြပါ။အိုး,ပုဆိုးနှင့် ကြက်, ဝက်,ခွေး,နွားစသည်များကို ပယ်ရှားရန် ကြိုးစားမိခဲ့ကြပါသည်။

သက္ကာယဒိဋ္ဌိကို မမြင်သောအခါ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ၊ အစရှိသောဒိဋ္ဌိများ၌လည်း မမှားအောင်မတတ်နိုင် ဖြစ်ရပါသည်။

တပည့်တော်တို့သည် အဆင်းကိုမျက်စိဖြင့်မြင်ရာ၌ ငါ-မြင်သည် ဟု ထင်မြင်ယူဆလျှင် အတ္တဒိဋ္ဌိဖြစ်သည်၊ငါ-ကြားသည်၊ငါ-ခံစားသည်၊ ငါ-ကောင်းသည်၊ငါ-ဆိုးသည် အစရှိသည်ဖြင့် ထင်မြင်ယူဆလျှင် အတ္တ ဒိဋ္ဌိဖြစ်သည်-ဤသို့ အတ္တဒိဋ္ဌိ၌ အထင်မှားကြပါသည်။

ငါမြင်၊ ငါကြား၊ငါခံစား၊ငါကောင်း၊ငါဆိုး စသည်များကို မှားသည် ဟုပယ်ရှားလျှင် ဘယ်အခြေဆိုက်မည်ဟု တွက်စစ်၍ မကြည့်မိသည် အထိ ကန်းခဲ့ကြပါသည်။

မြတ်စွာဘုရားသည် အတ္တဒိဋ္ဌိကို ဤသို့ညွှန်ပြခဲ့သည် မဟုတ်ပါ။

"ကိုယ့်ကိုယ်ကို ကျဆုံးကြောင်း၊ဆင်းရဲကြောင်း၊အစိုးမရကြောင်း တရားများဖြစ်သော အစွဲဥပါဒါန်တရားများ ပွားများနေမိပါလျက် ကိုယ့်ကိုယ်ကို တိုးတက်နေသည်၊ချမ်းသာနေသည်၊စိုးပိုင်နေသည်-ဤသို့ အမြင်မှားနေခြင်းကို အတ္တဒိဋ္ဌိဟု ညွှန်ပြခြင်း" ဖြစ်ပါသည်။

ဤညွှန်ပြချက်တရားကို တပည့်တော်တို့သည် "ကျောကမ္ဘ မကြား"ဟူဘိသို့ ရှိခဲ့ကြပါသည်။ထို့ကြောင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်း မပယ်နိုင်၊မသတ်နိုင် ဖြစ်ခဲ့ရပါသည်။သက္ကာယဒိဋ္ဌိ,အတ္တဒိဋ္ဌိများသော် သဿတဒိဋ္ဌိကိုလည်း တပည့်တော်များအသိမှားခဲ့ကြပါသည်။

သသတဒိဋ္ဌိဆိုသည်မှာ သတ္တဝါသေပြီးနောက် ထိုသေသော သတ္တဝါထံမှ အသက်(ဝိညာဉ်)များ ထွက်ခွါသွား၍၊တစ်ပါးသောဘဝ၍ ဆက်လက်ဖြစ်ပွားသည်ဟူသော အယူသဖြစ်သည်ဟု တပည့်တော်များ ထင်မြင်ခဲ့ပါသည်။

ဥစ္ဆေဒဒိဋ္ဌိ၌လည်း သတ္တဝါသေပြီးနောက် မသေမီကပြုခဲ့သောကံသည် ဘယ်အကျိုးမျှမဖြစ်စေဟု ကံ၏သတ္တိကို အပြတ်ယူသော အယူသည်သာ ဥစ္ဆေဒဒိဋ္ဌိဟု တပည့်တော်များ ထင်ခဲ့ပါသည်။

ထို့ကြောင့် တပည့်တော်များသည် သတ္တဝါသေပြီးနောက် အသက်(ဝိညာဉ်)များ သေသူထံမှထွက်ခွါ၍ ဘဝအသစ်ကိုဖြစ်စေသည်လည်း မဟုတ်။သေသူမသေမီကပြုခဲ့သော ကံများသည် ဘဝအသစ်ကိုဖြစ်စေသည်လည်း မဟုတ်-ဟု အတွေးအမြင်များဖြစ်ပွားအောင် ကြိုးစားခဲ့ကြပါသည်။

တပည့်တော်တို့၏အမြင်သည် သတ္တဝါသေပြီးနောက် မဖြစ်သည်လည်း မဟုတ်၊ ဝိညာဉ်အသက်လိပ်ပြာ ထွက်ခွါသွား၍ နောက်ဘဝ

ဖြစ်သည်လည်း မဟုတ်။ကံကြောင့် နောက်ဘဝဖြစ်သည်-ဤသို့ ဖြစ်ပါသည်။ရှေးဘဝ၊နောက်ဘဝ ဝိညာဉ်ဆက်ယူမှသာ သဿတဒိဋ္ဌိ။ရှေးဘဝ၊နောက်ဘဝ ကံပြတ်ယူမှသာ ဥစ္ဆေဒဒိဋ္ဌိဖြစ်၍ ရှေးဘဝ၊နောက်ဘဝ ကံဆက်ယူလျှင် သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိမှလွတ်သည်၊အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်သည်။

တပည့်တော်တို့သည် သမ္မာဒိဋ္ဌိဖြစ်ရန် ရှေးဘဝ၊နောက်ဘဝ ဝိညာဉ်ဆက် အယူကို ပယ်ခဲ့ကြပါသည်။ကံအကြောင်းပြတ်အယူကိုလည်း ပယ်ခဲ့ကြပါသည်။ရှေးဘဝ၊နောက်ဘဝ ကံအကြောင်းဆက်အယူကို ယူခဲ့ကြပါသည်။ဤသို့ယူခြင်းကြောင့် သမ္မာဒိဋ္ဌိဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိမဖြစ် ဟုလည်း ထင်ခဲ့ကြပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် ကိုယ့်ကိုယ်ကို ဒိဋ္ဌိပြုတ်ပြီးသူဟုလည်း မထင်မမြင်တတ် ဖြစ်ခဲ့ကြပါသည်။ သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီဟူ၍ မထင်တတ်ဟု ဆိုလိုပါသည်။ပုထုဇဉ်မျှသာဟု သံသယကင်းစွာ မှတ်ယူယုံကြည်ခဲ့ကြပါသည်။ ထို့ကြောင့် တပည့်တော်တို့သည် ဒိဋ္ဌိကိလေသာ ပယ်ပြီးဖြစ်သော်လည်း မဂ်ဉာဏ်မရ ဖြစ်နေခဲ့ပါသည်။ တပည့်တော်တို့၏ အသိတရားသည် ဤမျှ ချွတ်ချုံကျနေခဲ့ကြပါသည်။တပည့်တော်တို့၏ သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိများအပေါ် အသိများသည် လူကိုကျော်လွန်သော(အတိစာဝန)သဘော ဖြစ်နေခဲ့ပါသည်။

မြတ်စွာဘုရားသည် ဓမ္မက္ခန္ဓာအားလုံးကို အရိယသစ္စာအထွင့်တပ်၍ ဟောခဲ့ပါသည်။အရိယသစ္စာတရားသည် ဤတစ်လံမျှကိုယ်ကာယမှာ ဖြစ်သည်။ဤသို့ အထပ်ထပ်ညွှန်ပြခံခဲ့ရလျက် မြတ်စွာဘုရား၏ ဉာဏ်တော်ကို တပည့်တော်တို့သည် မထေမဲ့မြင် ပြုခဲ့ကြပါသည်။

သေပြီး-ဖြစ်သည်ဟူသော အယူ၏အချို့အဝက်(ဝိညာဉ်ဆက်) အယူကိုသာ သဿတဖြစ်သည်၊အချို့အဝက် ကံဆက်ယူလျှင် သဿတ မဖြစ်ဟု ယူခဲ့ကြပါသည်။ဥစ္ဆေဒ၌လည်း သေပြီးနောက်-မဖြစ်ဟူသော အယူ၏အချို့အဝက် (ကံပြတ်)အယူကိုသာ ဥစ္ဆေဒဖြစ်သည်။အချို့အ ဝက်(ကံကုန်)ယူလျှင် ဥစ္ဆေဒမဖြစ်၊နိဗ္ဗာန်ဖြစ်သည်ဟု ယူခဲ့ကြပါသည်။

ကံဆက်သည်က ဒုက္ခ၊ ကံကုန်သည်က နိရောဓ။ဤသို့ ဒုက္ခနှင့် နိရောဓဖြစ်သောသစ္စာများကို လူသေပြီးနောက်မှ ဤတစ်လံမျှကိုယ်ကာ ယကိုလွှန်၍ ညွှန်ပြနေမိခဲ့ကြပါသည်။တပည့်တော်တို့သည် မသိသည့် အလျောက် ကပ်ဖဲ့တိုက်မိကြပါသည်။

မြတ်စွာဘုရားသည် သေပြီးနောက်-ဖြစ်ဟု အယူနှင့် သေပြီး နောက်-မဖြစ်ဟု အယူနှစ်ပါးကို သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဟု ပညတ်ခဲ့ ခြင်း ဖြစ်ပါသည်။

သေပြီးနောက်-ဖြစ် အယူအချို့(ဝိညာဉ်ဆက်)နှင့် သေပြီးနောက် -မဖြစ် အယူအချို့(ကံပြတ်)၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဟု ပညတ်ခဲ့ သည် မဟုတ်ပါ။အရိယသစ္စာများကို ဟောကြားတော်မူခဲ့သော မြတ်စွာ ဘုရားအတွက် သေပြီးနောက် ဖြစ်နှင့်မဖြစ်ဟူသော အယူများသည် ခပ်ပြာနှင့်ရွှေ ဂဟေမစပ် အပဋိယတ်ဆိုသကဲ့သို့ လားလားမျှမဆိုင် ဖြစ် ပါသည်။

သေပြီးနောက်-ဖြစ်ဟုယူလျှင်၊ ဘယ်သို့ဖြစ်သည်ပင်ယူယူ သဿ တဒိဋ္ဌိ။ သေပြီးနောက်-မဖြစ်ယူလျှင်လည်း ဘယ်သို့မဖြစ်သည်ပင်ယူယူ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသည်။အဘယ့်ကြောင့်ဆိုသော် ဤတစ်လံမျှကိုယ်ကာယ ၌ရှိသော အရိယစ္စာနှင့် လားလားမျှမဆိုင်သောကြောင့် ဖြစ်ပါသည်။

ဤသဘောသဘာဝများကို မြတ်စွာဘုရားသည် တိုက်ရိုက် အာဂမအဖြစ်လည်း နေရာပေါင်းများစွာ ပြတ်ပြတ်သားသား ဟောကြားမိန့်မြွက်ခဲ့ပြီးများ ရှိပါသည်။တပည့်တော်များ အသိမှုန်ဝါး မပြတ်သားခဲ့သောကြောင့်သာ မမြင်ကြခြင်း ဖြစ်ပါသည်။အဂ္ဂိဝစ္ဆ၊ မာလုကျပုတ္တစသူများ၌ အခါများစွာ မိန့်ကြားခဲ့ပြီး ဖြစ်ပါသည်။ပုထုဇဉ်သေပြီး-ဖြစ်ဟူသော အယူနှင့် ရဟန္တာသေပြီး-မဖြစ်ဟူသော အယူများပင် တရားတော်အားဖြင့် ပယ်ရှားရမည့်အမှန် ဖြစ်ပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် မြတ်စွာဘုရားဒေသနာတော်ဖြစ်သော ကံ၏အကျိုးပေးပုံဟောကြားချက်များနှင့် ဘဝ၏စက်ဆုတ်ငြီးငွေ့ဘွယ်ကောင်းပုံဟောကြားချက်၊ သံသရာအစမထင်ပုံဟောကြားချက်များ အစရှိသည်ကို အမှီပြု၍၊ သေပြီးနောက်-ဖြစ်ဟုယူလျှင် သဿတမှမလွတ်ဟု သိမြင်သော်လည်း၊ သေပြီးနောက်ဖြစ်ပုံအချို့ကို သဿတမဖြစ်တန်ရာဟု ကြံလုံး(တက္က)ထုတ်၍ ယူမိခဲ့ကြပါသည်။ သေပြီးနောက်-မဖြစ်ပုံအချို့သည်လည်း ထို့အတူ ဥစ္ဆေဒမဖြစ်တန်ရာဟု ကြံလုံးထုတ်၍ ယူမိခဲ့ကြပါသည်။

တပည့်တော်တို့သည် “ကံ”ဆိုသောစကားလုံး၊ “ဘဝ”ဆိုသောစကားလုံး၊ “သံသရာ”ဆိုသော စကားလုံး။ မြတ်စွာဘုရားဟောကြားခဲ့သော ထိုစကားလုံးတို့၌ အနက်မထင်နိုင်အောင် အသိနုံချာသူများ ဖြစ်ခဲ့ကြပါသည်။ထို့ပြင် တပည့်တော်တို့သည် မြတ်စွာဘုရား၏ စကားတော်များ၌ အရင်းနှင့်အဖျားကိုလည်း ပိုင်းခြားမထင် ဖြစ်ခဲ့ကြပါသည်။

တပည့်တော်တို့အမြင်၌ မြတ်စွာဘုရားသည် သတ္တဝါသေပြီးနောက် ဖြစ်နှင့်မဖြစ်ကို မယူရန်လည်း ညွှန်ပြခဲ့ပါသည်။ဖြစ်(ဒုက္ခ)နှင့်

မဖြစ်(နိရောဓ)ကို သိရန်နှင့်ဆိုက်ရန်လည်း ညွှန်ပြခဲ့ပါသည်။ဤသို့ နှစ်ထွေနှစ်ဝ နားလည်နေခဲ့ကြပါ၏။ တပည့်တော်တို့သည် ကန်းသည့်အလျောက် ဆန့်ကျင်ဘက်ဖြစ်၍ နက်နဲသော ထိုဟောကြားချက်နှစ်ပါးကို ပြတ်သားအောင်မမြင်နိုင် ဖြစ်ခဲ့ပါသည်။ထို့ကြောင့် ကံဆက်အယူဝါဒဖြင့် တပည့်တော်တို့ ကြံလုံးထုတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏တရားတော်သည် အတက္ကာဝစရ (ကြံလုံးထုတ်ရုံမျှဖြင့် ကျက်စားမရသောတရား) ဖြစ်သော်လည်း တပည့်တော်များသည် ကံကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း၊ သံသရာကိုလည်းကောင်း မှော်ဆရာ၏ပစ္စည်းမျိုးစုံ ဆွဲထုတ်၍ရသောသေတ္တာကဲ့သို့ စိတ်မှာမှန်း၍ ရမ်းဆကြံစည်မိခဲ့ကြပါသည်။တပည့်တော်တို့၏ကြံလုံးသည် တပည့်တော်တို့အား အမှားအထောင်မကအောင် ဖြစ်ပွားစေပါသည်။ "ဘုရားစကား နားမထောင် အမှားအထောင်နှင့် တိုးလို့တွဲလွဲ"ဟု စာချိုးရမည်ကဲ့သို့ ဖြစ်ပါသည်။

တပည့်တော်တို့သည် သဿတ,ဥစ္ဆေဒမဟုတ်သည်ကို သဿတ,ဥစ္ဆေဒလုပ်မိခြင်းကြောင့် သဿတနှင့်ဥစ္ဆေဒအစစ် ဒိဋ္ဌိများသည် တပည့်တော်များမမြင်နိုင်သော တရားဖြစ်ပြီး၊ တပည့်တော်များ ပယ်မရ ဖြစ်ခဲ့ပါသည်။

သေပြီးနောက် ကံဆက်ရှိသေးသောကြောင့် ဖြစ်မည်။ သေပြီးနောက် ကံကုန်ပြီးလျှင်ကား မဖြစ်ပြီ။ဤသို့ဟူသော သဿတနှင့်ဥစ္ဆေဒ ဒိဋ္ဌိများသည် တပည့်တော်တို့၏ မျက်စေ့၊ တပည့်တော်တို့၏ ဦးနှောက်၊ တပည့်တော်တို့၏ ခေါင်း၊ တပည့်တော်တို့၏ လမ်းစဉ်၊ တပည့်တော်တို့၏ လမ်းညွှန်တရား ဖြစ်ခဲ့ပါသည်။တပည့်တော်တို့သည် မျောက်ကို ဥယျာဉ်

မှူး ခန့်မိသည်အလား မှားခဲ့ကြသူများ ဖြစ်ပါသည်။သေပြီးနောက် ဆိုးဆိုး ဖြစ်မည်ကို ကြောက်ပါသည်။ ကောင်းကောင်းဖြစ်မည်ကို မျှော်ပါသည်။ ဘာမျှမဖြစ်ရမည်ကိုကား အမျှော်ရဆုံး ဖြစ်ပါသည်။

ဤအကြောက်နှင့်အမျှော်များအတွက် ကိုယ်,နှုတ်,နှလုံး သုံးပါး လုံးအား မိုက်မှုသင်္ခါရများနှင့် အမြဲလုံးပမ်းနေခဲ့ရပါသည်။ထို့ကြောင့် တပည့်တော်တို့သည် အိပ်ကောင်းခြင်း မအိပ်ရ။စားကောင်းခြင်း မစားရ။ အမြဲ အားစိုက်နေရသူ၊ နည်းနည်းမျှမလွတ်လပ်သူ၊ နည်းနည်းမျှ မငြိမ်း ချမ်းသူ ဖြစ်နေခဲ့ရပါသည်။

အမြဲ ကျဆုံးနေခြင်း၊ အမြဲ ဆင်းရဲနေခြင်း၊ အမြဲ ကိုယ်စိုးမရ ဖြစ်နေခြင်းများကို မြင်ရသောကြောင့် ကျဆုံးခြင်း၊ဆင်းရဲခြင်းစသည်တို့မှ လွတ်ချင်ခဲ့ပါသည်။လွတ်ချင်သောကြောင့် ပိုကြိုးစား။ ပိုကြိုးစားသော ကြောင့် ပိုဆင်းရဲ။ဤသို့ပင် ချမ်းသာမဘက် သက်သက် ဆင်းရဲနေရသူ စိတ္တဇဝေဒနာရှင်အဖြစ် ကျွံနစ်ရသည်အထိ ဖြစ်ရပါသည်။

ဤဆင်းရဲများသည် တပည့်တော်များအမှား၏ အကျိုးများ ဖြစ် ပါသည်။မြတ်စွာဘုရားနှင့် လားလားမျှမဆိုင်ပါ။မြတ်စွာဘုရားတပည့် များ၏ အမှားဖြစ်၍ မြတ်စွာဘုရားမှားသလိုလို သူများတွေးထင်ဘွယ်ဖြစ် အောင် တပည့်တော်များ ပြုခဲ့မှုများအတွက် မြတ်စွာဘုရားသည် တပည့် တော်တို့အား သနားခွင့်လွှတ်ပါမည့်အကြောင်း ရှိခိုး ပြန်လျှောက်ရပါ မည်။

"မြတ်စွာဘုရားသည် အရိယသစ္စာတရားကို မြင်ရေးအတွက် အရိယသစ္စာရှုထောင့်နှင့် မဖြောင့်တန်းမတည့်မတ်သော သေပြီးနောက် ဖြစ်,မဖြစ်အယူများကို သဿတဒ,ဥစ္ဆေဒဒိဋ္ဌိများအဖြစ် မှားယွင်းသော

အယူများဟု ပိုင်းခြား ညွှန်ပြခဲ့ပါသည်။”

ဤသို့ဖြစ်လျက် တပည့်တော်များသည် ဤဒိဋ္ဌိများ၌လည်း အမှန်နှင့်ခြားအောင် ယူမှားမိခဲ့ကြပါသည်။ဤသို့ဖြစ်ရခြင်း အကြောင်း အရင်းသည် ရုပ်ကိုဖြစ်စေ၊နာမ်ကိုဖြစ်စေ ရွံမုန်းပယ်သတ်စရာဟု တပည့်တော်များ အပယ်အသတ်မှားသောကြောင့် ဖြစ်ပါသည်။ရုပ်ကို ပယ်သည်ဖြစ်စေ၊ နာမ်ကိုပယ်သည်ဖြစ်စေ၊ ရုပ်,နာမ်နှစ်ပါးစလုံးကို ပယ်ရမည်ဟု ထင်သည်ဖြစ်စေ- လူကိုလွှန်ရပါမည်။လူကိုလွှန်၍ တွေးကြံခြင်းသည် သစ္စာနှင့် အလွဲကြီးလွဲရပါမည်။

ရုပ်,နာမ်များကို စက်ဆုတ်နှလုံးနာခြင်းသည် ဒိဋ္ဌိကို စက်ဆုတ်ရွံရှာ နှလုံးနာစရာဟု မမြင်ဘဲ ဒိဋ္ဌိများ ဝကွက်၍ကျန်ခဲ့အောင် ကြံဆောင်ယူငင် ဒိဋ္ဌိကိုခင်မင်ခြင်း ဖြစ်ပါသည်။စက်ဆုတ်ရွံရှာ နှလုံးနာရမည့် တဏှာ၊မာန၊ဒေါသအစရှိသော တရားတို့လည်း ဤအတူဖြစ်ပါသည်။ တဏှာ၊မာန၊ဒေါသအတုများကို အစစ်ထင်။အစစ်များကို အတုထင်ပြီး မပယ်နိုင်၊မသတ်နိုင်ဘဲ တဏှာ၊မာနစသည်၏ ကျေးကျွန်ဖြစ်ပါသည်။

တပည့်တော်တို့သည် ကိုယ့်စားဝတ်နေရေး၊ကျန်းမာရေးအတွက် အလုပ်အကိုင်များ လုပ်ကိုင်လျှင်လည်း တဏှာဖြစ်သည်။အစာစားချင်ခြင်း အဝတ်ဝတ်ချင်ခြင်းသည်လည်း တဏှာဖြစ်သည်။ဤသို့ပင် တဏှာမဟုတ်သည်ကို၌လည်း တဏှာလုပ်မိကြပါသည်။တဏှာကိုမူကား တဏှာမဟုတ်ဟု မြင်တတ်ကြပါသည်။

တပည့်တော်တို့သည် သေပြီးနောက် ဘာမှမဖြစ်တော့ခြင်းကို နိဗ္ဗာန်ဟု ထင်ပါသည်။ထိုနိဗ္ဗာန်ကိုလည်း တပည့်တော်တို့ တောင့်တကြပါသည်။တပည့်တော်တို့သည် သေပြီးနောက် ဘဝမဖြစ်ခြင်းကို တောင့်

တဆာလောင်ကြသူများ ဖြစ်ပါသည်။ဝိဘဝတဏှာကို တဏှာဟု မထင်ကြပါ။ဆန္ဒဟု မြင်ကြပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် တဏှာကိုမသိသောကြောင့် တဏှာကိုပယ်ရမည့်အစား အလုပ်အကိုင်ကို ပယ်မိလိုပယ်မိ။ အစား, အဝတ်ကို ပယ်မိလိုပယ်မိ ဖြစ်ခဲ့ကြပါသည်။တဏှာမဟုတ်သည်ကို တဏှာလုပ်မိသောကြောင့် တဏှာသည် တပည့်တော်တို့ ပယ်မရသော တရားဖြစ်ပြီး တပည့်တော်တို့အား တဏှာသည် ကာမတဏှာအဖြစ်လည်းကောင်း၊ ဘဝတဏှာအဖြစ်လည်းကောင်း၊ ဝိဘဝတဏှာအဖြစ်လည်းကောင်း ပူးဝင်နှိပ်စက်ပါတော့သည်။

ဒေါသ၌လည်း ဤနည်းအတိုင်း ဖြစ်ပါသည်။ တပည့်တော်တို့သည် လူကိုကျော်လွန်သူများဖြစ်သောကြောင့် ဒေါသမဟုတ်သည်ကိုလည်း ဒေါသလုပ်မိကြပါသည်။ အန္တရာယ်ကျရောက်သောအခါ အန္တရာယ်ကိုကာကွယ်ရန် ဆုတ်နစ်သောစိတ်၊ တက်ကြွသောစိတ်များ ဖြစ်ပွားပါသည်။ဥပမာ__ လှိုင်းကြီးသောရေပြင်ကျယ်၌ လှေငယ်ကိုမစီးလိုခြင်းစိတ်များ၊ ကျွဲရိုင်း,နွားရိုင်းများ တိုက်ခိုက်ခံရ၍ အကူတောင်းသောအခါ ပြေးလွှားအော်ဟစ်သောအသံနှင့် ကိုယ်လက်လှုပ်ရှားမှုများ ဖြစ်ပါသည်။

တပည့်တော်တို့သည် ဤအရာမျိုးကို ဒေါသဟု ထင်မိမှားခဲ့ပါသည်။ထိုသို့ဖြစ်သော်လည်း ဤဒေါသများကို တပည်တော်တို့ ပယ်မရဖြစ်ခဲ့ပါသည်။ဤသို့ ဒေါသမဟုတ်သည်ကို ဒေါသလုပ်မိသောကြောင့် အစစ်အမှန်ဒေါသကိုလည်း တပည့်တော်များ အကုန်အစင်မသိ ဖြစ်ခဲ့ကြပါသည်။

ရုပ်,နာမ်ကို တပည့်တော်တို့ ရွံမုန်းပါသည်။ရွံမုန်းသော်လည်း ရုပ်,နာမ်ကင်းအောင် မတတ်နိုင်ပါ။ထို့ကြောင့် လည်၌ခွေးသေပုပ် အဆွဲခံရသူပမာ ငြီးငွေ့နှလုံးနာပါသည်။ဤအရာများသည် တရားဖြစ်နေသည်ဟု တပည့်တော်တို့ ထင်ပါသည်။ဆုတ်နစ်သောဒေါသများ ဖြစ်နေသည်ဟု တပည့်တော်တို့ မသိပါ။

ထို့ပြင်လည်း တပည့်တော်တို့သည် လူကိုလွန်ကြသောကြောင့် ထိနကိလေသာ မဟုတ်သည်၌လည်း ထိနကိလေသာဟုထင်ကြပါသည်။ အိပ်ပျော်ခြင်းသည် ဘယ်သို့သောကံစိတ်မျှ မဖြစ်ပါ။ ထိနကိလေသာသည် အကုသိုလ်ကံများ ဖြစ်ပွားမှသာ ဖြစ်ခွင့်ရသောကိလေသာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း အိပ်ပျော်ခြင်းသည် ထိနမိဒ္ဓကိလေသာ အားကြီးသည်ဟု တပည့်တော်များ ထင်မှားခဲ့ကြပါသည်။ ဤသို့ပင် ထိနလုပ်ခဲ့ကြပါသည်။

အကယ် ထိနကိလေသာဟုတ်သည်၌ကား ထိနမဟုတ်ဟု ထင်မိခဲ့ကြပါသည်။တရားမဟုတ်သော ရုပ်,နာမ်၌ တရားလုပ်၍ ကျင့်မိသောကြောင့် လူအဖြစ်ကိုငြီးငွေ့ပြီး စားဝတ်နေမှု မရှေးရှု မပျော်ပိုက် ခေါင်းရိုက်ငေးမှိုင် နေထိုင်ခြင်းသည်လည်း စိတ်မဝံ့ခြင်း(ထိနကိလေသာ) ဖြစ်ပါသည်။ဤသို့ပင် ထိနအဟုတ်၌မူကား ထိနမလုပ်မိ ဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့် တပည့်တော်တို့သည် အိပ်ပျော်ခြင်းကိုသာပယ်ဘို့ ကြိုးစားကြပြီး အကယ်ထိနကိုပယ်ဘို့ မကြိုးစားမိ ဖြစ်ပါသည်။

မာနကိလေသာကို ပယ်သတ်ရာ၌လည်း အလားတူပင် ဖြစ်ပါသည်။တပည့်တော်တို့သည် မာနကိလေသာကိုပယ်သတ်ရာ၌ ငါမဟုတ်, သူမဟုတ် နာမ်နှင့်ရုပ် လုပ်လိုက်မိခဲ့ကြပါသည်။လူကိုကျော်သော နာမ်,

ရုပ်အဘိဓမ္မာသည် တပည့်တော်တို့အား မာနကိုလည်းမသိအောင် အမှောင်ကျစေခဲ့ပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့အား အထောင်အလွှား၊ အမောက်အမာကင်းအောင် မာနကိုပယ်ရန် ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။ ငါမဟုတ်,သူမဟုတ် နာမ်နှင့်ရုပ်လုပ်မိလျှင် အထောင်အလွှားကင်းသူပင်မရှိ ဖြစ်ပါမည်။မြတ်စွာဘုရား၏ ငါမဟုတ်,သူမဟုတ်ညွှန်ပြချက်သည် တပည့်တော်တို့၏ ရုပ်,နာမ်အမြင်နှင့် အလွဲကြီးလွဲပါသည်။

အကယ်၍ လူသည် ဘယ်အလုပ်ကိုလုပ်သည်ဖြစ်စေ သို့မဟုတ် ဘယ်အဖြစ်ကိုဖြစ်သည်ဖြစ်စေ ငါလုပ်သည်၊ငါဖြစ်သည် ထင်ကြရိုးဖြစ်ပါသည်။ဤသို့ထင်မြင်ပြီး ငါနှင့်သူ ဘယ်သူကသာ၍ ဘယ်သူကချာသည် စသည်ဖြင့် တိုင်းထွာပြီး ဝမ်းနည်းဝမ်းသာဖြစ်ကြသည်မှာ ဓမ္မတာဖြစ်ပါသည်။

သူနှင့် ငါ၊ ငါနှင့် သူ။ဘယ်သင်းကသာ၊ ဘယ်သင်းကချာ တိုင်းထွာစရာသည် အကယ်မရှိပါ။ဘယ်သူ ဘာလုပ်,ဘာဖြစ်ဆိုသည်မှာ သူလုပ်ချင်တိုင်းလုပ်၊ သူဖြစ်ချင်တိုင်းဖြစ်သည် မဟုတ်ပါ။အခြေအနေအရ-လုပ်၊ အခြေအနေအရ-ဖြစ်သာ ရှိပါသည်။လုပ်ခြင်းနှင့်ဖြစ်ခြင်းများ၌ လူသည် ဇာတ်လိုက်မဟုတ်ပါ။အခြေအနေသည်သာ ဇာတ်လိုက်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့အား လုပ်ခြင်း,ဖြစ်ခြင်းများ၌ လူကိုဇာတ်လိုက်ထင်ပြီး ကြည့်မှားခြင်းကို ပယ်ရှားစေလိုသောကြောင့် မာနကိလေသာကို ပယ်ရှားခိုင်းခြင်း ဖြစ်ပါသည်။

တပည့်တော်တို့သည် မြတ်စွာဘုရားညွှန်ပြသော ကိလေသာကို

မသိ,မမြင်ဖြစ်ပါသည်။ ထို့ကြောင့် မာနကိုပယ်သတ်ရမည့်အစား လူကို ပယ်မိခဲ့ကြပါသည်။

မြတ်စွာဘုရား.......

တပည့်တော်တို့အား သနားသောအားဖြင့် ခွင့်လွှတ်တော်မူပါ။ တပည့်တော်တို့သည် မြတ်စွာဘုရား ပယ်ရန်ညွှန်ပြခဲ့သော တရားများကို လူများ သို့မဟုတ် ငါကို ငါမဟုတ်၊ သူများသည်လည်း သူများမဟုတ်၊ ယောကျ်ားများသည်လည်း ယောကျ်ားမဟုတ်စသည်ဖြစ်သည်ဟု ထင်မိခဲ့ကြပါသည်။ရုပ်များ သို့မဟုတ် နာမ်များဟုလည်း ထင်ခဲ့ကြပါသည်။ ရုပ်,နာမ်နှစ်ပါးလုံးဖြစ်မည်ပင် ထင်မိကြပါသည်။

ထို့ပြင်လည်း မြတ်စွာဘုရားပယ်ရန် ညွှန်ပြသည့် တရားများ၌ စားခြင်း၊အိပ်ခြင်း၊ဝတ်ခြင်းစသည်များ၌လည်းဖြစ်သည်ဟု ထင်မိခဲ့ကြပါသည်။အစစ်အမှန်ပယ်ရမည့် တဏှာ,သမုဒယကိလေသာများ၌ တပည့်တော်များ လားလားမျှစိတ်မဝင်စားမိခဲ့ကြပါ။ဤအပြစ်များသည် မြတ်စွာဘုရားကို မြတ်စွာဘုရားမဟုတ်အောင် တင်ပြနေဘိသည့်အလားကြီးမားလှကြောင်း တပည့်တော်များ သဘောသွားဉာဏ်ပေါက် အလင်းရောက် သိမြင်ခဲ့ရပါပြီ။

ထို့ကြောင့် ဤအပြစ်များကို အပြစ်များအလျောက်ရှုမြင်ပြီး ပြုပြင်မည်ဖြစ်ကြောင်း ရိုသေစွာလျှောက်ထား၍ ဝပ်တွားရှိခိုးအပ်ပါသည် အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား........။

သမုဒယသစ္စာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# ပဋ္ဌိစ္စသမုပ္ပါဒ် ဓမ္မပူဇာ ဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်ဘုရားဟောညွှန်ပြသ ဆုံးမခဲ့သော အရိယသစ္စာလေးပါး၌ တပည့်တော်များ မှားချင်တိုင်းမှား၊ ဝါးချင်တိုင်း ဝါးခဲ့သည်များကို မရှက်နိုင်မကြောက်နိုင်အားဘဲ အမှန်တရားကိုလက်ကိုင်ထား၍ ညွှတ်ကျိုးရှိခိုး ကန်တော့ခဲ့ရပါပြီ။

အသျှင်ဘုရားအား ဤသို့ရှိခိုးရကာမျှဖြင့် တပည့်တော်တို့ အမှားများကြောင့် မဝနိုင်အောင် ရှိနေရပါသေးသည်။တပည့်တော်တို့သည် အသျှင်ဘုရားကိုပြစ်မှားရာ၌ အရိယသစ္စာမျှမက ပိဋကတ်၌ ရှိသမျှတိုင်းလိုလိုဖြင့် အထင်လွဲမှား ပြစ်မှားမိကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အသျှင်ဘုရားအား ဘယ်တရားဖြင့် ရှေးဦးစွာ ညွှတ်ကျိုးရှိခိုးရမည်ပင် မသိချင်သလိုလို ဖြစ်မိပါသည်။ထိုသို့ဖြစ်သော်လည်း ပဋ္ဌိစ္စသမုပ္ပါဒ်မှာမူကား အသျှင်ဘုရား၏ ဘဝအမြင်ဆင်ခြင်ခဲ့ချက်များ ဖြစ်၍ ပဋ္ဌိစ္စသမုပ္ပါဒ်ဖြင့်ပင် အသျှင်ဘုရားအား ရှေးဦးစွာ ညွှတ်တွားကန်တော့ခွင့် ပြုစေချင်ပါသည်။

အသျှင်ဘုရားဟောကြားခဲ့သော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလသုံးတန် ဘဝအဖြစ်များ ဆက်စပ်ဟန်ကို ညွှန်ပြချက်ဟု တပည့်တော်များ မမှိတ်မသုန် ယုံကြည်ခဲ့ကြပါသည်။ တပည့်တော်တို့ မမွေးမီဘဝ၊မသေမီဘဝ၊သေပြီးနောက်ဘဝ-ဤသုံးဘဝတို့ အဆက်မပြတ် ဆက်စပ်ဟန်ကို ဝေဘန်ဟောပြချက်ဟု အသိသက်ရောက် သဘောပေါက်ခဲ့ရပါသည်။ထို့ကြောင့် အသျှင်ဘုရား၏ ပဋ္ဌိစ္စ

သမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ရပ်ရှိသောတစ်ပတ်သည် သုံးဘဝဆက်မှဖြစ်မည်ဟုလည်း မှတ်ယူခဲ့မိပါသည်။

ယခုဘဝ၌ကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါတစ်ဆယ့်နှစ်ရပ်အနက် ရှစ်ရပ်သာဖြစ်သည်။ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးလွှာအင်္ဂါများနှင့် တဏှာ,ဥပါဒါန်,ဘဝဟူသော ပစ္စုပ္ပန်အကြောင်းအင်္ဂါများသာ ဖြစ်ပါသည်။

ပစ္စုပ္ပန်အကျိုးလွှာများ၏ အကြောင်းဖြစ်သော အဝိဇ္ဇာ,သင်္ခါရဟူသော အတိတ်အကြောင်းလွှာအင်္ဂါများကား မမွေးမီဘဝ၌ ရှိခဲ့သည်။ ပစ္စုပ္ပန်အကြောင်းလွှာများ၏ အကျိုးဖြစ်သော ဇာတိ၊ဇရာ၊မရဏဟူသော အနာဂတ်အကျိုးလွှာအင်္ဂါရပ်များ သေပြီးနောက်ဘဝ၌ ဖြစ်လတ္တံ့ ဖြစ်သည်။ဤသို့ပင် သုံးဘဝဆက်မှ အင်္ဂါတစ်ဆယ့်နှစ်ရပ် ပဋိစ္စသမုပ္ပါဒ်တစ်ပတ်လည်သည်။

တပည့်တော်တို့သည် အသျှင်ဘုရား၏တရားကို ဤသို့ပင် နားလည်ခဲ့ကြပါသည်။တပည့်တော်တို့၏နားလည်ချက်သည် အသျှင်ဘုရားအား စော်ကားသည်နှင့်မခြား ဖြစ်ခဲ့ပါလိမ့်မည်။အသျှင်ဘုရားသည် လူ၌ဖြစ်သော အရိယသစ္စာလေးပါးကို ဟောကြားခဲ့ပါသည်။တပည့်တော်တို့သည် အသျှင်ဘုရား၏ဟောကြားချက်ကို လူလွန်အောင် နားလည်ခဲ့မိကြပါသည်။

တပည့်တော်တို့သည် အသျှင်ဘုရားဟောကြားတော်မူသော တရားတော်များကိုလေ့လာကြရာ၌ ဟောကြားချက်စကားတော်ကို ဟောကြားချက်စကားတော်အဖြစ်သာ လေ့လာခဲ့မိကြပါသည်။အသျှင်ဘုရား၏စကားတော်ကို တကယ့်လူမှာဖြစ်သော အဖြစ်အပျက် အနက်

အတ္တတို့ဖြင့်လေ့လာရန် ချွတ်ယွင်းခဲ့ကြပါသည်။

တပည့်တော်တို့၏ ချွတ်ယွင်းချက်သည် ခွင့်လွှတ်ရန်ခက်သော ချွတ်ယွင်းချက်ပင် အမှန်ဖြစ်ပါလိမ့်မည်။အဘယ့်ကြောင့်ဆိုသော် တပည့်တော်တို့ ယခုပစ္စုပ္ပန်ဘဝ၌ပင် ဇာတိ၊ဇရာ၊မရဏများ ဖြစ်ပွားနေသည်ကို ပေါ်ပေါ်လွင်လွင် အထင်အရှားတွေ့နိုင်အားလျှက် ဤအင်္ဂါများ အနာဂတ်မှဖြစ်ပွားမည်ဟု မှတ်သားမိခြင်း ဖြစ်ပါသည်။ဤအတူ အဝိဇ္ဇာ,သင်္ခါရများလည်း ဤဘဝ၌ ပေါ်လွင်ထင်ရှားလျှက် ဤဘဝ၌ မဖြစ်ဟု မှတ်သားခဲ့ကြခြင်း ဖြစ်ပါသည်။

ပစ္စုပ္ပန်အကျိုးလွှာမှာ ဇာတိနှင့် ဇရာ,မရဏ ပါဝင်ပါသည်။ အကြောင်းလွှာမှာ အဝိဇ္ဇာနှင့်သင်္ခါရ ပါဝင်သည်။ဤသို့ဆိုလျှင်လည်း ပစ္စုပ္ပန်မှာပင် အင်္ဂါတစ်ဆယ့်နှစ်ရပ်လုံးဖြစ်သည်ဟုပင် မှတ်သားသင့်ပါသည်။ပဋ္ဌိစ္စသမုပ္ပါဒ်၌ တပည့်တော်များ ဤသို့ နောက်ကျိထွေပြား ဝါးနေခြင်းမှာ စာကိုဖတ်ရာ၌ စာနှင့်- တကယ့်အနှစ်ဖြစ်သောစာကို ချန်လှပ်ပြီး စာနှင့်-အနက်များကိုသာ ဖတ်မိသောကြောင့် ဖြစ်ပါလိမ့်မည်။

တပည့်တော်တို့သည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို သုံးဘဝစပ်မှ တစ်ပတ်လည်သည်ဆိုလျှင် ပစ္စုပ္ပန်အကျိုးလွှာအင်္ဂါများဖြစ်သော ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာတို့သည် တစ်ဘဝလုံး တစ်ခါသာဖြစ်ရမည်ကဲ့သို့ အဓိပ္ပါယ်ရှိပါသည်။ပစ္စုပ္ပန်အကြောင်းလွှာအင်္ဂါများဖြစ်သော တဏှာ၊ဥပါဒါန်၊ဘဝတို့လည်း တစ်ဘဝ တစ်ခါသာဖြစ်ရမည်ကဲ့သို့ ဖြစ်ပါသည်။

အကယ်၍ ဤတရားများ တစ်ဘဝအတွင်း မရေမတွက်နိုင် များစွာဖြစ်နေခဲ့ပါသည်။ ဝေဒနာများစွာဖြစ်ရန် ဖဿများစွာ ဖြစ်ရပါသည်။

ထို့အတူ ဝိညာဏ်ပေါင်းများစွာဖြစ်ရန်လည်း သင်္ခါရပေါင်းများစွာ ဖြစ်ရပေမည်။အကယ်၍ကား ပဋိစ္စသမုပ္ပါဒ်သည် တစ်ဘဝ၌ တစ်ပတ်မပြည့်အောင် မလည်မပတ် ရပ်နေသည်မဟုတ်ပါ။အမြဲမပြတ် လည်ပတ်နေပါသည်။

အဝိဇ္ဇာသည် ဒုက္ခကို ဒုက္ခဟု ပိုင်းခြားမသိခြင်းဖြစ်ပါသည်။ထိုအဝိဇ္ဇာတရားသည် မမွေးမီကဖြစ်ခဲ့သည်၊မဖြစ်ခဲ့သည်ကို တပ်အပ်မသိသော်လည်း ယခုဘဝဖြစ်နေသည်ကိုကား တပည့်တော်တို့ တပ်အပ်သိပါသည်။

သင်္ခါရသည်လည်း ပုညာပုည,အာနေဥ္စ အဘိသင်္ခါရဖြစ်သောလောကီကုသိုလ်,အကုသိုလ်များ ဖြစ်ပါသည်။ဤသင်္ခါရများသည်လည်း မမွေးမီက ဖြစ်,မဖြစ် ဧကန်ဧကမသိရသော်လည်း မွေးပြီး မသေမီအတွင်းကား ဖြစ်နေသည်မှာ ဧကန်ဖြစ်ပါသည်။

ဤအင်္ဂါရပ်များသည် မမွေးမီကဖြစ်ခဲ့သော အင်္ဂါရပ်များဟု တပည့်တော်တို့ထင်သော်လည်း မွေးပြီဖြစ်နေသောအင်္ဂါရပ်များ အမှန်ဖြစ်ကြပါသည်။ဤအင်္ဂါရပ်များသည် ကံနှင့်ကိလေသာများ ဖြစ်ကြပါသည်။ဤကံ ဤကိလေသာများ တပည့်တော်တို့မှာဖြစ်နေမှန်း အလျဉ်းသိလျှက်ဤအင်္ဂါရပ်များသည် မမွေးမီကအကြောင်းအရာများဟု မှတ်သားနေမိခဲ့ကြပါသည်။

ဤကံ,ကိလေသာများသည် ပစ္စုပ္ပန်အကြောင်းတရားဖြစ်သောတဏှာ,ဥပါဒါန်,ဘဝများ၌ သွယ်ဝိုက်၍ပါနေခြင်းသာ ဖြစ်သည်-ဤသို့ထင်နေသည်။သေပြီးနောက် ဇာတိ,ဇရာ,မရဏများအဖြစ်သာ အကျိုးကိုဖြစ်စေမည်။ဤသို့ မှတ်သားနေမိခဲ့ပါသည်။

မြတ်စွာဘုရားသည် ပစ္စုပ္ပန်အကျိုးငါးပါး၌ ဝိညာဏ်ကို ရှေးဦးစွာဟောခဲ့ပါသည်။ဝိညာဏ်သည် ပဋိသန္ဓေစိတ် (ကေ့နုဝီသတိဝိညာဏ်စိတ်)များ ဖြစ်ပါသည်။ဤဝိညာဏ်သည် ပဋိသန္ဓေ,ဘဝင်,စုတိ သုံးကိစ္စတပ်ပါသည်။

ပစ္စုပ္ပန်အကြောင်းများ၌ သွယ်ဝိုက်ပါနေသည်ဟု ထင်ခဲ့သောသင်္ခါရသည် ဇောကိစ္စတပ်ပါသည်။ဇောစိတ်များစောပြီးသောအခါတွင် ဘဝင်စိတ်များ ကျပါသည်။ ဘဝင်စိတ်များသည် ဝိညာဏ်များဖြစ်ပါသည်။ဤဝိညာဏ်၏အကြောင်းသည် အတိတ်ဘဝ လောကီ ကံ,သင်္ခါရများဟု တပည့်တော်များ မှတ်သားနေမိခဲ့ကြသော်လည်း မွေးပြီးသည်မှ ဤဘဝစောသော ကံ,သင်္ခါရဇောများ၏ အကျိုးဝိပါက် ဝိညာဏ်ဘဝင်များအဖြစ် မြတ်စွာဘုရား ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ဤမှုထင်ပေါ်ချက်ကို တပည့်တော်များ မသိနိုးနားနှင့် ဝိုးဝါးခဲ့ကြပါသည်။ဤသို့ဝိုးဝါးရသည်မှာလည်း တပည့်တော်များ၏ အသိဉာဏ်နည်းပါး အကောက်မှားး၍ ဖြစ်ပါသည်။

တပည့်တော်တို့သည် ပဋိသန္ဓေ,ဘဝင်,စုတိစိတ်များ တစ်ဘဝ၌ တစ်စိတ်တည်း၊တစ်အာရုံတည်းသာရှိကြသည်၊ မဟာဝိပါက်ပဌမစိတ်ဖြင့် ပဋိသန္ဓေနေခဲ့လျှင် သေလည်း မဟာဝိပါက်ပဌမစိတ်။နေလည်း အခြား (ဝီထိ)စိတ်များ မဖြစ်သောအခါ မဟာဝိပါက်ပဌမစိတ် ဖြစ်သည်။ဤသို့မှားခဲ့ကြပါသည်။တပည့်တော်တို့သည် စာ၏ တကယ့်အနက်ကို မဘတ်ဘဲ စာ၏စာနက်များကိုသာ ဘတ်ခဲ့ကြသူများ ဖြစ်ပါသည်။

ထို့ကြောင့် တပည့်တော်များသည် လောဘဇောသင်္ခါရများစောပြီးနောင်-လောဘ၏အကျိုးဝိပါက်ဘဝင်ဖြစ်သော အဟိတ်အကုသလ

ဝိပါက်ဘဝင်များ ဖြစ်ပွားသည်ကို ထင်ရှားလျှက် မမြင်အားဖြစ်ခဲ့ကြပါသည်။ဒေါသဇောများစောပြီးနောင်လည်း ဒေါသ၏အကျိုးဝိပါက်များ ကျပါသည်။မဟာကုသိုလ်ပဌမဇောနောင်လည်း မဟာဝိပါက်ပဌမဘဝင်များ ကျပါသည်။ရူပါရူပကုသိုလ် စျာန်ဇောများနောင်လည်း ရူပါရူပစျာန်ဘဝင်များ ကျပါသည်။ဤသို့ဖြစ်သည်မှာ ထင်ရှားပါသည်။

ချစ်ခြင်း၊မုန်းခြင်း၊ကြည်ညိုလေးစားခြင်းစသော ဇောစိတ်များဖြစ်ပွားပြီးနောက် ထိုဇောများ၏ဆန့်ကျင်ဘက် အခြေအနေတစ်ရပ်ရပ် မရောက်မချင်း ထိုဇောများအတိုင်း ချစ်လျှက်၊မုန်းလျှက်၊ကြည်ညိုလေးစားလျှက် စသည်ရှိခြင်းမှာ ဘဝင်ကျခဲ့ခြင်းကြောင့် ထင်ရှားလှပါသည်။

ဘဝင်စိတ်သည် ဒွါရမဲ့သောစိတ် ဖြစ်သောကြောင့် တပည့်တော်တို့အတွက် မျက်ကွယ်နေခဲ့ပါသည်။တပည့်တော်တို့အတွက် မသိစိတ်ဖြစ်နေခဲ့သည်ဟု ဆိုရပါမည်။ထိုသို့ဖြစ်သော်လည်း ဘဝင်စိတ်သည် မနောဒွါရစိတ် ဖြစ်ပါသည်။မနောဒွါရသည် ဓမ္မာရုံများ၏ ဒွါရတာဝန်ကို ခံရသော ဒွါရဖြစ်ပါသည်။ထို့ကြောင့် ဇောက ချစ်လျှင် ဘဝင်ကလည်း ချစ်ဘဝင်ဖြစ်ပြီး၊ ထိုချစ်ဘဝင်ဒွါရ၌ ဓမ္မာရုံတစ်ခုခုဝင်လာလျှင် ချစ်ဇောအဖြစ်ပင် စောစရာရှိပါသည်။

ထို့ကြောင့် ဝိပါက်ဝိညာဏ်စိတ်သည် လောကီကံ(စေတနာ)ဇောများ ဖြစ်သောကြောင့် ဘဝင်။ ရှေးဇောစေတနာဘဝနှင့် နောက်ဇောစေတနာဘဝနှစ်ခုတွင် စပ်ပေးတတ်သောကြောင် ပဋိသန္ဓေ။ တစ်ဘဝမှတစ်ဘဝ ရွေ့လျားစေသောကြောင့် စုတိ။ ကိစ္စသုံးမျိုး ရရှိခြင်း ဖြစ်ပါသည်။ဤကိစ္စသုံးခုသည် တပြိုင်နက်ဖြစ်ပါသည်။မိခင်ဝမ်းတွင်းတွင် အစဦးဖြစ်ချိန်၌ ပဋိသန္ဓေ၊သေချိန်၌ စုတိ၊နေချိန်မှာ ဘဝင်။ဤသို့မဟုတ်ပါ။

တပည့်တော်တို့သည် ဤမျှထင်ရှားနေသည်ကိုလည်း မှန်ဝါး၍နေခဲ့ကြပါသည်။ထို့ကြောင့် ဝိညာဏ်၏အကြောင်းသည် အတိတ်မှ သင်္ခါရဟု ယူဆမိခဲ့ကြပါသည်။ဤအတိတ်အကြောင်း သင်္ခါရအရသည် ပစ္စုပ္ပန်အကြောင်းအင်္ဂါ ဘဝနှင့်အတူပင် ဖြစ်ပါသည်။အမှန်၌ သင်္ခါရသည် ဘဝဖြစ်သည်။ ဘဝဟူသည် လောကီကံ(စေတနာ)များ ဖြစ်ပါသည်။

ဤနေရာ၌ ဘဝအရကို တပည့်တော်များ များစွာပင် မှန်ဝါးကြပါသည်။ဘဝ အရကောက်ရာ၌ တရားကိုယ်အဖြစ် လောကီကံ(စေတနာ)မျှကောက်ရသည်ကို အားမရသောကြောင့် ဘဝကြီးကို ကိုးမျိုးအဖြစ်တစ်တစ်ခွခွ ကောက်ခဲ့ကြပါသည်။ဤသို့ပြုမိခြင်းသည်လည်း တပည့်တော်တို့ကို မျက်စေ့လည်စေပါသည်။

ဓမ္မပုဒ်တစ်ခုကို အရကောက်ရာ၌ တရားကိုယ်မဟုတ်သောအရာများဖြင့် သဝေထိုးနေကြလျှင် ဤကဲ့သို့ မျက်စေ့လည်ရမည်မှာလည်း ဓမ္မတာဖြစ်ပါသည်။ဘဝကြီးကိုးမျိုးဆိုသော်လည်း တကယ့်တရားကိုယ်မှာ စေတနာပင် ဖြစ်ပါသည်။ကာမဘဝသည် ကာမကံစေတနာ။ ရူပါရူပဘဝသည် ရူပါရူပကံစေတနာ။ ဧကဝေါကာရဘဝသည် ရူပပဥ္စမကံစေတနာ။စတုဝေါကာရဘဝသည် အရူပကံစေတနာ။ဤသို့ပင် ဖြစ်ပါသည်။

ဘဝအရကို တကယ်ထိမိအောင်ကောက်သောအခါ လောကီကံစေတနာပင် ရပါသည်။တပည့်တော်တို့အမြင်၌ ဘဝဆိုသည်မှာ လူအဖြစ်၊နတ်အဖြစ်၊ပြဟ္မာအဖြစ်၊ခွေး,နွား,တိရစ္ဆာန်,ပြိတ္တာစသည်အဖြစ်-ဤသို့မှတ်ထင်နေခဲ့ကြပါသည်။

ဘဝနှင့်သင်္ခါရသည် အရတူဖြစ်ပါသည်။သင်္ခါရဖြစ်ခြင်းသည် ဘဝဖြစ်ခြင်းပင် ဖြစ်ပါသည်။သင်္ခါရလည်း လောကီကံစေတနာ၊ ဘဝ လည်း လောကီကံစေတနာ ဖြစ်ပါသည်။

ထို့ကြောင့် ဘဝဟူသော ပစ္စုပ္ပန်အကြောင်းအင်္ဂါ၏ အကျိုးသည် သေပြီးနောက်၌ ဖြစ်လတ္တံ့သော အနာဂတ်အကျိုးလွှာ ဇာတိပဋိသန္ဓေ နေခြင်း မဟုတ်ပါ။ဇာတိအရသည်လည်း ဝိညာဏ်စသော ပစ္စုပ္ပန်အကျိုး တရားများ၏အဖြစ်ပင် ဖြစ်ပါသည်။ထို့ကြောင့် ပစ္စုပ္ပန်အကြောင်းအင်္ဂါ ဘဝ၏အကျိုးသည် ထိုဘဝနှင့် ကာလ,ဌာနမခြားဘဲ ခဏသာခြားသော ဘဝင်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်အကျိုးဝိညာဏ်၏ အကြောင်းသည် မမွေးမီ ကပြုသော အတိတ်အကြောင်း သင်္ခါရမဟုတ်သလို၊ ပစ္စုပ္ပန်အကြောင်း ဘဝ၏အကျိုးသည်လည်း သေပြီးနောက် အနာဂတ်အကျိုးဇာတိလည်း မဟုတ်ပါ။

အဝိဇ္ဇာ,သင်္ခါရကြောင့် ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ-ဖြစ်။ယင်းကြောင့် တဏှာ၊ဥပါဒါန်၊ဘဝ-ဖြစ်။ယင်းကြောင့် ဇာတိ နှင့်ဇရာ၊မရဏ-ဖြစ်။မြတ်စွာဘုရားသည် ဤသို့ပင် ဟောခဲ့ပါသည်။လည် ပတ်ပုံပေါ်လွင်ရန် အကျိုးနှင့်အကြောင်းတစ်စုံကို ပစ္စုပ္ပန်ပြု၍၊ ယင်းပစ္စု ပ္ပန်အကြောင်းကို အတိတ်။ ပစ္စုပ္ပန်အကြောင်း၏အကျိုးကို အနာဂတ်။ ဤသို့ထုတ်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ- ဝိပါက်ဇာတိ၊ဇရာ၊မရဏများဖြစ်သောကြောင့် အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန် ကိလေသာများ ဖြစ်။ကိလေသာများဖြစ်သောကြောင့် ဝိညာဏ်၊နာမ်ရုပ်၊

သဠာယတန၊ဖဿ၊ဝေဒနာ-ဝိပါက်ဇာတိ၊ဇရာ၊မရဏများ ဖြစ်။ဤသို့ဖြစ်ပါသည်။ဝိပါက်ကြောင့် ကိလေသာဖြစ်။ကိလေသာကြောင့် ကံဖြစ်။ ကံကြောင့် ဝိပါက်ဖြစ်။ဤသို့ လည်ပတ် ဖြစ်,ပျက်နေသည်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့ဖြစ်သော်လည်း စကားလုံးစိမ်းသောကြောင့် တပည့်တော်တို့ဉာဏ်၌ လည်ပတ်ဟန်မထင်ဘဲ သုံးဘဝစပ်မှ တစ်ပတ်လည်ဟန်ထင်မိမှားခဲ့ကြပါသည်။တပည့်တော်တို့သည် သံသရာဆိုသည်ကို မမွေးမီဘဝများ၊ ယခုဘဝနှင့် သေပြီးနောက်ဘဝများ ဖြစ်ပွား,လည်ပတ်နေခြင်းဟု မှတ်သားနေခဲ့ကြပါသည်။

မြတ်စွာဘုရား၏ "အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသရော ပုဗ္ဗကောဋိ နပညာယတိ"အစရှိသော စကားကိုလည်း မမွေးမီက ဟိုရှေးဘဝ အစမထင်သည်ကိုဆိုလိုသည်ဟု ထင်ခဲ့ကြပါသည်။

ကြက်မကအုရ၍ ကြက်ဥဖြစ်။ကြက်ဥကပေါက်သောကြောင့် ကြက်မဖြစ်။ဤ၌ ကြက်မနှင့်ကြက်ဥ လည်နေပါသည်။မည်သူကအစဟု မဖော်ပြနိုင် ဖြစ်နေပါသည်။ကိလေသာကြောင့် ကံဖြစ်။ ကံကြောင့် ဝိပါက်ဖြစ်။ဝိပါက်ကြောင့် ကိလေသာဖြစ်။ဤဝဋ်သုံးဖြာ ဘယ်အရာအစဟု မပြနိုင်အောင်ဖြစ်ခြင်းသည် "ပုဗ္ဗကောဋိ နပညာယတိ"ဖြစ်ခြင်းဖြစ်ပါသည်။

တပည့်တော်တို့သည် မြတ်စွာဘုရားဟောကြားခဲ့သော ပဋိစ္စသမုပ္ပါဒ်ကို ဘဝသံသရာအခြေပြဇယားအဖြစ် မှတ်သားမိခဲ့ကြပါသည်။မြတ်စွာဘုရားသည် တပည့်တော်တို့အား ဒုက္ခကိုပိုင်းခြားသိရန် သံသရာအခြေပြဇယားအဖြစ် ပဋိစ္စသမုပ္ပါဒ်တရားကို ဟောကြားခဲ့ပါသည်။

တပည့်တော်တို့သည် မြတ်စွာဘုရားညွှန်ပြသည်ကို မမြင်နိုင်ကြ ဖြစ်နေကြပါသည်။မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်တရားတော်အဖြစ် တပည့်တော်တို့၌ ဖြစ်ပွားနေသော ဒုက္ခအဖြစ်များကို ပိုင်းပိုင်းခြားခြား ဟောကြားတော်မူခဲ့ပါသည်။ခိုးခြင်း၊သတ်ခြင်း၊အစရှိသော မကောင်းမှု ကံများကိုပြုလျှင် မကောင်းမှုဆိုသော်လည်း အချောင်စားရ၊ဝတ်ရ၊နေ ထိုင်ရ၍ ကောင်းသည်။ဤသို့ ဒုက္ခကို သုခထင်ခြင်း။အဝိဇ္ဇာထင်တစ်လုံး ဖြင့် အပုည အဘိသင်္ခါရ ခိုးခြင်း၊သတ်ခြင်းစသော ကံဆိုးများကို ပြုပါ သည်။

ထိုကံဆိုးဇောစေတနာများကြောင့် ထိုဇောနှင့်ထပ်တူ အာရုံရှိ သော တဒါရုံ သို့မဟုတ် ဘဝင်ဟူသော ဝိပါက်ဝိညာဏ်များ ကျပါသည်။ ထို ဘဝင်ဝိပါက်ဝိညာဏ်ကျသောကြောင့် ထိုဝိညာဏ်နှင့် သမ္ပယုတ္တဓမ္မ များဖြစ်သော စေတသိက်နှင့်ရုပ်များ ဖြစ်လာပါသည်။

ထို့ကြောင့် မျက်စေ့၊နား၊နှာ၊လျှာ၊ကိုယ်၊မနဒွါရခြောက်ပါးနှင့် တွေ့ ပါသည်(ဖဿ)။တွေ့သောကြောင့် ခံစားမှု(ဝေဒနာ)များ ဖြစ်ပါသည်။ ခံစားရမှုများဖြစ်သောကြောင့် အလားတူအာရုံများ ဆာလောင်မွတ်သိပ် (တဏှာ)ဖြစ်ပါသည်။ထို့ကြောင့် သတ်ခြင်း၊ခိုးခြင်းစသော ပါပကံများ တဘန်ပြုပါသည်။ထို့ကြောင့် ကံဇောစေတနာ၏ အကျိုးဝိပါက်ဝိညာဏ် များ ဇာတိအဖြစ် ရောက်ပါသည်။ထို့ကြောင့် ဝိညာဏ်ဖျက် ပျက်ပါသည်။

ဤသို့ မကောင်းမှုဘဝအဖြစ်၌ တရစ်ရစ် လည်ပတ်နေသော ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးဝမ်းနည်း ဆင်းရဲပင်ပန်းခြင်းများ ဖြစ်ပါ သည်။မြတ်စွာဘုရားသည် လူများ ဆင်းရဲသံသရာလည်ပုံကို ပိုင်းပိုင်းခြား ခြားဟောကြားရန် ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားခြင်းဖြစ်ပါသည်။

ပေးခြင်း၊ကမ်းခြင်း၊သီလဆောက်တည်ခြင်းနှင့် ရုပ်ရှုခြင်း၊နာမ်ရှုခြင်းစသော ပုည,အာနေဥ္စ အဘိသင်္ခါရများကို ပြုခြင်းသည် သေလျှင်မြတ်သည်၊နတ်ရွာ,နိဗ္ဗာန်သို့ ဧကန်ရောက်မည်-ဤသို့ ဒုက္ခကို သုခထင်ခြင်းသည် အဝိဇ္ဇာဖြစ်သည်။ဤအဝိဇ္ဇာထင်တစ်လုံးဖြင့် ဘဝင်ဖုံးနေသူများသည် ပုည,အာနေဥ္စ အဘိသင်္ခါရများကို ပြုပါသည်။

ထိုကံဇောစေတနာများကြောင့် ဝိပါက်ဝိညာဏ်ဘဝင်များ ဖြစ်ပါသည်။ထိုဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာများကြောင့် ထိုကံဇောစေတနာ နောက်ထပ်တဘန်ပြုရန် ဆာလောင်မွတ်သိပ်ခြင်း အစွဲစိတ္တဇဝင်ခြင်းများ ဖြစ်ပါသည်။ထို့ကြောင့် ထိုကံဇောစေတနာများကို တဘန်ပြုပါသည်။ထို့ကြောင့် ဝိညာဏ်၊နာမ်ရုပ်၊စသည်များ ဇာတိ၊ဇရာ၊မရဏ ဖြစ်ပါသည်။ထိုသို့ တချာလည်လည် တရစ်ပတ်ပတ်ဖြစ်ပြီး စိုးရိမ်ပူဆွေး ငိုကြွေးဝမ်းနည်း ဆင်းရဲပင်ပန်းကြရပါသည်။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ကို လူ့ဒုက္ခသံသရာအဖြစ်ကွက်ကွက်ကွင်းကွင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ဒုက္ခသံသရာသည် ဘဝသံသရာဖြစ်ပါသည်။တပည့်တော်တို့သည် ဘဝသံသရာနှင့် ဒုက္ခသံသရာကို ရှေးဘဝ၊နောက်ဘဝများဟု မှတ်သားနေခဲ့မိကြပါသည်။

မြတ်စွာဘုရားသည် "အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ"အစရှိသည်ဖြင့် ဟောခဲ့သည်ရှိသော် မမွေးမီဘဝများစွာ ကျင်လည်ခဲ့ချက်ကို ဟောမြွက်သည်ဟုမထင်အောင် မတတ်နိုင် ဖြစ်ခဲ့ရပါသည်။

မြတ်စွာဘုရားသည် သတ္တဝါသေပြီးနောက် ဖြစ်သေးသလား? မေးသည်ကို ပဋိသိက်ပြုထားခဲ့သည်။သို့သော်လည်း မြတ်စွာဘုရားသည် ပင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၌ "ဧကမ္ပိ ကတိ ဒွေ ပိဇာတိယော" အစရှိသည်

ဖြင့်လည်းကောင်း၊ "ဇဝံမောတ္တော ဇဝံနာမော ဇဝံမာဟာရော ဇဝံသုခ ပဋိသံဝေဒီ"ဟုလည်းကောင်း ဟောခဲ့ပါသည်။

သတ္တဝါသေပြီးနောက် မဖြစ်တော့ပြီလား?မေးသည်ကို မြတ်စွာဘုရားသည် ပဋိသိက်ပြုထားခဲ့သည်။တဘန်လည်း "တေ ခီဏဗီဇာ အဝိရူဠ္ဍိဆန္ဒာ နိဗ္ဗန္တိဓိရာ ယထာယံပဒီပေါ"ဟု ဟောခဲ့ပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် မြတ်စွာဘုရားစကားတော်များ၌ တသားတည်းရအောင် ကောက်ယူ၍မလွယ်ကူနိုင် လက်မှိုင်ချ ပင်ပန်းကြီးစွာ ဖြစ်ခဲ့ရပါသည်။

မြတ်စွာဘုရားသည် အကယ်၌ ဘဝများစွာဖြစ်ခဲ့သည်ကိုလည်း ဟောတော်မူခဲ့ပါသည်။တဘန် ဘဝချုပ်ငြိမ်း ရုပ်သိမ်းသည်ကိုလည်း ဟောတော်မူခဲ့ပါသည်။ထိုသို့ဖြစ်သော်လည်း ဘဝဖြစ်ခြင်းနှင့် ဘဝချုပ်ငြိမ်းရုပ်သိမ်းခြင်းသည် တပည့်တော်တို့ထင်သလို လူကိုလွန်ခြင်း အလျဉ်းမရှိပါ။ဘဝဖြစ်ရာ၌လည်း ဤတစ်လံမျှကိုယ်မှာ။ဘဝချုပ်ရာ၌လည်း ဤတစ်လံမျှကိုယ်မှာပင် ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်လည်ပတ်ခြင်းသည် ဘဝဖြစ်ခြင်း ဖြစ်ပါသည်။ပဋိစ္စသမုပ္ပါဒ်လည်ပတ်ခြင်းနှင့် သို့မဟုတ်အဝိဇ္ဇာနှင့် လည်ပတ်မှုပြတ်ခြင်းသည် ဘဝချုပ်ငြိမ်းခြင်း ဖြစ်ပါသည်။ဘဝဖြစ်ခြင်း တပည့်တော်တို့ထင်သလို သေပြီးနောက် ဆက်လက်ဖြစ်ပွားခြင်းဟု ဆိုလိုသည်မဟုတ်ပါ။ ဘဝချုပ်ငြိမ်းခြင်းသည်လည်း သေပြီးနောက် ဘာမျှမဖြစ်တော့ခြင်းဟု ဆိုလိုသည်မဟုတ်ပါ။

ဤတစ်လံမျှလူ၌ပင် ဘဝဖြစ်ခြင်း၊ဘဝဇာတ်သိမ်းချုပ်ခြင်းကို မြတ်စွာဘုရား ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ဤတစ်လံမျှလူ၌ပင် ဘဝ

ပေါင်းမရေနိုင်ဖြစ်ခဲ့၍ ဖြစ်ခဲ့သောဘဝများမှ တစ်ဘဝ၊နှစ်ဘဝ စသည်၌ အမျိုးအမည်အစားစားနှင့် ချမ်းသာဆင်းရဲကို အောက်မေ့နိုင်ခြင်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဖြစ်ပါသည်။

ဤတစ်လံမျှလူ၌ပင် ပဋိစ္စသမုပ္ပါဒ်လည်း၍ ဤတစ်လံမျှလူ၌ပင် ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်းကို မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

အတိုင်းမသိကြီးမြတ်သောဉာဏ်တော်ရှိတော်မူသော မြတ်စွာဘုရား......

တပည့်တော်တို့သည် အသျှင်ဘုရားဟောကြားအပ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်၌ အသျှင်ဘုရား မိန့်မြွက်လိုချက်အာဘော်နှင့် တပည့်တော်တို့အမြင်မှာ ခပ်ပြာနှင့်ရွှေအလား အခြားကြီးခြားလျှက်ရှိခဲ့ပါသည်။

တပည့်တော်တို့သည် မိုက်သည့်အလျောက် ပဋိစ္စသမုပ္ပါဒ် မဟုတ်သည်ကိုပင် ပဋိစ္စသမုပ္ပါဒ်လုပ်မိခဲ့ကြပါသည်။ပဋိစ္စသမုပ္ပါဒ်အဟုတ်၌ ပဋိစ္စသမုပ္ပါဒ်အဟုတ်ဟုမထင်နိုင် ဖြစ်ခဲ့ကြပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် ရမ်းခဲ့ကြပါသည်။ငါတို့မမွေးမီက ဘဝများစွာဖြစ်ခဲ့လေပြီ။ငါတို့သေပြီးနောက်လည်း မကြိုးစားလျှင် ဆက်၍ ဘဝသံသရာ တစ်ချီလှည့်သွားဦးမည်။ဘဝချုပ်ငြိမ်းရပ်သိမ်းရာ နိဗ္ဗာန်ရောက်အောင်ကြိုးစားမှ၏ ဤသို့ ဖြစ်ခြင်းအယူ(သဿတ)နှင့် မဖြစ်ခြင်းအယူ(ဉစ္ဆေဒ)အတွင်း သက်ဆင်းနစ်ဝင်ပြီး အလေ့များ၊ အကျင့်များ (သီလဗ္ဗတပရာမာသ)၊ သံယောဇဉ် ပြာလောင်ခတ်အောင် မနေမနား ပွားများခဲ့ကြပါသည်။

တပည့်တော်တို့၏ ဤသို့ မိုက်ခဲ့၊ကန်းခဲ့၊မှန်းခဲ့၊ရမ်းခဲ့ချက်များ

သည် တပည့်တော်တို့အား ဆင်းရဲဒုက္ခများကို တိုးပွားစေပါသည်။ထိုမှု မက မြတ်စွာဘုရားအား အပုပ်ချအပြစ်တင်ရာလည်း ရောက်ပါသည်။ ဤအမှုသည် တပည့်တော်တို့အား အထူးပင်ပန်းစေပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့အား မဟာကရုဏာ ရှေ့ထား၍ ကြီးမားသောသနားညှာတာခြင်းဖြင့် ခွင့်ပေးသနားပါမည့်အကြောင်း ရိုသေညွတ်ကျိုး လက်စုံထိပ်ထက်မိုးကာ ရှိခိုးကန်တော့အပ်ပါသည်ဘုရား........။

ပဋ္ဌိစ္စသမုပ္ပါဒ် ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# ဓမ္မစကြာ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်မြတ်ဘုရား၏ ခက်ခဲနက်နဲလှသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို လူမသိ၊ လူမထင်၊ လူမမြင်ရာဆီရောက်သည်အထိ ပို၍ခက်ခဲအောင် တပည့်တော်တို့ပြုမူခဲ့မိသည့်အတွက် အသျှင်မြတ်ဘုရားအား ရိုသေညွတ်ကျိုး ရှိခိုးခွင့်ရခဲ့၍ ဝမ်းသာလှပါပြီဘုရား။

ယခုတဘန် အသျှင်ဘုရား တရားဦးအဖြစ် ဟောဖော်ညွှန်ပြဆိုဆုံးမခဲ့သော အသျှင်ဘုရား၏ သဘောတရားရေးကြေညာချက်နှင့်တူသော ဓမ္မစကြာ၌ တပည့်တော်တို့အမှားများကို အသျှင်ဘုရားထံ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါရစေဘုရား။

ဓမ္မစကြာ၌လည်း တပည့်တော်တို့၏အမြင်သည် ချွတ်ချော်ခဲ့ကြပါ၏။တပည့်တော်တို့သည် ကာမသုခလ္လိကာနုယောဂအကျင့်များမှ ရှောင်ရှားရန် ကြိုးစားခဲ့ကြပါသည်။အနည်းဆုံး,အညံ့ဆုံး စားစရာ၊ဝတ်စရာ၊နေစရာတို့ကို မှီဝဲနေသည်အထိ ဖြစ်ပါသည်။အနည်းဆုံးစားစရာကို စား၊ အနည်းဆုံးဝတ်စရာကို ဝတ်။ဤသို့ပြုမူနိုင်မှ ကာမသုခလ္လိကာနုယောဂအစွန်းမှလွတ်မည်။ဤသို့ပင် တပည့်တော်တို့ ထင်ခဲ့ကြပါသည်။

နောက်ပိတ်ဆုံးအားဖြင့် စားရ,ဝတ်ရရေးအတွက် ကုန်သွယ်,ယာလုပ် အလုပ်လုပ်ခြင်းသည်ပင် ကာမသုခလ္လိကာနုယောဂအစွန်းနှင့် မလွတ်ဟု ထင်ခဲ့သည်အထိ ဖြစ်ပါသည်။တပည့်တော်တို့ အသိဉာဏ်သည် ဤမျှ မှုန်ခဲ့,ထိုင်းခဲ့,လေးကန်ခဲ့ကြပါသည်။

မြတ်စွာဘုရားသည် စားဝတ်နေရေး ကျန်းမာရေးအတွက် ကုန်

သွယ်ခြင်း၊ ယာလုပ်ခြင်းအစရှိသည်ကို ကာမသုခလ္လိကာနုယောဂအစွန်း ရောက်သည်ဟု ညွှန်ပြတော်မူလိုခြင်း မရှိပါ။မြတ်စွာဘုရားသည် လောကအား အကျိုးများရန် အစီးအပွားဖြစ်ရန် ပွင့်တော်မူလာခြင်း ဖြစ်ပါသည်။လူ့ကိစ္စ၊လူ့တာဝန်များကို ကာမသုခလ္လိကာနုယောဂအစွန်းလမ်း အဖြစ် ဆီးတားပိတ်ပင်ခြင်း အလျဉ်းပင် ပြုတော်မမူခဲ့ပါ။

တပည့်တော်တို့သည်သာ ဉာဏ်အလင်းမရသောကြောင့် ဤမျှ ထင်လင်းသည်ကို အမှားမှားအယွင်းယွင်း ပြုမိကြခြင်း ဖြစ်ပါသည်။ အနည်းဆုံး,အညံ့ဆုံး စားစရာ၊ဝတ်စရာ၊နေစရာသည် လူ့အတွက် ဘယ်မှာအကျိုးဖြစ်စေပါမည်နည်း?ထို့ကြောင့် မြတ်စွာဘုရားသည် စားစရာ၊ ဝတ်စရာနှင့်နေစရာကောင်းကောင်းများ မှီဝဲခြင်းကို ကာမသုခလ္လိကာနုယောဂအကျင့်ဟု ဟောကြားတော်မမူခဲ့ပါ။

စားစရာ၊ဝတ်စရာနှင့်နေစရာ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တဏှာဖြင့် တငြိငြိကပ်၊တစွဲလန်းလန်း လိမ်းကျံခြင်းကိုသာ ကာမသုခလ္လိကာနုယောဂအကျင့်ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

တပည့်တော်တို့သည် အတ္တကိလမထာနုယောဂအကျင့်၌လည်း အသျှင်ဘုရားဟောကြားချက်နှင့်မညီ တလီဖောက်ပြား၍ အယူအဆမှားခဲ့ကြပါသည်။တပည့်တော်တို့အထင်၌ အတ္တကိလမထာနုယောဂအကျင့်ဟူသည်မှာ ရေငုပ်၊တုံးခုန်၊မီးလှုံ၊ဇယ်ခတ် အရပ်ရပ်သောအကျင့်များဟု ထင်ထားခဲ့ကြပါသည်။

ထို့ပြင်လည်း အတ္တကိလမထာနုယောဂအကျင့်ဟူသည် အစားနည်းနည်းစားခြင်း၊အဝတ်နည်းနည်းဝတ်ခြင်း၊ညံ့ညံ့ဝတ်ခြင်း၊ အနေညံ့ညံ့ နေခြင်းစသောအကျင့်များလည်းပါဝင်သည်ဟု ထင်ထားခဲ့ကြပါသည်။

စင်စစ် တပည့်တော်တို့၏ မှတ်ထင်ချက်များသည် မပြည့်စုံသော မှတ်ထင်ချက်များသာ ဖြစ်ပါသည်။မြတ်စွာဘုရားသည် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တဏှာပေမဖြင့် နှစ်လျှက်,မြှုတ်လျှက် စုပ်ယူလိမ်းကျံနေခြင်းကို အစွန်းတစ်ပါးအဖြစ် ဟောကြားခဲ့သလို၊ အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့်ဝေးအောင် သို့မဟုတ် အာရုံငါးပါးကာမဂုဏ်တရားကို မတွေးမိအောင် ကျင့်ခြင်းများကို အတ္တကိလမထာနုယောဂအကျင့်အဖြစ် ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

အာရုံငါးပါးကာမဂုဏ်တရားကို မတွေးမိရန်မှာ ရုပ်ကို ရှုနေရပါမည်။အာရုံငါးပါးကာမဂုဏ်တရားများနှင့်ဝေးရန်မှာ နာမ်ကို ရှုနေရပါမည်။ရုပ်ရှုသူသည် အတွေးကိုစက်ဆုတ်ရွံရှာ နှလုံးနာပါသည်။နာမ်ရှုသူသည် "သန္တမေတံ ပဏီတမေတံ"ဆိုပြီး နာမ်ကလေးနှင့်သာနေ၍ ရုပ်ကို စက်ဆုတ်ရွံရှာ နှလုံးနာပါသည်။ကာမဂုဏ်သည် ရုပ်တရားများသာ ဖြစ်သောကြောင့် နာမ်ရှုသူသည် ကာမဂုဏ်နှင့်ဝေးပါသည်။

ထို့ကြောင့် သူပျောက်,ငါပျောက် ပုဂ္ဂိုလ်,သတ္တဝါ အကုန်ပျောက်အောင် ရုပ်,နာမ်ရှုခြင်းကို အတ္တကိလမထာနုယောဂအကျင့်ဟု မြတ်စွာဘုရား ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။တပည့်တော်တို့သည် အတ္တကိလမထာနုယောဂအကျင့်မှ ကြောက်ကြသော်လည်း အတ္တကိလမထာနုယောဂအကျင့်ကိုပင် ကျင့်မိနေခဲ့ကြပါသည်။

လူ့ငြိမ်းချမ်းရေးတရား၌ အဆီးအတားအပိတ်အပင်မရှိ သိမြင်သောဉာဏ်ရှိတော်မူသော မြတ်စွာဘုရား......

တပည့်တော်တို့သည် အသျှင်မြတ်ဘုရားအား ရိုသေစွာ ညွှတ်ကျိုးလျှက် ရှိခိုးလျှောက်ထားရပါမည်။အသျှင်ဘုရား အလေးနက်ဆုံး

ဟောကြားမြွက်ဖော် မိန့်တော်မူအပ်သော မဇ္ဈိမပဋိပဒါခေါ် မဂ္ဂအရိယသစ္စာတရားတော်၌လည်းကောင်း။ထိုတရားဖြင့် ပိုင်းခြားအသိခံရမည့် ဒုက္ခအရိယသစ္စာတရား၌လည်းကောင်း။ထိုမဂ္ဂအရိယသစ္စာတရားဖြင့် ပယ်အပ်သော ဒုက္ခသမုဒယအရိယသစ္စာတရား၌လည်းကောင်း။ထိုမဂ္ဂအရိယသစ္စာတရားဖြင့် ဆိုက်ရောက်အပ်သော ဒုက္ခနိရောဓအရိယသစ္စာတရား၌လည်းကောင်း။ အသိဉာဏ်နည်းပါး အမြင်မှားခဲ့ကြသည်ကို အကျယ်တဝံ့ ရိုသေစွာညွှတ်ကျိုးလျှက် ရှိခိုးကန်တော့ခဲ့ရပါပြီ။

ဓမ္မစကြာဒေသနာ၌ တပည့်တော်များ ရှိခိုးကန်တော့ရမည်မှာ သစ္စာလေးပါး အပေါင်းအားဖြင့် မှားခဲ့ကြသည်များ ဖြစ်ပါသည်။ တပည့်တော်တို့သည် ဤဘဝရောက်နေသော ဒုက္ခသစ္စာ၏အကြောင်းဖြစ်သော သမုဒယသစ္စာသည် တပည့်တော်တို့မမွေးမီကဖြစ်ခဲ့သောအရာ ဖြစ်သည်၊ တပည့်တော်တို့သေပြီးနောက် ဒုက္ခများသို့မဟုတ် နိရောဓသစ္စာများ ဖြစ်မည်။ဤသို့ပင် ရှက်ဘွယ်အမှားများကို အားမနာတမ်း မှားခဲ့ကြပါသည်။

တပည့်တော်တို့၏အမြင်၌ အရိယသစ္စာလေးပါးသည် တပြိုင်နက်မဖြစ်ပေါ်ဘဲ သုံးဘဝကြီးများ-ပြား၍ ဖြစ်ပွားနေခဲ့ပါသည် မြတ်စွာဘုရားသည် အရိယသစ္စာလေးပါးကို စက်ယန္တရားပမာထား၍ ဘီးသွားတစ်ခုနှင့်တစ်ခုငြိပြီး သူ့ကိစ္စနှင့်သူ တပြိုင်နက်လည်ပတ်ကြောင်း လှည့်၍ပြခဲ့ပါသည်။

ရွှေကိုစိစစ်နိုင်သောပညာရှိသည် ရွှေတုကို ရွှေတုဟုသိပြီး၊ ရွှေတု၌ တပ်မက်ခြင်းကိုပယ်သောကြောင့် ရွှေတုဖြင့်ဆင်းရဲရခြင်းခပ်သိမ်းမှ ငြိမ်းပေသည်။ဤ၌ ရွှေကိုစိစစ်နိုင်သောပညာသည် ရွှေတုကိုသိခြင်း၊ ရွှေ

တုဉ္စမက်မောမှုကို ပယ်ခြင်း၊ ရွှေတုဘေးခပ်သိမ်းမှ ငြိမ်းခြင်း-ဤကိစ္စလေး ချက်သည် တပြိုင်နက်ဖြစ်ပွားပါသည်။

မြတ်စွာဘုရားသည် ဤသို့ပင် အရိယသစ္စာလေးပါးကို စက်ယန္တ ရားအလား တပြိုင်နက်လှည့်ပတ်၍ ပြခဲ့ပါသည်။တပည့်တော်တို့သည် မြတ်စွာဘုရားလည်ပတ်၍ပြခဲ့သော သစ္စာယန္တရားကြီးကို တစ်ခုတစ်ခြား စီ ပျက်ပြားအောင်ပြုသကဲ့သို့ ကြီးမားသာအမှားကို ပြုခဲ့ကြပါသည်။ ဤအပြစ်မှ ခွင့်လွှတ်ပါမည့်အကြောင်း ရိုသေစွာညွှတ်ကျိုး၍ ရှိခိုးကန် တော့ရပါသည် အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား....။

ဓမ္မစကြာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# အနတ္တလက္ခဏာ ဓမ္မပူဇာဘုရာရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

အသျှင်မြတ်ဘုရား၏ တရားဦးတရားမွန်၌ တပည့်တော်တို့ ပြစ်မှားခဲ့သည်ကို ရိုသေညွှတ်ကျိုး၍ ရှိခိုးကန်တော့ခဲ့ရပါပြီ။ယခုတဘန် အသျှင်မြတ်ဘုရား၏အဆုံးအမ၌ ထင်ရှားလှသော ဒုတိယဟောပြောချက်တရားဖြင့် အသျှင်ဘုရားအား ရှိခိုးကန်တော့ရပါမည်။

အသျှင်ဘုရား၏ အနတ္တလက္ခဏာတရားတော်သည် ကမ္ဘာတုန်ဟီးအောင် ကျော်ဇောခြင်းကြီးကျော်ဇောခဲ့သော တရားတော်ပင် ဖြစ်ပါသည်။ယနေ့တိုင်လည်း အသျှင်ဘုရား၏ဝါဒသည် အဘယ်နည်း? မေးလျှင် အနတ္တဝါဒဟု ထင်နေကြသည်အထိ ဖြစ်ပါသည်။အနတ္တနှင့် အသျှင်မြတ်ဗုဒ္ဓ၊ အသျှင်မြတ်ဗုဒ္ဓနှင့် အနတ္တ၊ နှစ်ထွေမပြား တသားတည်းကဲ့သို့ ခွဲခြား၍မရအောင် ရှိနေပါသည်။

တပည့်တော်တို့သည် ဤအနတ္တ၌လည်း အဖတ်ဆည်မရအောင် မှားခြင်းကြီးများကို မှားခဲ့ကြပါသည်။ထို့ကြောင့် တပည့်တော်တို့သည် "သိုက်စာဘတ်ရာ နားထောင်ပါ၊ ဥစ္စာရနိုးနိုး"ဟူဘိသကဲ့သို့ အသျှင်ဘုရား၏ အနတ္တလက္ခဏာ သိုက်စာဘတ်ရာ နားထောင်သောကြောင့် အသျှင်ဘုရားသိုက်စာကို မဖတ်တတ် ဖြစ်ခဲ့ပါသည်။

အသျှင်မြတ်ဘုရားသည် ရုပ်သည် အနတ္တဖြစ်သည်။ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်တို့သည်လည်း အနတ္တဖြစ်သည်။ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်တို့သည် အနိစ္စလည်း ဖြစ်ကြသည်၊ ဒုက္ခလည်း ဖြစ်ကြသည်။ဤသို့ ဟောခဲ့ပါသည်။တပည့်တော်တို့သည်လည်း ဤအ

တိုင်းပင် နားလည်ခဲ့ကြပါသည်။ထိုသို့ဖြစ်သော်လည်း တရားတော်တို့၌ တရားတော်သည် အစော်မနံ ဖြစ်ခဲ့ပါသည်။ရာဂ၊ဒေါသများလည်း နေမြဲပင် ဖြစ်ကြပါသည်။

ဤသို့ဆိုသဖြင့် မြတ်စွာဘုရားကို တစိုးတစိမျှ အပြစ်တင်လိုခြင်း မဟုတ်ကြောင်း လျှောက်ထားရပါမည်။တပည်တော်တို့၏ ထုံလွန်း၊ နုံလွန်းသောအသိသည်သာ ဤအဖြစ်၏တရားခံဖြစ်ကြောင်း ရှိခိုးကန်တော့ရပါမည်။

တပည့်တော်တို့သည် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တို့သည် အနိစ္စ,ဒုက္ခ,အနတ္တဟု မြတ်စွာဘုရားမိန့်တော်မူသည်ကို ရုပ်ကို အနိစ္စရှုပါသည်။ဒုက္ခ,အနတ္တလည်း ရှုပါသည်။ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ၄င်းနည်းရှုကြပါသည်။ရုပ်ရှုသောအခါ ရုပ်ပရမတ္ထ သဘာဝသစ္စာများကိုတွေ့ရပါသည်။ရုပ်၏ ရုပ္ပနလက္ခဏာနှင့် ဝေဒနာသည် ဝေဒနိယစသော လက္ခဏာများနှင့် ယင်းတို့၏ တည်,ပျက်အနေအထား အင်္ဂါများကို တွေ့ရပါသည်။ဤသို့တွေ့ရခြင်းကို အနိစ္စလက္ခဏာမြင်ခြင်းဟုလည်း တပည့်တော်တို့ မှတ်ထင်ခဲ့ကြပါသည်။

ဤသို့ ဖြစ်,တည်,ပျက်သဘောများ မပြတ်တရစပ် ဖြစ်ခြင်းကြောင့် အနှိပ်စက်ခံရသလိုဖြစ်ခြင်း ဒုက္ခလက္ခဏာမြင်ခြင်း။ဤသို့ မဖြစ်အောင် အစိုးမရခြင်းကို အနတ္တလက္ခဏာမြင်ခြင်းများဟု တပည့်တော်များ မှတ်သားထင်မြင်ခဲ့ကြပါသည်။ထို့ကြောင့် တပည့်တော်တို့သည် တရားရနိုးနိုးဖြင့် နေ့ညမပြတ် မျှော်ကိုးခဲ့ရပါသည်။မျှော်သာမျှော် ပေါ်လို့ဖြင့်မလာ ဖြစ်ခဲ့ပါသည်။ပေါ်မည့်ပေါ်တော့လည်း တရားမဟုတ်ဘဲ အမှားများသာ ပေါ်ခဲ့ပါသည်။

အဘယ်သို့နည်းဟူမူ......

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ကို ဆိုခဲ့ပြီးသည့်အတိုင်း အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာများ ထင်မှတ်ပွားများသောအခါ လူဟူ၍ မရှိ၊ ရုပ်ဝေဒနာစသည်မျှသာ ရှိသည်။ ထို့ပြင်လည်း ကုသိုလ်,အကုသိုလ် ဟူ၍ မရှိ။ ကုသိုလ်လည်း တရား၊ အကုသိုလ်လည်း တရား။အားမထုတ်လည်း တရား၊ အားထုတ်လည်း တရားပင် ဖြစ်သည်။နောက်ဆုံးအားဖြင့် တရားရမည့်သူ မရှိသောကြောင့် တရားရချင်ခြင်းသည် အမှားဖြစ်သည်။ တရားရချင်မှုအာလယ ကုန်ဆုံးခြင်းသည် အမြင့်ဆုံး တရားရခြင်းဖြစ်သည်။ဤသို့ပင် အမှားများ ပွားများထင်ပေါ်လာပါသည်။

ဤသို့အားဖြင့် အနိစ္စကိုဘယ်မျှသိသိ အနိစ္စဖြစ်ကြောင်းသမုဒယကို အပြတ်မပယ်နိုင်ပါ။ဒုက္ခ,အနတ္တတို့လည်း ဤနည်းဖြစ်ပါသည်။ ထို့ကြောင့် နိစ္စသိသော်လည်း နိစ္စဓူဝချုပ်ရာ နိရောဓသို့ မဆိုက်ပါ။ဒုက္ခ, အနတ္တတို့လည်း ဤနည်းအတိုင်းဖြစ်ပါသည်။သုခ,အတ္တဖြစ်သော နိရောဓသို့ မဆိုက်ပါ။

မြတ်စွာဘုရားသည် မမြဲခြင်းအနိစ္စကို ရှုစေသည်မှာ မမြဲခြင်း အနိစ္စတရား၌ ဆိုက်ရောက်နေစေလို၍ မဟုတ်ပါ။ဆင်းရဲဒုက္ခကို ရှုစေသည်မှာလည်း သတ္တဝါများကို ဆင်းရဒုက္ခများ၌ ဆိုက်ရောက်နေစေလို ၍ မဟုတ်ပါ။အစိုးမရခြင်းအနတ္တကို ရှုစေသည်မှာလည်း အစိုးမရခြင်း အနတ္တ၌ သတ္တဝါများ ဆိုက်ရောက်နေစေလို၍ မဟုတ်ပါ။

သတ္တဝါများအတွက် မမြဲခြင်း၊ဆင်းရဲခြင်း၊ကိုယ်စိုးမရခြင်းများဖြင့် အကျိုးမရှိပါ။ မြဲခိုင်ခြင်း နိစ္စဓူဝ၊ ချမ်းသာခြင်း သန္တိသုခ၊ အစိုးရခြင်း နိဿရဏ,အတ္တဖြစ်မှသာ အကျိုးများပါမည်။ထို့ကြောင့် မြတ်စွာဘုရား

သည် သတ္တဝါများအတွက် အနိစ္စ,ဒုက္ခ,အနတ္တ ဆိုက်ရောက်မနေစေချင်ပါ။နိစ္စ,သုခ,အတ္တသာ ဆိုက်ရောက်နေစေချင်ပါသည်။

ထိုသို့ဖြစ်လျှက် မြတ်စွာဘုရားသည် တပည့်တော်များအား အနိစ္စ,ဒုက္ခ,အနတ္တ အရှုအပွားခိုင်းသည်မှာ နိစ္စ,သုခ,အတ္တသို့ ဆိုက်ရောက်ရန် အနိစ္စ,ဒုက္ခ,အနတ္တဖြစ်ကြောင်းသမုဒယကို ပယ်နိုင်ရေးအတွက် အနိစ္စ,ဒုက္ခ,အနတ္တကွ္ခဏာများကို ပိုင်းပိုင်းခြားခြားသိလေအောင် အရှုပွားခိုင်းခြင်း ဖြစ်ပါသည်။အနိစ္စ,ဒုက္ခ,အနတ္တ အရှုပွားခိုင်းသည်မှာ အနိစ္စ,ဒုက္ခ,အနတ္တ၌ ဆိုက်ရောက်ရန်မဟုတ်ပါ။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် အနိစ္စရှုလျှင် အနိစ္စ၌ပင် ဆိုက်ရောက်နေခဲ့ကြပါသည်။ဒုက္ခ,အနတ္တများရှုကြလျှင်လည်း ထိုနည်းမခြားပင် ဖြစ်ပါသည်။ အနိစ္စ,ဒုက္ခ,အနတ္တ ဆိုက်ရခြင်းများသည် မသက်သာလှပါ။တရားရသည်ဆို၍သာ သက်သာယောင် ကြိတ်မှိတ်နေရပါသည်။

ဤသို့အားဖြင့် အနိစ္စ,ဒုက္ခ,အနတ္တများသည် မရှုလည်းဆိုက်၊ ရှုလည်းဆိုက်နေခြင်း အတူပြစ်၍ ရှုခြင်းသည်အမှား။ ရှုခြင်းအကြောင်းသည် တရားရချင်ခြင်းဖြစ်၍၊ တရားရချင်ခြင်းကုန်ခြင်းသည် တရားရခြင်းဖြစ်သည်။ဤသို့ပင် တရားမျက်စေ့ကြီး အကြီးအကျယ် အလည်ခံခဲ့ကြရပါသည်။

ဤသို့ဖြစ်ရသည်မှာ မြတ်စွာဘုရားဟောကြားခဲ့သည့်အတိုင်း ရှုမှတ်ဆင်ခြင် သဘောဝင်၍ပင်ဖြစ်သော်လည်း မြတ်စွာဘုရား၌ တစိုးတစိမျှ အပြစ်မရှိပါ။ တပည့်တော်တို့သည် ပညာမျက်စေ့ ကန်းသောကြောင့် အပြစ်ရှိပါသည်။မြတ်စွာဘုရားကို နာမည်ဖျက်သကဲ့သို့ဖြစ်၍

ပို၍ပင် တပည့်တော်များ၌ အပြစ်များရှိပါသည်။

တပည့်တော်တို့သည်မြတ်စွာဘုရား၏ အနတ္တလက္ခဏာဟော ကြားချက်ကို နာကြားရာ၌ ရုပ်,ဝေဒနာစသည်များ အနိစ္စစသည်ဖြစ် သည်။ဤသို့သာ မှတ်သားခဲ့ကြပါသည်။စကားတစ်ခုပြောရာ၌ စကား၏ အတိမ်အနက်သက်သည် နိဒါန်း၌တည်ပါသည်။"မုန်းအပြစ်၊ချစ်အကျိုး" ဆိုသော စကားပုံအတိုင်း ဖြစ်ပါသည်။ စကားတစ်ခုတည်းပင် ဖြစ်ပါ သည်၊ ချစ်ခြင်း-မမုန်းခြင်းဟူသော အကြောင်းနိဒါန်းခြားလျှင် အကျိုး, အပြစ်ပြောင်းပြန် စကားနက်များ ထွက်နိုင်ပါသည်။

ထိုသို့ဖြစ်လျှက် တပည့်တော်တို့သည် အနတ္တလက္ခဏသုတ် ဟောကြားချက်၏ နိဒါန်းများကို မေ့ချန်ထားမိခဲ့ကြပါသည်။အကယ်၍ အနတ္တလက္ခဏသုတ် ဟောကြားချက်များသည် ပဥ္စဝဂ်များ ဓမ္မစကြာနာ ရ၍ သစ္စာသိသူ သောတာပန်များဖြစ်ပြီးနောက်မှ ဆက်လက်ဟောကြား သောတရားတော် ဖြစ်ပါသည်။

ထို့ကြောင့် အနတ္တလက္ခဏာဟောကြားချက်ကို နားလည်လိုသူ များသည် ပဥ္စဝဂ်ကဲ့သို့ သစ္စာတရားကိုသိထင်ပြီးသူ သောတာပန်များ ဖြစ်ပွားရပါလိမ့်မည်။ ဂီတတတ်ကျွမ်းပြီးသူအားပြောသော တေးသွား သည် ဂီတ၌ နားကန်းတစ်လုံးမျှမသိသူ ကြားသော်လည်း အချည်းနှီးသာ ဖြစ်ပေမည်။ဤအတူဖြစ်ပါသည်။သောတာပန်မဖြစ်၍ သစ္စာမမြင်လျှင် အနတ္တလက္ခဏာဟောကြားချက် နားမဝင်နိုင်ပါ။

ထို့ကြောင့် အနတ္တလက္ခဏာဟောကြားချက်ကို နားလည်လိုသူ သည် သစ္စာကိုမြင်သူ သောတာပန်ဖြစ်ရပါမည်။သောတာပန်မဖြစ်သော် မှ သစ္စာလေးပါး ဓမ္မစက်တရား၌ နားပါးလည်သူ ဖြစ်ရပါမည်။

ဟုတ်ပါသည်ဘုရား။အသျှင်မြတ်ဘုရားသည် ဓမ္မစက်တရား၌ ဒုက္ခသစ္စာသည် ပရိဇာနနကိစ္စရှိကြောင်း ပြက်ပြက်ကွင်းကွင်း ရှင်းလင်း မိန့်ကြားခဲ့ပါသည်။ကြွင်းသော သမုဒယ,နိရောဓ,မဂ္ဂသစ္စာများ၌ ပရိဇာ နန ပိုင်းခြားသိရန်များ မညွှန်ပြ မမိန့်ကြားခဲ့ပါ။

ထို့ကြောင့် ဒုက္ခသစ္စာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်ကိုသာ အနိစ္စ,ဒုက္ခ,အနတ္တရှုပွားရန် ညွှန်ပြမိန့်ကြားခဲ့ခြင်းဖြစ် ကြောင်း သိသာပါသည်။

အခြားသော သမုဒယ,နိရောဓ,မဂ္ဂသစ္စာများဆိုက်နေသော ရုပ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်မှ တစ်ခုခုကိုဖြစ်စေ၊ ဒုက္ခသစ္စာမထိုက် သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များကိုဖြစ်စေ အနိစ္စ,ဒုက္ခ, အနတ္တလက္ခဏာများ ရှုပွားဆင်ခြင်ရန် အကြောင်းမရှိဟု အလိုအ လျောက် ဆိုလိုပြီးကြောင်း သိသာပါသည်။

တဘန်လည်း မြတ်စွာဘုရားသည် ဒုက္ခသစ္စာအရ၌ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်တရားမျုးကို တိုက်ရိုက်ကောက်ယူ၍ ဟောခဲ့ သည်မဟုတ်ပါ။ဒုက္ခသရုပ်ကို ရှစ်မျိုးဖော်ထုတ်ခဲ့ပါသည်။ထိုရှစ်မျိုးကို အကျဉ်းဖြစ်အောင်ချုပ်လျှင် ဥပါဒါနက္ခန္ဓာငါးပါးဟု ပြခဲ့ခြင်း ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာငါးပါးသည် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် များပင် ဖြစ်ခဲ့ပါလိမ့်မည်။ထိုသို့ဖြစ်သော်လည်း ရုပ်,ဝေဒနာ,သညာ,သင်္ခါ ရ,ဝိညာဏ်တိုင်းသည် ဥပါဒါနက္ခန္ဓာ မဟုတ်ကြပါ။

တပည့်တော်တို့သည် ဥပါဒါနက္ခန္ဓာနှင့်အနုပါဒါနက္ခန္ဓာကိုလည်း ကွဲပြားအောင် မခွဲခြားနိုင် ဖြစ်ခဲ့ရပါသည်။ဘယ်ရုပ်,ဝေဒနာစသည်သည် ဥပါဒါနက္ခန္ဓာဖြစ်၍ ဘယ်ရုပ်,ဝေဒနာစသည်သည် အနုပါဒါနက္ခန္ဓာဖြစ်

သည်-ဤသို့ မသိခြင်းများနှင့်လည်း ရင်ဆိုင်ကြရသည်ဟု ဆိုလိုပါသည်။

အကြမ်းအားဖြင့် ရုပ်မှန်သမျှ ဥပါဒါနက္ခန္ဓာချည်း ဖြစ်သည်။ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များကား လောကီဖြစ်လျှင် ဥပါဒါနက္ခန္ဓာ ဖြစ်သည်။ဤသို့ မှတ်ယူခဲ့ကြပါသည်။အဘယ်ကြောင့် ဤသို့မှတ်မိနေ သည်ကိုလည်း ရေရေရာရာ မပြောပြတတ်အောင် ရှိပါသည်။လောကီ ဖြစ်သောတရားများသည် ဥပါဒါနက္ခန္ဓာဖြစ်သည်ဟု စာမှာ တွေ့ဘူးသော ကြောင့်ပင် ဤသို့မှတ်မိနေခြင်း ဖြစ်တန်ရာပါသည်။အဘယ်သို့ လော ကီဖြစ်သနည်း? ဤသို့ကား မစိစစ်ခဲ့ဘူးပါ။

"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ အဿအတ္ထီတိ လောကီ" အဖြစ်,အပျက်များရှိသောကြောင့် လောကီ။ ဤအဖြစ်အပျက်သည် အ ဘယ်နည်း? စိတ်,စေတသိက်တို့၏ ဥပါဒ်,ဌီ,ဘင် ခဏငယ်သုံးချက်၊ စိတ္တ က္ခဏတစ်ချက်။ ရုပ်၏ ယေဘုယျစိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက်များ သည် အဖြစ်,အပျက်လော?

သို့မဟုတ် ပဋိသန္ဓေနေခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်းဟူသော ဘဝအဖြစ်,အပျက်များသည် အဖြစ်,အပျက်လော?

အကယ်၍ ဤအဖြစ်,အပျက်များရှိသောကြောင့် လောကီခေါ်ဆို ခြင်း မဖြစ်နိုင်ပါ။အဘယ့်ကြောင့်ဆိုသော် လောကုတ္တရာဖြစ်သော စိတ်,စေတသိက်များသည် ဥပါဒ်,ဌီ,ဘင် အဖြစ်,အပျက်ရှိလျှက် လောကီ မခေါ်သောကြောင့် ဖြစ်ပါသည်။ထို့အပြင် ရဟန္တာ၏ အို,နာ,သေများ လည်း အဖြစ်,အပျက်ရှိလျှက် လောကီမခေါ်ဆိုနိုင်သောကြောင့် ဖြစ်ပါ သည်။ရဟန္တာ၏ အို,နာသေသည် ရဟန္တာအတွက် ဒုက္ခမဟုတ်ပါ။လော ကီသည် ဒုက္ခဖြစ်ပါသည်။

လောကီဖြစ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်နှင့် လောကီမဟုတ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ကွဲပြားရန် နည်းတစ်နည်းရှိပါသည်။ ဤနည်းမှာ ဥပါဒါန်ပါဝင်ခြင်းနှင့် မပါဝင်ခြင်း ဖြစ်ပါသည်။ဇာတိ၊ဇရာ၊မရဏ၊အပ္ပိယသမ္ပယောဂ၊ပိယဝိပ္ပယောဂ၊ယံပိစ္ဆံအလာဘ-ဤတရားများအရသည် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ဖြစ်သည်။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များသည် ဥပါဒါန်ပါဝင်ခြင်း ရှိလျှင် (ဝါ)ဥပါဒါန်ကြောင့်ဖြစ်လျှင် လောကီ။

ဥပါဒါန်ပါဝင်ခြင်း မရှိလျှင် ဤ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်သည် လောကီမဟုတ်။

ဇာတိ၊ဇရာ၊စသည်တိုင်းသည် ဥပါဒါန်ကြောင့်ချည့်ပင် (ဝါ) ဥပါဒါန် ပါဝင်သည်ချည့်ပင် မဟုတ်ပါလော? မေးဘွယ်ရှိပါသည်။ပဋိစ္စသမုပ္ပါဒ်၌ ဇာတိစသည်၏အရသည် ဝိညာဏ်၊နာမ်,ရုပ်စသည်များ ဖြစ်ပါသည်။

ဝိညာဏ်၊နာမ်,ရုပ်စသည်များသည် အဝိဇ္ဇာကြောင့်သာ ဖြစ်ပါသလော? အဝိဇ္ဇာချုပ်ပြီးလျှင် မဖြစ်တော့ပြီလော? အဝိဇ္ဇာကင်းပြီးဖြစ်သော ရဟန္တာတို့၌လည်း ဝိညာဏ်၊နာမ်,ရုပ်စသည်များ ဖြစ်ကြသည်ပင်။ရဟန္တာလည်း အချိုစားလျှင် ချိုသည်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဇာတိစသည်တိုင်းသည် ဥပါဒါန်ပါဝင်သည်ချည်း(ဝါ) ဥပါဒါန်ကြောင့်ဖြစ်သည်ချည်း ဤသို့မယူအပ်ပါ။ဇာတိစသည်သည် ဥပါဒါန်ကြောင့်ဇာတိစသည် ရှိသလို၊ ဥပါဒါန်ကြောင့်ဖြစ်သည်မဟုတ်သော ဇာတိစသည်သည်လည်း ရှိသည်။ဤသို့မှတ်ယူသင့်ပါသည်။

ဒုက္ခသစ္စာထိုက်သော ဇာတိ၊ဇရာ၊မရဏ၊အပ္ပိယသမ္ပယောဂ၊ ပိယဝိပ္ပယောဂ၊ယံပိစ္ဆံအလာဘများ၏ အရဖြစ်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်သည် လောကီဖြစ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်သာ ဖြစ်ပါသည်။ လောကီမဟုတ်သော ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်များ၏ ဇာတိ၊ဇရာ၊မရဏ၊အပ္ပိယသမ္ပယောဂ၊ ပိယဝိပ္ပ ယောဂ၊ယံပိစ္ဆံအလာဘများသည် ဒုက္ခသစ္စာမဟုတ်ပါ။

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

အသျှင်မြတ်ဘုရားသည် သတ္တဝါတို့အတွက် ဟုတ်မှန်သော စကားကိုမှ ဆိုတော်မူတတ်ပါပေသည်။(နာချင်ဘွယ်ဖြစ်သော စကားကို မှ ဆိုတတ်ပါပေသည်)။

ဤသို့ဆိုတတ်သော အသျှင်ဘုရား၏ "ရူပံ ဘိက္ခဝေ အနတ္တာ" ဆိုသောစကားကိုပင် တပည့်တော်တို့သည် ဟုတ်မှန်အောင်၊အကျိုးရှိ အောင် နားမထောင်တတ် ဖြစ်ခဲ့ပါသည်။ တပည့်တော်တို့သည် ရှေ့ နောက်ထောက်ဆ ဆင်ခြင်ရမည်ကို မသိနိုင်အောင် ထုံခဲ့၊ထိုင်းခဲ့မှိုင်းဝေ ခဲ့သူများ ဖြစ်ကြပါသည်။

အနတ္တသစ္စာ၊အနိစ္စသစ္စာ၊ဒုက္ခသစ္စာ ဤသစ္စာများအရသည် ရုပ် တိုင်းမဟုတ်။ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တိုင်း မဟုတ်။ဥပါဒါန်ရှိ သော (ဝါ)ဥပါဒါန်ကြောင့်ဖြစ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တို့သာ ဟုတ်သည်ဟု အတိုင်းအဆမရှိ၊မဆင်ခြင်၊အသိမဝင် ဖြစ်ခဲ့ကြပါ သည်။ထို့ကြောင့် တပည့်တော်တို့သည် ဆင်ကန်းတောတိုးအလား အ ကျိုးနည်းမှုများနှင့် ရင်ဆိုင်ခဲ့ကြရခြင်း ဖြစ်ပါသည်။တပည့်တော်တို့၏ မိုက်ပြစ်သည် တပည့်တော်တို့နှင့် ထိုက်ပါပေသည်။

အစွဲ(ဥပါဒါန်)မရှိသောရုပ်သည် အနတ္တမဟုတ်ပါ။

ထို့အတူ အစွဲဥပါဒါန်မရှိသော ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များသည်လည်း အနတ္တမဟုတ်ပါ။

ဥပါဒါန်ကြောင့်ဖြစ်ခြင်းမဟုတ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များသည် ဒုက္ခမှလွတ်မြောက်ပါသည်။ကိုယ့်ကိုယ်ကို ကိုယ်ပိုင်ပါသည်။အတ္တဖြစ်ပါသည်။သူစိမ်းပြင်ပပယောဂ ကင်းပါသည်။အမှီခိုကင်းပါသည်။

ဥပါဒါန်ကြောင့်ဖြစ်ခြင်းမဟုတ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်သည် အနိစ္စမဟုတ်ပါ။အတ္တ ဖြစ်ပါသည်။အမတ ဖြစ်ပါသည်။နိစ္စဓူဝဖြစ်ပါသည်။

ဥပါဒါန်ကြောင့်ဖြစ်ခြင်းမဟုတ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များသည် ဒုက္ခမဟုတ်ပါ။ဒုက္ခနိရောဓ ဖြစ်ပါသည်။သန္တ ဖြစ်ပါသည်။သုခ ဖြစ်ပါသည်။

ထို့ကြောင့် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တိုင်းကို အနိစ္စ,ဒုက္ခ,အနတ္တဟု မြတ်စွာဘုရား ဟောကြားတော်မမူခဲ့ပါ။ဒုက္ခသစ္စာထိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များကိုသာ အနိစ္စ,ဒုက္ခ,အနတ္တဟု ဟောခဲ့ခြင်း ဖြစ်ပါသည်။ဒုက္ခသစ္စာမထိုက်သော ဥပါဒါန်ကြောင့်ဖြစ်ခြင်းမဟုတ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်များကို အနိစ္စ,ဒုက္ခ,အနတ္တဟု မြတ်စွာဘုရား ဟောတော်မူခြင်း မရှိပါ။(?)

တပည့်တော်တို့သည် ဤသို့ သစ္စာကိုမသိသည့်အလျောက်သောတာပန်အရိယာများ မဖြစ်ကြသည့်အလျောက် ရုပ်ဟာ အနတ္တဘဲ၊ဝေဒနာစသည်လည်း အနတ္တဘဲ။အနတ္တဖြစ်တာတွေ အနိစ္စ,ဒုက္ခလည်း

ဖြစ်တာဘဲဟူသော မြတ်စွာဘုရား၏စကားကိုထောက်၍ ရုပ်တိုင်း၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တိုင်းကို အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုခဲ့မိကြပါသည်။

ထို့ပြင်လည်း အနိစ္စကို မမြဲခြင်းဟု-ပြန်ပြီး၊ ရုပ်,ဝေဒနာစသည်တို့၏ ဥပါဒ်,ဌီ,ဘင်သဘောအဖြစ်များဟု အနက်ကောက်ခဲ့ကြပါသည်။ဒုက္ခကိုလည်း ဆင်းရဲခြင်းဟု-ပြန်ပြီး ဥပါဒ်,ဌီ,ဘင်များဖြင့် မပြတ်နှိပ်စက်ခြင်းဟု အနက်ကောက်ခဲ့ကြပါသည်။အနတ္တကိုလည်း အစိုးမရခြင်းဟုပြန်ပြီး ရုပ်,ဝေဒနာစသည်တို့၏ ဥပါဒ်,ဌီ,ဘင် အမြစ်မပြတ် နှိပ်စက်ဆင်းရဲနေခြင်းကို မဆင်းရဲအောင်အစိုးမရခြင်းဟု အနက်ကောက်ခဲ့ကြပါသည်။

အမှန်၌ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့၏ ဥပါဒ်, ဌီ, ဘင်သဘောများသည် ပရမတ္ထတရားတို့၏ သဘောလက္ခဏာမျှဖြစ်၍ ပရမတ္ထသစ္စာမျှသာ ဖြစ်ပါသည်။ မဂ္ဂအရိယသစ္စာဖြင့် ပိုင်းခြားသိအပ်သော ဒုက္ခတရားတို့၏ သဘောလက္ခဏာများမဟုတ်၍ဒုက္ခအရိယသစ္စာမဟုတ်ပါ။မဂ္ဂအရိယသစ္စာဖြင့် ပိုင်းပိုင်းခြားခြား အသိခံရသော ဒုက္ခတရားတို့၏ သဘောလက္ခဏာဖြစ်သော အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာများမှာ ရုပ်,ဝေဒနာစသည်တို့၏ ပရမတ္ထသဘာဝလက္ခဏာဖြစ်သော ဥပါဒ်,ဌီ,ဘင်များ မဟုတ်ပါ။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တရားတို့၏ လူမှုအဖြစ်၌ အစွဲဥပါဒါန်အဝင်ခံရသောကြောင့် မတည်ဖောက်ပြား ရွေ့လျားကျဆုံးခြင်း၊ ပူဆာလောင်ပြီး ကြပ်တည်းဆင်းရဲခြင်း၊ ကိုယ်စိုးမနိုင် ကိုယ်ပိုင်မရ အနှစ်သာရမရှိခြင်းဖြစ်သော အနိစ္စ,ဒုက္ခ,အနတ္တ သဘောလက္ခဏာ။ ဤလက္ခဏာများသာ ဒုက္ခအရိယသစ္စာ၏လက္ခဏာများ ဖြစ်ပါသည်။

အိုးသည် မြေဖြင့်ပြီးသော်လည်း အိုးပျက်ခြင်းသည် မြေပျက်ခြင်းနှင့် သီးခြားဖြစ်သကဲ့သို့ သဘောရောက်ပါသည်။မြေ၏အပျက်သည် ခဏမလပ်ဖြစ်နေသော်လည်း အိုးမပျက်လျှင် အိုးပျက်ဟုမဆိုရပါ။

ပရမတ္ထသစ္စာအပျက်သည် အိုးအဖြစ်ရောက်နေသော မြေ၏အပျက်မျှသာ ဖြစ်ပါသည်။အရိယသစ္စာအပျက်သည် မြေဖြင့်ပြုလုပ်သော အိုး၏ ကျေကွဲပျက်စီးခြင်းမျိုး ဖြစ်ပါသည်။(အိုးဟူသော အမှု၏ပျက်ခြင်း သဘောသာ ဖြစ်ပါသည်)။

ဤသို့ပင် ပရမတ္ထသစ္စာတရားတို့၏ သဘောလက္ခဏာ ဥပါဒ်,ဌီ, ဘင် အဖြစ်,အပျက်နှင့် ဒုက္ခအရိယသစ္စာတရားတို့၏ သဘောလက္ခဏာ အနိစ္စ,ဒုက္ခ,အနတ္တ အဖြစ်,အပျက်များနှင့် ခြားနားကြပါသည်။

ဒုက္ခအရိယသစ္စာ၌ အကျဉ်းချုပ်အရ ကောက်သောအခါ__

"ဥပါဒါန်ကြောင့်ဖြစ်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော ပရမတ္ထတရားများ"ပါဝင်သော်လည်း ထိုပရမတ္ထတရားတို့၏ ပရမတ္ထသဘာဝလက္ခဏာဖြစ်သော ဥပါဒ်,ဌီ,ဘင် အဖြစ်,အပျက်များကြောင့် အရိယသစ္စာအဖြစ် အရေအတွက်ရခြင်း မဟုတ်ပါ ပရမတ်အတွက်အားဖြင့်မဟုတ် ဆိုလိုပါသည်။

ထိုပရမတ်တို့၏ လူမှုအဖြစ်သဘောလက္ခဏာသည် အနိစ္စ,ဒုက္ခ, အနတ္တများ ဖြစ်နေသောကြောင့် ဒုက္ခအရိယသစ္စာအဖြစ် အရေအတွက်ရခြင်း ဖြစ်ပါသည်။အရိယာတွက်အားဖြင့်တွက်၍ ပရမတ်များ ဒုက္ခအရိယသစ္စာထိုက်နေခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။အိုးပျက်သည်ဆိုသည်မှာ မြေတွက်အားဖြင့် တွက်ခြင်းမဟုတ်။အိုးတွက်အားဖြင့် တွက်ခြင်းသာ ဖြစ်သကဲ့သို့ ဖြစ်ပါသည်။

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

တပည့်တော်တို့သည် ပညာမရှိပါဘဲလျက် ပညာရှိလုပ်ခဲ့ကြသည်အထိ မိုက်ကြသူ၊ကန်းကြသူများ ဖြစ်ခဲ့ကြပါသည်။အသျှင်မြတ်ဘုရား၏ အနတ္တက္ခဏာတရားကို ပရမတ်တွက်ဖြင့် ဒိုးဒိုးဒေါက်ဒေါက် အလွန်လျှင်မြန်စွာ တွက်ပြခဲ့ကြပါသည်။နောက်ဆုံး၌ ထွက်၍သာ စုသည်၊ လောဘ,ဒေါသ,စသောကိလေသာများက တပည့်တော်တို့စိတ်နှလုံးကို သိမ်းကျုံးလွှမ်းမိုးနေကြမှ နကမ္ပတိနည်းနည်းမျှ မတုန်မလှုပ် ဖြစ်ခဲ့ပါသည်။

တပည့်တော်တို့သည် မသိသည်ကို မသိဟုသိလျှင် တော်ပါလိမ့်မည်။မသိသည်ကို သိပြီဟုထင်မိမှားသည့်အတွက် များစွာ ကိုယ်ကျိုးနည်းခဲ့ကြပါသည်။ဤအဖြစ်များသည် တပည့်တော်တို့ပြုသော တပည့်တော်တို့နှင့်သာဆိုင်သော အပြစ်များဖြစ်ပါသည်။အသျှင်ဘုရားနှင့် လားလားမျှမဆိုင်သောအပြစ်များ ဖြစ်ပါသည်။တပည့်တော်တို့ ပြုမှားသော အပြစ်များသည် အသျှင်ဘုရားအားပင် ထိခိုက်ပါသည်။

အသျှင်ဘုရား၏ အနတ္တတရားသည် ကိုယ်စိုးမနိုင်၊ကိုယ်ပိုင်မရ ဖြစ်လျှင် အဘယ်သို့ဆောင်အံ့နည်း?

လူဟူသည် ကိုယ်စိုးကိုယ်နိုင် ကိုယ်ပိုင်ကိုယ်ရ ပြုကြသူများ ဖြစ်ပါသည်။ဗုဒ္ဓဝါဒသည် အရှုံးပေးဝါဒသာဖြစ်သည်၊ စိတ်ပျက်,လက်ပျက်ဝါဒကြီးသာဖြစ်သည်-ဤသို့ အသျှင်ဘုရားကို ကဲ့ရဲ့စေသည်အထိ ဖြစ်ရသည်မှာ တပည့်တော်တို့၏အမှားကြောင့် ဖြစ်ပါသည်။

အသျှင်ဘုရားသည် တပည့်တော်တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ ရှုပွားစေသည်မှာ အနိစ္စ,ဒုက္ခ,အနတ္တများ၌ ဆိုက်ရောက်နေစေလို၍ မဟုတ်

ပါ။ ဆေးပညာရှင်တစ်ယောက်သည် လူနာအား ဘယ်ရောဂါ, ဘယ်ဝေဒနာဟု ရောဂါကိုကြည့်ရှုသကဲ့သို့သာ ဖြစ်ပါသည်။ ဆေးပညာရှင်သည် ရောဂါကိုကြည့်သည်မှာ ရောဂါ၌ဆိုက်ရောက်နေစေလို၍ မဟုတ်ပါ။ရောဂါမှပယ်ထုတ်လို၍ ဖြစ်ပါသည်။

မြတ်စွာဘုရားသည်လည်း ဤအတူဖြစ်ပါသည်။တပည့်တော်တို့အား အနိစ္စရောက်နေသည်မှ ကယ်ထုတ်လို၍ ဖြစ်ပါသည်။ဤသို့ဖြစ်လျှက် အသျှင်မြတ်ဘုရားကို လူသိမှားအောင် တပည့်တော်များ ပြုမိခဲ့သည့်အတွက် အသျှင်မြတ်ဘုရားအား ရိုသေစွာ ညွတ်လက်အစုံ ထိပ်ထက်မိုးလျှက် အထပ်ထပ်ရှိခိုးကန်တော့အပ်ပါသည် အသျှင်ဘုရား။ တပည့်တော်တို့၏ အနတ္တက္ခဏာဖြင့် ကန်တော့ညွတ်ကျိုး ရှိခိုးခြင်းကို လက်ခံတော်မူပါ အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.....

အနတ္တလက္ခဏာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# မဟာသတိပဋ္ဌာန ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား......

အသျှင်မြတ်ဘုရား၏ အနတ္တလက္ခဏာတရားတော်၌ တပည့်တော်တို့ မှားယွင်းချွတ်ချော်ခဲ့သည်များဖြင့် အသျှင်မြတ်ဘုရားအား ရိုသေညွတ်ကျိုး၍ ရှိခိုးတောင်းပန်ခဲ့ရ၍ တပည့်တော်များ ချမ်းသာခဲ့ရပါပြီ။ယခုတဘန် ဆက်လက်၍ အသျှင်ဘုရား၏ မဟာသတိပဋ္ဌာန်ဟောကြားချက်များ၌ တပည့်တော်တို့အမှားကိုဖော်၍ အမှန်ကိုပေါ်စေရန် အသျှင်ဘုရားထံ ရိုသေညွတ်ကျိုး၍ ရှိခိုးတောင်းပန်လိုပါသည်ဘုရား။

သတိတရားသည် အသျှင်ဘုရား၏ အဆုံးအမ၌ အရေးကြီးဆုံးတရား ဖြစ်ပါသည်။"အပ္ပမာဒေန သမ္ပာဒေထ"ဆိုသောစကားသည် အသျှင်ဘုရားနှုတ်တော်မှ နေ့စဉ်မပြတ် တတွတ်တွတ်ရွတ်ဆိုခဲ့သောစကားဖြစ်ကြောင်း တပည့်တော်များ မှတ်သားသိရှိခဲ့ရပါသည်။

ဤသတိတရား၌လည်း တပည့်တော်များ အမှားကြီးမှားခဲ့ကြပါသည်။မြတ်စွာဘုရားသည် သတိထားလျှင် ခုနစ်ရက်မျှအတွင်း အထက်ဖိုလ်များဝင်မည်ဟု အာမခံခဲ့ပါသည်။ခုနစ်လ၊ခုနစ်နှစ်ကို အဖျဉ်းထား၍ မိန့်ကြားခဲ့ပါသည်။

တပည့်တော်တို့အတွက် သတိထားမှုသည် နှစ်၊လ၊ရက်များ များသော်လည်း သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿများ အကယ်လျော့ပါးကျဆုံးသည်ဟု မရှိသလိုဖြစ်ခဲ့ပါသည်။ဤသို့ဖြစ်ရသည်မှာ တပည့်တော်များ၏အပြစ်သာ ဖြစ်ပါသည်။အသျှင်ဘုရားသည် တရားတော်ကို ကောင်းခြင်းသုံးဖြာနှင့်ပြည်စုံစွာ ဟောခဲ့မည်အမှန် ဖြစ်ပါသည်။

တပည့်တော်တို့သည် အသျှင်ဘုရားဟောကြားခဲ့သော သတိပဋ္ဌာန်ဒေသနာကိုပင်အားထုတ်ကြပါသည်။အသျှင်ဘုရားသည် ကာယာနုပဿနာ၊အာနာပါနပဗ္ဗ၌ သတိနှင့်ရှူရမည်၊ သတိနှင့်ထုတ်ရမည် ဆိုသောကြောင့် သတိနှင့်ပင် ရှူခဲ့,ထုတ်ခဲ့ကြပါသည်။ရှည်ရှည်ရှူလျှင်,ထုတ်လျှင်လည်း ရှည်ရှည်ရှူကြောင်း,ထုတ်ကြောင်းသိရမည် အစရှိသည်ဖြင့် ဆိုသောကြောင့် သိအောင်လည်း ကျင့်ခဲ့ကြပါသည်။

ဣရိယာပထပဗ္ဗများ၌ သွားလျှင်-သွားတယ်သိရမည် အစရှိသည်ဖြင့်ဆိုသောကြောင့် သွားလျှင်-သွားတယ်ဟုသိအောင် သတိထားခဲ့ရပါသည်။

ဝေဒနာနုပဿနာ၌လည်း သုခဝေဒနာဖြစ်လျှင် သုခဝေဒနာခံစားရသည်ဟုသိရမည်အစရှိသည်ဖြင့် ဆိုသောကြောင့် သုခဝေဒနာဖြစ်လျှင် သုခဝေဒနာဖြစ်သည်ဟုသိအောင် သတိထားခဲ့ကြပါသည်။

ဤသို့သတိထားခြင်းကြောင့် စိတ်မပျံ့လွင့်ခြင်းအကျိုးများသာဖြစ်ပွားပါသည်။ဤစိတ်မပျံ့လွင့်ခြင်းသည် အစ၌ ကောင်းကျိုးများ ထင်ပါသည်။ကြာသောအခါ အသိငယ်သူဘဝ သက်ရောက်စေပါသည်။

ဟုတ်ပါသည်။အာရုံတစ်ခုတည်း၌နေသူသည် အခြားသောအာရုံများ၌ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ကွဲပြားအောင် မသိတတ်ဖြစ်လာပါသည်။ တုတ်တစ်ချောင်းတည်းသာသိနေသူ၌ သူ့တုတ်အတိုအရှည်ကိုသိမနေသည်မှာ ဓမ္မတာဖြစ်ပါသည်။

စိတ်ကို အခြားအာရုံများသို့ မသွားအောင်ထားခြင်းကို လုပ်နေသည်နှင့်တူလာပါသည်။စိတ်သည် ကူးတတ်သောပစ္စည်း ဖြစ်ပါသည်။ သူ့အလုပ်သည်ပင် ကူးသန်းခြင်းဖြစ်ပါသည်။စိတ်ကို မကူးအောင်လေ့

ကျင့်ပေးသောအခါ စိတ်သည် မကူးတတ်သလို အဖြစ်မျိုးလာရပါ သည်။ဤအဖြစ်မျိုးသည် တပည့်တော်များအတွက် အကယ်ကောင်းရန် အလားအလာ မဲ့ပါသည်။စိတ်ကို ကူးသန်းချင်သလို ကူးခြင်းသည် "လည်လွန်းသောဘီး ချေးသင့်"ဟူဘိသို့ မကောင်းသလို၊ စိတ်ကို လုံးဝ မကူးသန်းတတ်တော့အောင် လေ့ကျင့်ခြင်းသည်လည်း ကောင်းရန်အ ကြောင်း မရှိပါ။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် စိတ်ကို မကူးတတ် အောင်ပင် လေ့ကျင့်နေမိကြပါသည်။သတိပဋ္ဌာန်တရားတော်သည် စိတ် ကို မကူးတတ်အောင်လေ့ကျင့်ရသောတရားဟုပင် တပည့်တော်တို့ နားလည်နေခဲ့ကြပါသည်။

တပည့်တော်တို့မြင်သော သတိပဋ္ဌာန်၏ပန်းတိုင်သည် စိတ်ကို ဘယ်ဆီမှမကူးစေဘဲ ရှူလေကို ရှူလေအတိုင်း၊ ထုတ်လေကို ထုတ်လေ အတိုင်းသိရှိရန်ဟု ဖြစ်နေခဲ့ပါသည်။ဝေဒနာဆိုလျှင်လည်း သုခဝေဒနာ ကို သုခဝေဒနာအတိုင်း၊ ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာအတိုင်းသိရှိရန်ဟု ဖြစ်နေခဲ့ပါသည်။စိတ်ဆိုလျှင်လည်း ရာဂစိတ်ကို ရာဂစိတ်အတိုင်း၊ ရာဂ ကင်းသောစိတ်ကို ရာဂကင်းသောစိတ်အတိုင်းသိရှိရန်ဟု ဖြစ်နေခဲ့ပါ သည်။

တပည့်တော်တို့သည် သတိပဋ္ဌာန်တရားတော်၌လည်း ပြည့်စုံစွာ လေ့လာရန် ကြွင်းကျန်ခဲ့ကြပါသည်။ထို့ကြောင့် တပည့်တော်တို့၏သတိ ပဋ္ဌာန်သည် လူကို စိတ်ရောဂါ၊ကိုယ်ရောဂါများဖြစ်ပွားဘို့ရန် ဦးတည်နေ သကဲ့သို့သာ ဖြစ်နေခဲ့ပါသည်။တပည့်တော်တို့ သတိပဋ္ဌာန်လေ့လာချက် သည် အကျဉ်းဥဒ္ဒေသကိုချန်လှပ်၍ အကျယ်ဝိတ္ထာရမှာ ဇောကပ်နေခဲ့

ကြပါသည်။တပည့်တော်တို့၏ ဤအမှားသည် အားလုံးမှောက်ရန် လုံလောက်သည်အထိ ပြည့်စုံနေခဲ့ပါသည်။

စကားတစ်ခုပြောရာ၌ အကျဉ်းချုပ်ပြောစဉ်က ပါဝင်ပြီးသည်ကို အကျယ်၌ ပါဝင်ကောင်းမှပါဝင်ပေမည်။အကျယ်၌ပါဝင်သော စကားများလည်း အကျဉ်း၌ ပါဝင်ကောင်းမှ ပါဝင်ပေမည်။ထို့ကြောင့် တစ်ခုခု ချန်လှပ်၍လေ့လာခြင်းသည် ဆိုလိုသူ၏အာဘော်နှင့်ကိုက်ညီရန် ခဲယဉ်းလှပေသည်။

မဟာသတိပဋ္ဌာန်၌လည်း တပည့်တော်တို့သည် ဤနည်းမခြားအလားတူဖြစ်ခဲ့ကြပါသည်။မဟာသတိပဋ္ဌာန်၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ဥဒ္ဒေသကို အကြောင်းအရာသုံးခုတို့ဖြင့် ဟောခဲ့ပါသည်။သတိပဋ္ဌာန်အမွှန်း၊သတိပဋ္ဌာန်သရုပ်၊သတိပဋ္ဌာန်ရှုပွားပုံများနည်း ဖြစ်ပါသည်။

ရောဂါသိရုံမျှဖြင့် ထိုရောဂါအတွက်၊ဆေးအမည်ကိုသိရုံမျှဖြင့် ဆေးကိုရောဂါအတွက် ဘယ်ပုံဘယ်နည်း အသုံးချရမည်ကိုမသိလျှင် အကျိုးထင်နိုင်မည် မဟုတ်ပါ။သောက်ရမည်လော? လိမ်းရမည်လော? ရှူရမည်လော? မလွဲမသွေ သိရပေမည်။ဤအတူဖြစ်ပါသည်။ ကိလေသာရောဂါအတွက် သတိပဋ္ဌာန်ဆေးတော်ကြီးကို သိရှိခဲ့ကြပါသည်။ သတိပဋ္ဌာန် ဘယ်ပုံဘယ်နည်းပွားမည်ဟု ပွားပုံပွားနည်းကိုမသိလျှင် ရှေးကသိခဲ့သောအကျိုးများသည် ထင်ရှားလိမ့်မည် မဟုတ်ပါ။

တပည့်တော်တို့သည် ဤအတိုင်းဖြစ်ခဲ့ကြပါသည်။သတိပဋ္ဌာန်ကို သိခဲ့ကြပါသည်။သတိပဋ္ဌာန်သည် ကိလေသာရောဂါများကိုကုစားရန် ဆေးဝါးဟုလည်း သိခဲ့ကြပါသည်။သတိပွားပုံပွားနည်းဟူသော ဆေးဝါးကိုမှီဝဲရမည့်ပုံကိုကား တပည့်တော်များ နားပါးမလည် ဖြစ်ခဲ့ကြပါသည်။

ရှူလေကို ရှူလေအတိုင်း၊ ထွက်လေကို ထွက်လေအတိုင်း သတိဖြစ်ရန်လို့ပင် သိနေခဲ့ကြပါသည်။အဘယ့်ကြောင့် ရှူလေ,ထွက်လေကို သတိထားရသနည်း?ဟု စောဒနာကြည့်လျှင်လည်း ရှူလေ,ထွက်လေများ ရှိနေသောကြောင့် ရှိသည်ကို ရှိသည့်အတိုင်းသိရန်ဟုပင် အဖြေထွက်ပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့ကို သတိရှိလျှက် အသက်ရှူရမည်။သတိရှိလျှက် ထွက်သက်ထုတ်ရမည်ဟု မိန့်ကြားတော်မူပါသည်။ တပည့်တော်တို့လည်း သတိရှိလျှက် ဝင်သက်ကိုရှူပါသည်၊ ထွက်သက်ကို ထုတ်ပါသည်။ဘယ်လို သတိရှိရမည်ကို မသိပါ။ဘာကို သတိရှိရမည်ဟုကား တပည့်တော်တို့ မသိပါ။

တပည့်တော်တို့၏ ဤအသိသည် တပည့်တော်တို့အရပ်၌ သုံးစွဲကြသော "မောင်မှန် ကျည်းကန်သွားသလို"ဟူသောစကားပုံနှင့် ထပ်တူဖြစ်နေပါသည်။

တပည့်တော်တို့အရပ်သည် ကျည်းကန်ရှင်ကြီးတို့ရွာဖြစ်သော ကျည်းကန်နှင့် တစ်တိုင်မျှကွာဝေးပါသည်။တပည့်တော်တို့ရွာ၌ မောင်မှန်ဆိုသော လူညံ့တစ်ယောက်လည်း ရှိနေခဲ့ပါသည်။သူ့မိခင်သည် နံနက်ဖန်၌ ကျည်းကန်ရွာသို့ မောင်မှန်ကိုလွှတ်ရန် စိတ်ကူးရှိနေခဲ့ပါသည်။ ဤစိတ်ကူးကို ညကပင် မောင်မှန်ကို ပြောထားလိုက်ပါသည်။နံနက်ဖန်ကျလျှင် မောင်မှန် ကျည်းကန်သွားရမည်ဟူ၍ ဖြစ်ပါသည်။

နံနက်လင်း၍ မှာစရာရှိသည်များကို မှာကြားပြီး ကျည်းကန်ရွာသို့ မောင်မှန်ကိုလွှတ်သောအခါ မောင်မှန်သည် သူ့မိခင်ကိုပင် ပြောင်လှောင်နေသည်ဟု ဆိုပါသည်။"အခုမှ ကျည်းကန်လွှတ်နေသလား?

ကျွန်တော်က ကျည်းကန်ကပြန်လာတာ တစ်ရေးတောင်ရနေပြီ။ကျည်းကန်ရွာတံခါးမဖွင့်သေးလို့ တံခါးတိုင်ကိုပင် ခေါက်ထားခဲ့သေးသည်” ဟူ၍ဖြစ်ပါသည်။

တပည့်တော်တို့၏ ထွက်သက်,ဝင်သက်ရှုမှတ်မှုသည် မောင်မှန် ကျည်းကန်သွားခြင်းမျိုးနှင့်မခြား အလားအတူ ဖြစ်နေပါသည်။မောင်မှန်သည် ကျည်းကန်ရွာသို့ သွားခဲ့သည်လည်း အမှန်ဖြစ်ပါသည်။အဘယ် အကျိုးမျှမပြီး၊မဆောင်ရွက်သည်လည်း အမှန်ပင်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ထွက်သက်,ဝင်သက်ကိုသတိထားကြဟု မိန့်ခဲ့ပါသည်။ဘယ်ပုံဘယ်နည်း သတိထားရမည်ဟု မိန့်ခဲ့သည်ကို တပည့်တော်တို့ မကြားကြပါ။မြတ်စွာဘုရားသည် ဥဒ္ဒေသပိုင်း၌__

“အာတာပီသမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ”ဟူ၍ ထွက်သက်,ဝင်သက်ကို သတိထားပုံကို မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ထွက်လေ,ဝင်လေကို ထွက်လေ,ဝင်လေအတိုင်း သတိထားဘို့ ထက် ထွက်လေ,ဝင်လေကို အဘိဇ္ဈာ,ဗျာပါဒရှိ-မရှိ သတိထားဘို့ ဖြစ်ပါသည်။ထွက်လေ,ဝင်လေသည် စိတ္တဇပစ္စည်းများ ဖြစ်ပါသည်။စိတ်သည် အဘိဇ္ဈာဖြစ်နေလျှင် အနဘိဇ္ဈာဖြစ်သောအခါရှိ ထွက်လေ,ဝင်လေနှင့် မတူ ကွဲပြားခြားနားပါမည်။ဗျာပါဒဖြစ်နေလျှင်လည်း မေတ္တာဖြစ်သော အခါရှိ ထွက်လေ,ဝင်လေနှင့်မတူ ခြားနားပါမည်။

ထို့ကြောင့် ထွက်လေဝင်လေကို ရှုကြည့်ဆင်ခြင်ခြင်းသည် ထွက်လေ,ဝင်လေကိုသိရန်မဟုတ်။လောဘ ထွက်လေဝင်လေလော? ဒေါသ ထွက်လေ,ဝင်လေလော? ခွဲခြားသိရန် ဖြစ်ပါသည်။ သိလျှင် လောဘ,

ဒေါသမဖြစ်ရန် ဆင်ခြင်မည်။ဆင်ခြင်လျှင် မဖြစ်အောင် အားထုတ်မည်။ အားထုတ်လျှင် မဖြစ်ဘဲနေမည်။ဤသို့ ပယ်ဖျောက်နိုင်ရန် ထွက်လေ, ဝင်လေကို သတိထားရခြင်း ဖြစ်ပါသည်။

ဣရိယာပထပဗ္ဗ၌လည်း သွားလျှင် သွားသည်ဟုသိရန် သတိထားဘို့ ဟောကြားခဲ့သည်ဟု တပည့်တော်များ မှတ်ထင်ပါသည်။ အကယ်၍ သွားခြင်းသည် လောဘဖြင့်သွားခြင်း၊ လောဘမပါဘဲ သွားခြင်း၊ ဒေါသဖြင့် သွားခြင်း၊ ဒေါသမပါဘဲ သွားခြင်းဟူ၍ ရှိနိုင်ပါသည်။လောဘ,ဒေါသများဖြင့် သွား-မသွားသိရှိရန် သတိထားခိုင်းခြင်း ဖြစ်ပါသည်။

ဝေဒနာစသော ကွင်းသောအနုပဿနာများ၌လည်း ဤနည်းအတူပင် ဖြစ်ပါသည်။သုခဝေဒနာကို သုခဝေဒနာအတိုင်း၊ ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာအတိုင်း၊ရာဂစိတ်ကိုလည်း ရာဂစိတ်အတိုင်း၊ရာဂကင်းသောစိတ်ကို ရာဂကင်းသောစိတ်အတိုင်း သိရှိရန်မျှ မဟုတ်ပါ။အဘိဇ္ဈာ,ဗျာပါဒဖြစ်နေသော ဝေဒနာများ,စိတ်များလော? ၎င်းတို့ကင်းနေသော ဝေဒနာများ,စိတ်များလော?သိရှိရန် သတိထားရခြင်း ဖြစ်ပါသည်။

မြို့တံခါးကိုစောင့်သောသူသည် တံခါးကြီးကိုစောင့်နေသည် မဟုတ်ပ။တံခါးမှဝင်လာသော မဝင်သင့်သူကိုစောင့်ခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်သော်လည်း မြို့တံခါးစောင့်သည် တံခါးမှာပင် သတိထားပါလိမ့်မည်။ဝင်သင့်သူများ ဝင်လာသည်ကိုလည်း သတိထားပါလိမ့်မည်။

သတိပဋ္ဌာန်သည်လည်း အဘိဇ္ဈာနှင့် ဗျာပါဒချေမှုန်းရေးပင် ဖြစ်ပါသည်။ကာယ,စိတ္တ,ဓမ္မ,ဝေဒနာ လေးဖြာမှာ သတိထားပါလိမ့်မည်။ အဘိဇ္ဈာ,ဗျာပါဒမဟုတ်သည်များကိုလည်း သတိရှိနေပါလိမ့်မည်။ဤသို့ဖြစ်သော်လည်း အဓိကမှာ အဘိဇ္ဈာ,ဗျာပါဒသိရှိရေး ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတိပဋ္ဌာန်ကို ဤသို့ပင် ဟောခဲ့ပါသည်။ တပည့်တော်တို့သည် မြတ်စွာဘုရား၏ ဤဟောကြားချက်ကို နားမလည်နိုင်အောင် အသိဉာဏ်ထိုင်းသူများ ဖြစ်ခဲ့ကြပါသည်။ထို့ကြောင့် ထွက်လေ,ဝင်လေကိုရှုသော်လည်း ထွက်လေ,ဝင်လေ၏အဖြစ်,အပျက်ကို တပည့်တော်များ မရိပ်စားမိခဲ့ကြခြင်း ဖြစ်ပါသည်။ထမင်းကို ထမင်းအိုးမှ ဖြစ်သည်ဟု သိကာမျှဖြင့် လောဘ,ဒေါသဖြင့်ဖြစ်သော ထွက်လေ,ဝင်လေ၊ မဟုတ်သော ထွက်လေ,ဝင်လေဟု ဤသို့မသိလျှင် ထွက်လေ,ဝင်လေ၏ အဖြစ်,အပျက်ကို အမှန်သိသည်မဆိုနိုင်ပါ။

ဤသို့ အမှန်မသိလျှင် အဘိဇ္ဈာ,ဗျာပါဒများ ဘယ်တော့မျှ မချုပ်ငြိမ်း မရုပ်သိမ်းသောကြောင့် ထွက်လေ,ဝင်လေမျှသာကြွင်းတော့ပြီး ဘာကိုမျှမစွဲလန်း မမှီခိုသူအဖြစ် ဘယ်တော့မျှရောက်နိုင်လိမ့်မည် မဟုတ်ပါ။ထွက်လေ,ဝင်လေ၏ တကယ့်အဖြစ်,အပျက်ကို အမှန်သိလျှင်ကား အဘိဇ္ဈာနှင့်ဗျာပါဒများကို အပြတ် သုတ်သင်နိုင်မည် ဖြစ်ပါသည်။ ဤသို့သုတ်သင်နိုင်လျှင် အဘိဇ္ဈာ,ဗျာပါဒမဘက် သက်သက် ထွက်လေ,ဝင်လေသာ ကြွင်းတော့ပြီး ဘာကိုမျှမမှီခို,မစွဲလန်းသူအဖြစ် မလွဲမသွေဆိုက်ရောက်ရပေမည်။

မြတ်စွာဘုရားသည် ဤသို့ပင်ရည်ရွယ်မှန်းကာ မိန့်ကြားခဲ့ပါသည်။ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် မိုက်ခဲ့၊ကန်းခဲ့၊ရမ်းခဲ့ကြပါသည်။

ထို့ကြောင့် တပည့်တော်တို့၏ သတိထားခြင်း၊ဝီရိယထားခြင်း၊ သမာဓိထားခြင်းဟူသော သမာဓိက္ခန္ဓဂင်္ဂများ ပွားများခြင်းသည် သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝဟူသော သီလမဂ္ဂင်တရားဖြစ်ပွားမှုများ၌

အခြေမခံဘဲ အောက်ခြေလွတ် သမာဓိကွန္တမဂ္ဂင်များကို များများမှီခိုခဲ့ကြပါသည်။

သီလကိုအခြေမခံသောသမာဓိကို ပွားများသောကြောင့် အဓိသိက္ခာစာရင်းဝင်သမာဓိများ မဖြစ်ပွားဘဲ ရှိခဲ့ကြပါသည်။ထို့ကြောင့်လည်း သမာဓိများဖြင့်သာဆုံရသော ပညာနှင့်လည်း ဝေးခဲ့ရပါသည်။ထို့ကြောင့် သမ္မာသတိဖြစ်သော သတိ၏အခြေခံရမည့်တရားသည် ထွက်လေ,ဝင်လေမဟုတ်။ထွက်လေ,ဝင်လေ၏ အဖြစ်,အပျက်ဖြစ်သော သမ္မာကမ္မန္တ, သမ္မာအာဇီဝများပျက်ကြောင်းဖြစ်သော အဘိဇ္ဈာနှင့် ဗျာပါဒများ ဖြစ်ပါသည်။

ဗုဒ္ဓအသျှင်မြတ်ဘုရား.......

တပည့်တော်တို့သည် သတိပဋ္ဌာန်၌လည်း ဤသို့ပင် အလွဲကြီးလွဲအောင် ကွဲလွဲမှားယွင်းခဲ့ကြပါသည်။တပည့်တော်တို့၏အမှားသည်လည်း တပည့်တော်တို့ကိုသာမက အသျှင်ဘုရားအားလည်း ကြီးမားစွာပင် ထိပါးနစ်နာစေရာရောက်ပါသည်။ဤအမှားအတွက် အသျှင်မြတ်ဘုရားအား တပည့်တော်များ ရိုသေညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ရပါမည်။တပည့်တော်တို့၏ ဤသို့ ရိုသေညွှတ်ကျိုး ရှိခိုးကန်တော့ခြင်းကို လက်ခံတော်မူပါ အနန္တကျေးဇူးသခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား..........။

မဟာသတိပဋ္ဌာန ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



## အနိမိတ္တဘာဝနာ ဓမ္မပူဇာ ဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်ဘုရား၏ မဟာသတိပဋ္ဌာန်တရားတော်များ၌ တပည့်တော်များ ချွတ်ချော်ခဲ့ မှားယွင်းခဲ့ချက်များကို အပြစ်အားလျော်စွာ တပည့်တော်များသိရှိပါမည်ဟု ရိုသေစွာညွတ်ကျိုး၍ ရှိခိုးကန်တော့ခဲ့ပါသည်။ ယခုတဘန် အသျှင်ရာဟုလာအား အသျှင်ဘုရား မိန့်ကြားခဲ့သော အနိမိတ္တဘာဝနာတရားဖြင့် ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ခွင့် ပြုပါဘုရား။

တပည့်တော်တို့သည် အနိမိတ္တဘာဝနာကိုပွား၍ မာနကိုပယ်လိုလှပါသည်။အဘယ့်ကြောင့်ဆိုသော် အေးငြိမ်းစွာ ကျက်စားသွားလာနိုင်ရန် ဖြစ်ပါသည်။မာနတရားရှိနေသမျှ ငြိမ်းအေးစွာ ကျက်စားသွားလာနိုင်ခြင်း မရှိသည်ကို သဘောပေါက်ပါသည်။

တပည့်တော်တို့ကိုယ်မှ မာနဟုဆိုအပ်သော "ငါ၊ ငါ့ကိုဘယ်လိုအစား မှတ်သလဲ? ငါလုပ်ထားတာ၊ငါကွ၊ငါ့ကြောင့်ဖြစ်တာ"အစရှိသော ငါဟူသောဇာတ်ကောင်ကို ရှေ့တန်းတင်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် အဆင်မပြေနိုင်ဖြစ်ပြီး မငြိမ်းမအေး ရှိပါသည်။

ငြိမ်းအေးစွာ မကျက်စား,မသွားလာနိုင်ခြင်း၏ လက်သည်တရားခံသည် မာနဖြစ်ပါသည်။ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ ယစ်မူးခြင်း၊ ရှေ့တန်းတင်ခြင်း၊ တကိုယ်တော်ဆန်ခြင်း၊ ဘဝင်မြင့်ခြင်း၊ မောက်မာခြင်း၊ ကြွားခြင်းများ ဖြစ်ပါသည်။

မာနတရားသည် အမှန်တရားလည်း မဟုတ်ပါ။မျိုးမည်မျှပင်

ကောင်းသော သစ်စေ့ဖြစ်ပါစေ။ မြေ,ရေ,လေ,နေများ၏ အကူအညီမရလျှင် အကျိုးတရား ဖြစ်ပွားပေါ်ပါက်လိမ့်မည် မဟုတ်ပါ။ထို့အတူ မိမိမည်မျှပင်တော်တည့်မှန်ကန်နေပါစေ။မိမိတစ်ဦးတည်းဖြင့် မိမိဘဝကိုဆောင်နိုင်ရန်အကြောင်း မှိုပါ။ထိုသို့ မာနတက်လျှင်ကား လောကအပြင်ဘက် သွားရအောင်ပြုသကဲ့သို့ဖြစ်၍ မာနတရားသည် လူတို့စွဲကိုင်ရန်ပင်မြတ်သော အမှန်တရားမဟုတ်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် တပည့်တော်တို့သည် ကြီးမြင့်လိုခြင်း၊ထင်ပေါ်လိုခြင်း၊ကျော်ဇောလိုခြင်းအစရှိသော ကိုယ့်ကိုယ်ကို ရှေ့တန်းတင်မှုမာနတရားကိုဆွဲချထားခဲ့လိုပါသည်။ ထို့ကြောင့် အနိမိတ္တဘာဝနာကို ပွားများကြပါသည်။

တပည့်တော်တို့ပွားသော အနိမိတ္တဘာဝနာမှာ ငါ၊သူတပါး၊ယောကျ်ား၊မိန်းမနိမိတ်များကို ငါမဟုတ်အောင်၊သူတပါးမဟုတ်အောင်၊ယောကျ်ားမဟုတ်အောင်၊မိန်းမမဟုတ်အောင် ရှုကြည့်ဆင်ခြင် သဘောဝင်ခြင်းများ ဖြစ်ပါသည်။ငါ၊သူတပါး၊ယောကျ်ား၊မိန်းမအရာများသည် အထွေထွေကွဲပြားနေသော်လည်း တကယ်အားဖြင့် မကွဲပြား တသားတည်းဖြစ်ပါသည်။

ဆံပင်,အမွေး,ခြေသည်း-လက်သည်း,သွား,အရေဟူသောတရားများ၏ အမည်များသာ ဖြစ်ကြသည်။သို့မဟုတ် ရုပ်,နာမ်နှစ်ပါး၏ အမည်များသာ ဖြစ်ကြသည်။ရုပ်နာမ်နှစ်ပါး၌ ငါ၊သူတပါး၊ယောကျ်ား၊မိန်းမဟူ၍ တစိုးတစိမျှမရှိ။ထိုသို့ဖြစ်လျှက် စိတ် ဆက်ဖန်သောကြောင့် ဤကားယောကျ်ား၊ဤကား မိန်းမ ကွဲပြားကြခြင်း ဖြစ်ပါသည်။ယောကျ်ားဆိုသည် အကယ်ရှိသောအရာ မဟုတ်။နိမိတ်ကောက်ယူထားသောအရာသာ

ဖြစ်သည်။မိန်းမလည်း ဤအတူ စိတ်က နိမိတ်ကောက်ယူထားသောအရာသာ ဖြစ်သည်။

ဤသို့သိ၍ စိတ်ကို နိမိတ်မကောက်နိုင်ရန် ရုပ်,နာမ်ကို ကြပ်ကြပ်ရှုခဲ့ကြပါသည်။ ဤသို့ပွားရှုခြင်းသည် တပည့်တော်တို့အသိ၌ အနိမိတ္တဘာဝနာပွားရှုခြင်း ဖြစ်နေခဲ့ပါသည်။တပည့်တော်တို့သည် တရားလွန်တရားများကို ပွားများမှီခိုခဲ့ကြပါသည်။ငါ,သူတပါးဟူသော သမုတိသစ္စာ၊ ယောကျ်ား,မိန်းမဟူသော သမုတိသစ္စာ-ဤသစ္စာများကို ချေမှုန်းမိကြသည်အထိ ဖြစ်လာကြပါသည်။

သစ္စာသည် တထဂုဏ်မြောက်သောကြောင့် ချေမှုန်း၍ မရနိုင်ပါဘဲလျှက် တပည့်တော်တို့သည် လောကသစ္စာကို ကိုယ်စောင်းတိုက်ခဲ့ကြပါသည်။သမုတိသည် ပရမတ္ထနယ်ရောက်လျှင် ကျေပျောက်မည်။ဤသို့ပင် လက်မထောင်ခဲ့ကြပါသည်။

တပည့်တော်များ ဤသို့ဖြစ်ရသည်မှာ သမုတိသစ္စာကို ကိုယ်စောင်းတိုက်ခဲ့မိသောကြောင့် ဖြစ်ပါသည်။သမုတိသစ္စာသည် ဘယ်တော့မှ မကျေပျက်ပါ။ ပရမတ္ထသစ္စာနယ်မှုမက အရိယသစ္စာနယ်ရောက်လည်း မကျေပျက်ပါ။ပရမတ္ထသစ္စာသည်လည်း ဤအတူဖြစ်ပါသည်။ အရိယသစ္စာနယ်ရောက်လည်း ကျေပျက်ခြင်းမရှိပါ။

မြေသည် အုတ်ခဲအဖြစ်ရောက်သောကြောင့် ကျေပျက်သည်ထင်ရသော်လည်း မကျေပျက်ပါ။ မြေလည်းဟုတ်၊ အုတ်ခဲလည်း ဟုတ်ပါသည်။အုတ်သည် ဘုရားအဖြစ်သို့ရောက်သော်လည်း မကျေပျက်ပါ။ ဘုရားလည်းဟုတ်၊အုတ်လည်းဟုတ်၊မြေလည်းဟုတ်မြဲ ဟုတ်နေပါသည်။ ဘုရားကိုလည်း အုတ်ဟုဖျက်၍မရပါ။အုတ်ကိုလည်း မြေဟု ဖျက်၍မရ

ပါ။သမုတိသစ္စာ၊ပရမတ္ထသစ္စာ၊အရိယသစ္စာများလည်း ဤနည်းမခြား ဖြစ်ပါသည်။

တစ်နှင့်နှစ်ပေါင်းလျှင် သုံးဖြစ်ပါသည်။သုံးဖြစ်သောကြောင့် တစ်နှင့်နှစ်တို့ပျောက်သည်ဟု ထင်ရပါသည်။အကယ်၌ တစ်နှင့်နှစ်သည် သုံးအတွင်း၌ အမြဲတည်ရှိနေပါသည်။မပျောက်ပျက်ပါ။

ရွှေကိုလက်ကောက်လုပ်လျှင် ရွှေပျောက်ပါမည်လော? ရွှေလက်ကောက်ကို ရွှေဟုသိသောကြောင့် လက်ကောက်ပျက်ပါမည်လော? ဤသို့ပင် ရိုးရိုးစဉ်းစားဘို့များ မေ့လျော့ပျက်ကွက်ကုန်သည်အထိ အောက်ခြေလွတ်ခဲ့ကြပါသည်။ဤသို့ဖြစ်ရသည်မှာ တရားအလွန်များကို ပွားများမိသောကြောင့် ဖြစ်ပါသည်။ဤသို့ပွားများခြင်းကို အနိမိတ္တာဘာဝနာပွားနေသည်ဟုပင် တပည့်တော်တို့ ထင်ခဲ့ကြပါသည်။

တပည့်တော်တို့၏ ဤအထင်သည် သွက်သွက်လည်အောင်ပင် မှားခဲ့ပါကြပါသည်။မြတ်စွာဘုရားသည် "လောက နအဟံ န ဝါ ဝဒါမိ" ဟုပင် "လောကကို ငါမငြင်းဆိုဘူး"ဟု ထုတ်ဖော်မိန့်ကြားခဲ့ပါသည်။ ထို့ကြောင့် ရှင်ရာဟုလာအား အနိမိတ္တာဘာဝနာကိုပွားဟု ခိုင်းခြင်းမှာ ရုပ်,နာမ်ကိုရှု၍ ငါ၊သူတပါး၊ယောကျ်ားမိန်းမကို ငြင်းဆိုခိုင်းခြင်း မဟုတ်ကြောင်း ထင်ရှားပါသည်။

မြတ်စွာဘုရားသည် ရှင်ရာဟုလာအား အနိမိတ္တာဘာဝနာကို ပွားစေသည်မှာ ရှင်ရာဟုလာ နိမိတ်မကောက်စေလို၍သာ ဖြစ်ပါသည်။ ဟုတ်ပါသည်။နိမိတ်ကောက်သူသည် မာနကိုပယ်နိုင်ရန် မဖြစ်နိုင်ပါ။

နိမိတ်ဟူသည်မှာ ကာလစကား ဖြစ်ပါသည်။အနာဂတ်ကိုညွှန်းသောစကား ဖြစ်ပါသည်။အတိတ်ကောက်သည်ဟူသောစကားနှင့်

ထပ်တူနီးပါး အဓိပ္ပါယ်ရှိပါသည်။ပုညာပုည,အာနေဥ္စဟုဆိုအပ်သော အဘိသင်္ခါရတရားတစ်ခုခု၌ ဖြစ်ဆဲအဖြစ်၏ အကျိုး,အပြစ်ကိုမစိစစ်ဘဲ အတိတ်က ဘယ်လိုဖြစ်ခဲ့သနည်း?ဟု အတိတ်ကိုဖော်လျှင် အနာဂတ်မှာ ဘယ်လိုရှိလိမ့်မည်ဟု နိမိတ်ကိုလည်း မျှော်ပါလိမ့်မည်။ထိုသူသည် ပစ္စုပ္ပန်အဖြစ်၌ ချော်ရမည်မလွဲ ဖြစ်ပါသည်။

မကောင်းသောအလုပ်ပင်ဖြစ်သော်လည်း အချိန်အခါမရောက်သေးလျှင် မကောင်းကျိုးကိုမမြင်ရဘဲ ကောင်းကျိုးကိုထင်နေတတ်မြဲ ဖြစ်ပါသည်။ထို့ကြောင့် အတိတ်နိမိတ်ကောက်ခြင်းများသည် တကယ့်အဖြစ်မှန် သိနိုင်ရေးနှင့် ဝေးကွာစေကြောင်း ဖြစ်ပါသည်။

အဖြစ်မှန်မသိသောသူသည် အကောင်းဖြစ်လျှင် "ငါတော်လို့"၊ အဆိုးဖြစ်လျှင် "သူချော်လို့"အစရှိသည်ဖြင့် အခြေအနေကို အခြေအနေအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်ဘဲ၊ ပုဂ္ဂလဓိဋ္ဌာန်ဝင်ခြင်းကြောင့် မာနကြီးခြင်း ဖြစ်ပါသည်။အမှန်စင်စစ်၌ သူတော်,ငါတော်၊သူချော်,ငါချော် မရှိနိုင်ပါ။မြေစိုင်မြေခဲကို အုတ်ခဲအရာ၌ချထားလျှင် မြေစိုင်ခဲမခိုင်သည်မှာ မြေစိုင်ခဲ၏အပြစ် မဟုတ်ပါ။ချထားမှုမှား၏အမှားသာ ဖြစ်ပါသည်။

မကောင်းသောအမှုကိုပြုလုပ်၍ မကောင်းကျိုးများ ဖြစ်ပွားသည်မှာ ငါချော်လို့၊သူချော်လို့ မဟုတ်ပါ။ကောင်းသောအမှုကိုပြုလုပ်၍ ကောင်းကျိုးများဖြစ်ပွားသည်မှာလည်း ငါတော်လို့၊သူတော်လို့ မဟုတ်ပါ။ အမှုမှား၍ အကျိုးမှား၊ အမှုမှန်၍ အကျိုးမှန်ခြင်းသာ ဖြစ်ပါသည်။

ပစ္စုပ္ပန်အမှု မှန်မမှန်ကို မစိစစ်ဘဲ အနာဂတ်မှန်ရေးကိုသာ မျှော်တွေးနေလျှင် အမျှော်နှင့်အဖြစ် တစ်ထစ်စီ ခြားနေနိုင်ပါသည်။ထိုအခါ သူ့ကြောင့်,ကိုယ့်ကြောင့်ဟု စိတ်ဖောင်း,စိတ်မာန်များ ကြွရပါသည်။

မတော်တဆ မျှော်မိသည့်အတိုင်း ဖြစ်လာလျှင်လည်း “ငါတော်လို့”ဟု ကြွားဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် နိမိတ်ကောက်ခြင်းသည် မာနကြီးကြောင်း၊ ဆင်းရဲကြောင်း ဖြစ်ပါသည်။မြတ်စွာဘုရားသည် ရှင်ရာဟုလာအား နိမိတ်မကောက်ရန်၊မာနမကြီးရန် ငြိမ်းချမ်းစွာ ကျက်စားသွားလာနိုင်ရေးကို ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။ယောကျ်ားကို ယောကျ်ားမဟုတ်၊ မိန်းမကို မိန်းမမဟုတ်ဟု ပွားများရန် ညွှန်ပြခဲ့ခြင်း မဟုတ်ပါ။ယောကျ်ားကို ယောကျ်ား၊ မိန်းမကို မိန်းမဟု သိနေခြင်းဖြင့် ဘယ်သို့မှုအပြစ်ရှိသည် မဟုတ်ပါ။

ဘခင်တိုင်း၊သားတိုင်းသည် ကိုယ့်သမီး၊ကိုယ့်နှမများကို မိန်းမဟု မသိဘဲနေကြမည် မဟုတ်ပါ။မိခင်တိုင်း၊အစ်မ,နှမတိုင်းသည်လည်း ကိုယ့်သား,ကိုယ့်မောင်များကို ယောကျ်ားဟု မသိဘဲနေကြမည် မဟုတ်ပါ။ ဤသို့သိနေခြင်းဖြင့် ဘယ်သို့သောပြစ်မှုဖြစ်သည် မရှိပေ။အပြစ်မရှိသည်ကို အပြစ်ဟုပြုလုပ်ခြင်းသည် တရားမဟုတ်သည်ကို တရားလုပ်ခြင်းသို့မဟုတ် တရားလွန်ခြင်းပင် ဖြစ်ပါသည်။

ဝိသဘာဂအာရုံများသည် နိမိတ်ကောက်ခြင်းမရှိလျှင် ဘယ်သို့မှုအပြစ်ဖြစ်မည် မဟုတ်ပါ။နိမိတ်ကောက်လျှင်ကား ဝိသဘာဂမဆိုထားဘဲ သဘာဝချင်းပင် အပြစ်များဝင်နိုင်ပါသည်။အဖိုအာရုံများအတွက် အမအာရုံကို တွေ့မြင်သောအခါ အဖိုအတွက် အမသည် ဘယ်သို့အသုံးကျသည်။ဤယခုတွေ့နေသော အမအာရုံသည်လည်း ဘယ်သို့ အသုံးကျလိမ့်မည်။ဤသို့ အတိတ်,နိမိတ်ကောက်ခြင်းသည်သာ တဏှာ,မာန,ရာဂ,ကိလေသာများပွားခြင်း ဖြစ်ပါသည်။အမအတွက်လည်း ဤနည်းတူ ဖြစ်ပါသည်။

ထို့ကြောင့် အနိမိတ္တဘာဝနာပွားသည်ဆိုသည်မှာ ယောကျ်ားကို ယောကျ်ားဟုမမှတ်အောင်၊ မိန်းမကို မိန်းမဟုမမှတ်အောင် ပွားများခြင်းလည်း မဟုတ်ပါ။ယောကျ်ား,မိန်းမများ ကာမဂုဏ်အာရုံခံစားရန် ဘယ်သို့အသုံးကျသည်၊ဘယ်မျှဖြစ်နိုင်သည်။ဤသို့ ရှေ့အလားအလာဖတ်ခြင်းဟူသော နိမိတ်မကောက်ယူခြင်းကို ပွားများခြင်းသာ ဖြစ်ပါသည်။

မိဘနှင့်သားသမီးများ ယောကျ်ား,မိန်းမများဖြစ်ကြလျှက် အတူတကွနေထိုင်ကြပြီး တဏှာ,မာနစသော ကိလေသာများ မဖြစ်ပွားကြသည်မှာ နိမိတ်မကောက်သောကြောင့်သာ ဖြစ်ပါသည်။အခြား သွေးသားစသော အကြောင်းတစုံတရာ မရှိပါ။ယခု နိမိတ်ကောက်ကြည့်လျှင် ယခုပင် တဏှာမာနစသော ကိလေသာများ အဝင်ခံရပါမည်။

တပည့်တော်တို့အပေါ်၌ သနားခြင်းတရားကို အတိုင်းမသိထားပြီး တရားဓမ္မများ ညွှန်ကြားတော်မူခဲ့သော မြတ်စွာဘုရား.......

အသျှင်မြတ်ဘုရား ညွှန်ကြားခဲ့သော အနိမိတ္တဘာဝနာ၌လည်း တပည့်တော်များသည် အလွဲကြီးလွဲ၊ အမှားကြီးမှားခဲ့ကြပါသည်။တရားမဟုတ်သည်၌ တရားလုပ်မိသည်အထိပင် ဖြစ်ပါသည် မြတ်စွာဘုရား။ ဤအမှားအတွက်လည်း တပည့်တော်တို့အား ခွင့်ပေးသနားပါမည့်အကြောင်း ရိုသေညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့အပ်ပါသည်ဘုရား။

အနိမိတ္တဘာဝနာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# ဒိဋ္ဌေဒိဋ္ဌမတ္တံ ဓမ္မပူဇာဘုရားရှိခိုး

အတိုင်းမသိ ကြီးမြတ်သော အသိဉာဏ်ရှိတော်မူသော မြတ်စွာဘုရား.......

တပည့်တော်တို့သည် အသျှင်ဘုရား၏ အနိမိတ္တဘာဝနာ၌ အမှားမှားအယွင်းယွင်း အချွတ်ချွတ်အချော်ချော် နှလုံးသွင်းပွားများခဲ့သည်များကို အသျှင်ဘုရား၏ခြေတော်အစုံ ကြာပဒုံ၌ ခိုလှုံညွတ်ကျိုး၍ ရှိခိုးကန်တော့အပ်ပါသည်ဘုရား။ယခုတဘန် အသျှင်ဘုရား ဆွမ်းခံကြွနေတော်မူစဉ် ဗာဟိရာဒါရုစီရိယအား ဟောကြားဆုံးမ အတိုဆုံးအားဖြင့် ပြသတော်မူသော ဒိဋ္ဌေဒိဋ္ဌမတ္တံတရားဖြင့် ဝတ်တွားညွတ်ကျိုး ရှိခိုးကန်တော့အပ်ပါသည် ဘုရား။

တပည့်တော်တို့သည် ဒိဋ္ဌေဒိဋ္ဌမတ္တံဟူသော မြတ်စွာဘုရားမိန့်ကြားချက်များကိုလည်း ကြည်ညိုသဒ္ဓါလှပါသည်။ထို့ကြောင့် စိတ်မှာသိထား ပွားများလည်း ပွားများခဲ့ကြပါသည်။တပည့်တော်တို့၏ ပွားများမှုသည် မြတ်စွာဘုရားအား ထိပါးသလိုပင် ဖြစ်နေလိမ့်မည်ဟု ထင်ပါသည်။

တပည့်တော်တို့သည် မျက်စေ့မကန်းသော်လည်း အသိဉာဏ်အားဖြင့် ကန်းသူများသာ ဖြစ်ကြပါသည်။ထို့ကြောင့် တပည့်တော်တို့၏ ပွားများမှုသည် မြတ်စွာဘုရားအား အားနာစရာပင် ဖြစ်နေလောက်ပါသည်။ လျှောက်ရမည့်စကားအတွက် တပည့်တော်များ ရှက်နိုးသော်လည်း မလျှောက်လျှင်မပြီးသောကြောင့် ရှေ့မျက်နှာဝှက်ထားပြီး ရှက်အားနှင့်ပင် လျှောက်ထားဝံ့ပါသည်။

တပည့်တော်တို့သည် မျက်စေ့ဖြင့်မြင်အပ်သော အဆင်းများ၌ မြင်လျှင် မြင်ကာမျှဖြစ်အောင် ထားကြပါသည်။ကြားစရာ,တွေ့စရာ,သိစရာများ၌လည်း ဤအတူ ကြားခါမျှ၊တွေ့ခါမျှ၊သိခါမျှဖြစ်အောင် ထားခဲ့ကြပါသည်။မြင်သော်တောင်မျှ မကြည့်၊ ကြားသော်တောင်မျှနားမထောင် အစရှိသည်ဖြင့် ဤသို့ကျင့်ခဲ့ကြပါသည်။

ထို့ကြောင့် "သတိမမူ ဂူမမြင်၊သတိမူလျှင် မြူမြင်သည်"ဆိုသည့်အတိုင်း တပည့်တော်တို့သည် မြင်စရာများ၌လည်း ဘာမျှမသိ၊ ကြားစရာများ၌လည်း ဘာမျှမသိ ဖြစ်လာပါသည်။ဘာမျှမသိခြင်းသည် ကောင်းခြင်းများရှိသလို၊ မကောင်းခြင်းများလည်း ရှိပါသည်။ဘာမျှမသိခြင်းသည် လောဘ,ဒေါသ,မောဟများ ဖြစ်စရာမရှိ ဖြစ်ပါသည်။လောဘစသည် မရှိခြင်းသည် အေးချမ်းပါသည်။အလောဘစသည်မရှိခြင်းသည် ပိန်းပိတ်ပါသည်။ပက်လက်သာအိပ်တတ်သော ကလေးငယ်ပမာ ဖြစ်လာပါသည်။

ဤသို့ဖြစ်သည်ကိုလည်း တပည့်တော်များ အကောင်းဟု အထင်ထားမိခဲ့ကြပါသည်။ဘယ်ဇောမျှမကျသည့်အတွက် ဘယ်ကံမျှမဖြစ်။ဤသို့နေခြင်းသည် ဘယ်ကိလေသာမျှ မထသည့်အတွက် ကိလေသာငြိမ်းနေခြင်းဖြစ်သောကြောင့် အဗျာကတဖြင့်နေခြင်း ဖြစ်သည်။ဤသို့ အထင်ထားမိခဲ့ကြပါသည်။

ဤအဖြစ်များသည်လည်း အမှန်ပင် တပည့်တော်တို့၌ ဖြစ်ပါသည်။ဤသို့နေလျှင် အဘယ်ကံမျှလည်းမဖြစ်ပါ။အဘယ်ကိလေသာမျှလည်း မဖြစ်ပါ။အဗျာကတမျှဖြင့်လည်း နေပါသည်။ထို့ကြောင့် ဤတရားသည် မြတ်စွာဘုရားဟောကြားခဲ့သည့်အတိုင်း ကိုယ်တိုင်သိနိုင်သော

တရားဟု ယုံကြည်စိတ်ချခဲ့ကြပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် ဤတရားဖြင့် ငြိမ်းချမ်းမှုများ မတိုးပွားနိုင်ခဲ့ကြပါ။တပည့်တော်တို့၏စိတ်နှလုံး၌ အကောင်းနှင့်မကောင်းသည် ကွဲပြားအောင် ခွဲခြားစရာမရှိ ဖြစ်လာပါသည်။တပည့်တော်တို့သည် ဖြစ်ပေါ်လာသောစိတ်ကို ဖြစ်ပေါ်လာသောအတိုင်း ကျင့်သူများ ဖြစ်လာခဲ့ပါသည်။စင်စစ် တပည့်တော်တို့၏စိတ်သည် အဟိတ်စိတ်နယ်ပယ်မှ မလွန်တတ်အောင် ရှိနေခဲ့ကြပါသည်။တပည့်တော်တို့သည် အဟိတ်ပုဂ္ဂိုလ်ဘဝသို့ တက်လှမ်းနေသကဲ့သို့ ဖြစ်လာပါသည်။

လောကကြီးသည် တပည့်တော်တို့အတွက် မှောင်မိုက်လွန်းလှပါသည်။တပည့်တော်တို့မှန်းလိုက်တိုင်း မမြဘဲ ရမ်းလိုက်တိုင်း လွဲနေသည်ချည်း ဖြစ်နေခဲ့ပါသည်။ မြင်စိတ်သည်လည်း အဟိတ်စိတ်၊ ကြားစိတ်သည်လည်း အဟိတ်စိတ်-ဤသို့ပင် အဟိတ်စိတ်ချည်း တပည့်တော်တို့ဖြစ်နေခဲ့ပါသည်။မြတ်စွာဘုရားသည် ဤသို့ဖြစ်ရန်အတွက် ဒိဋ္ဌေဒိဋ္ဌမတ္တံတရားတော်ကို ဟောဖော်ညွှန်ပြ ဆုံးမခဲ့ခြင်းကား မဖြစ်နိုင်ပါ။

မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များသည် ဒိဋ္ဌေဒိဋ္ဌမတ္တံဖြင့် နေထိုင်တော်မူကြသူများ ဖြစ်ပါသည်။အသျှင်မြတ်ဘုရား၏ မြင်လျှင်မြင်ကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၏ အနက်ကို ဆိုခဲ့ပြီးသည့်အတိုင်း ဖြစ်နေလျှင် ဆွမ်းခံသွား၍လည်းဖြစ်မည် မဟုတ်ပါ။ဤမြင်အပ်သောအရာသည် ကြိုးလော, မြွေလောပင် မသိမထင်နိုင်ရာပါ။

ထို့ကြောင့် မြတ်စွာဘုရားသည် မြင်လျှင်မြင်ကာမျှဟု ဟောလိုခြင်း မဖြစ်တန်ရာပါ။မြတ်စွာဘုရားသည် မြင်စရာကို မျက်စေ့ဖြင့်မြင်လျှင် မြင်ရသောအတိုင်းအရှည်မျှဖြစ်ရန် ဟောခဲ့ခြင်းသာ ဖြစ်တန်ရာပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့ကို မြင်စရာများ၌ အပို ဆောင်း၍မဖြစ်ရန်နှင့် အတိုင်းအရှည်ထက်လွန်၍မဖြစ်ရန် ဆုံးမညွှန်ပြ မည် အမှန်ဖြစ်ပါသည်။တပည့်တော်တို့သည်လည်း မြင်လျှင် မြင်ရသော အတိုင်းအရှည်အတိုင်း မဖြစ်နိုင်ခဲ့ကြပါ။။အမြဲတမ်း အထင် ဆောင်ခဲ့ကြ မြဲဓမ္မတာ ဖြစ်ပါသည်။

ဤသို့ အမြင်ကိုကျော်၍ အထင်ဆောင်ခြင်းသည် စိတ်ကူးယဉ် ခြင်း၊ အာသဝေါယိုစီးခြင်း၊ အစွဲဥပါဒါန်ကပ်ခြင်းများ ဖြစ်ပါသည်။ထို့ ကြောင့် တပည့်တော်တို့ကို မြင်လျှင် မြင်သောအတိုင်းအရှည်အတိုင်းဖြစ် ရန် ဟောပြောပြသ ဆုံးမလမ်းညွှန်ခြင်း ဖြစ်ပါသည်။အရှိကို အရှိအတိုင်း မြင်ရန်,ကြားရန်,တွေ့သိရန် ညွှန်ကြားခြင်းသာ ဖြစ်ပါသည်။အရှိကို အရှိ အတိုင်းအရှည်အတိုင်း မြင်လျှင်,တွေ့လျှင်,သိလျှင် တပည့်တော်တို့၌ ဒုက္ခခပ်သိမ်းသည် မလွဲမသွေချုပ်ငြိမ်းမည် ဖြစ်ပါသည်။

မြတ်စွာဘုရား.....

တပည့်တော်တို့သည် ဤဒိဋ္ဌေဒိဋ္ဌမတ္တံတရား၌လည်း ချွတ်ချော်ကျ အောင် မှားခဲ့ကြပါသည်။တပည့်တော်တို့၏အမှားသည် အသျှင်ဘုရား အတွက် ရှက်ဘွယ်လိလိဖြစ်ပါသည်။ဤအပြစ်များကို အပြစ်များဟု တပည့်တော်တို့ ရှုကြပါမည်။ထို့ကြောင့် ဤအပြစ်များအတွက် တပည့် တော်တို့အား သနားသောအားဖြင့် ခွင့်လွှတ်ပါမည့်အကြောင်း ရိုသေ ညွှတ်ကျိုး၍ ရှိခိုးကန်တော့အပ်ပါသည် အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.......။

ဒိဋ္ဌေဒိဋ္ဌမတ္တံ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# သုညတဘာဝနာ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.........

ဒိဋ္ဌေဒိဋ္ဌမတ္တံတရားဖြင့် အသျှင်မြတ်ဘုရားအား တောင်းပန်တိုးလျှိုး ရှိသေစွာ တပည့်တော်တို့ ရှိခိုးခဲ့ကြပြီးပါပြီ။ယခုတဘန် သုညတဘာဝနာတရားဖြင့် ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ခွင့် ပြုတော်မူပါဘုရား။

မြတ်စွာဘုရားသည် မောဃရာဇအမည်ရသည့်ပုဂ္ဂိုလ်အား လောကကို သုညအားဖြင့်ရှုရန် ညွှန်ကြားပြသ ဆိုဆုံးမတော်မူခဲ့ပါသည်။ တပည့်တော်တို့သည် ဤသုညတဘာဝနာတရာတော်ကို ကြည်ညိုလေးစား တန်ဘိုးထားကြပါသည်။ထို့ကြောင့် တတ်အားသလောက် အခွင့်ရောက်တိုင်း ဤသုညတဘာဝနာကို ရိုသေလေးစားစွာ ပွားများကြပါသည်။တပည့်တော်တို့ ပွားများကြသည်မှာ လောကသည်ဘာမျှမဟုတ်သည်အထိ ဖြစ်ပါသည်။တပည့်တော်တို့အသိ၌ သုညသည် ဘာမျှမရှိသောအရာ ဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော်တို့စိတ်၌ ဘာမျှမရှိအောင် ပွားများကြပါသည်။

ဘာမျှမရှိခြင်းသုညသည် အဘိုးမတန်ဆုံး၊အသုံးမကျဆုံး ဖြစ်သော်လည်း တပည့်တော်တို့အသိ၌ အဘိုးတန်ဆုံး ဖြစ်လာပါသည်။ အသုံးမကျဆုံးအရာသည် အသုံးကျဆုံး ဖြစ်လာပါသည်။လောက၌ သုညသည်အကြီးဆုံး-ဤသို့ဖြစ်လာသည်အထိ ပွားများခဲ့ကြပါသည်။

စိတ်၌ သုညဖြစ်အောင်နေရခြင်းသည် အချမ်းသာတကာတို့ထက် အချမ်းသာဆုံး-ဤသို့ပင် တွေးမိပါသည်။တပည့်တော်တို့သည်

ဤချမ်းသာများကို လက်ဆင့်ကမ်းရန် ခေတ်မီသောကုလားဖြူစကားဖြင့်ပင် "Empty Your mind"ဟု ဆိုဆုံးမမိကြသည်အထိ ဖြစ်ပါသည်။

တပည့်တော်တို့သည် ဤသို့ လောကကို သုညအားဖြင့် ရှုပွား သောကြောင့် ကြောက်ခြင်း,မက်မောခြင်းများသည် ကြက်ပျောက်,ငှက် ပျောက်ဖြင့် ဘယ်ဆီ ရောက်ကုန်သည်ပင်မသိအောင် ပျောက်ကုန်ပါ သည်။ထို့ကြောင့် တပည့်တော်တို့သည် လောကအား ခွင့်အလွှတ်နိုင်ဆုံး သူများပင် ဖြစ်တန်ရာပါသည်။ ပတ်ဝန်းကျင်သည် ခွင့်လွှတ်နိုင်လွန်း၍ လား? ဤချမ်းသာ၌ တမ်းတမ်းစွဲလန်းလွန်း၍လား? မဆိုနိုင်ပါ။တပည့်တော် တို့ကို နံပတ်ဖိုက်(No. 5)ဟူ၍ပင် အမည်ပေးခံရသည်အထိ ဖြစ်လာပါသည်။

နံပတ်ဖိုး(No. 4)သည် ဘိန်းဖြူ၏အမည်သာ ဖြစ်ပါသည်။ဘိန်းဖြူ သည် လောက၌ လူကိုအဖျက်ဆီးဆုံးအရာ ဖြစ်ပါသည်။နံပတ်ဖိုက်(No. 5) သည် တပည့်တော်တို့ မသိပါ။တပည့်တော်တို့သည် မည်သူ့ကိုမျှ မဖျက်ဆီးဟု ထင်ပါသည်။ဆိုးသွမ်းသူအတွက်လည်း စိတ်မပျက်၊ ကောင်းမွန်သူအတွက် လည်း ဝမ်းမသာ၊ အလွန်တည်ငြိမ်ပါသည်။

အဆိုးကို အဆိုးအတိုင်း၊ အကောင်းကို အကောင်းအတိုင်း မြင်လိုက် ပါသည်။အားလုံးလည်း မြင်ပြီး ပျောက်သွားကြပါသည်။အဆိုးကို ကောင်းလာ စေချင်ခြင်းဆိုသည်မှာ တပည့်တော်တို့အတွက် အလုပ်ရှုတ်ခြင်းများဟု မှတ် ထင်ပါသည်။ထို့ကြောင့် တပည့်တော်တို့သည် အားလုံးကို ခွင့်လွှတ်နိုင်ဆုံးသူများ ဖြစ်ကြပါသည်။

တပည့်တော်တို့သည် အားလုံးသော အရာဝတ္ထုဟူသမျှကိုလည်း အရှိဟု မထင်ပါ။စိတ်ဖြင့်ဘန်ဆင်းထားသော စိတ်ဆန်ပစ္စည်းဟုသာ ထင်ပါသည်။တဘန် ထိုစိတ်သည်လည်း ဖြစ်ပြီး,ပျက်ပါသည်။

ထို့ကြောင့် လောကကြီး၌ ရုပ်လည်းမကပ်၊ နာမ်လည်းမကပ်၊ ရုပ်,နာမ်နှစ်ရပ်မှလွတ်ခြင်း ဖြစ်ပါသည်။ဤလွတ်လပ်ခြင်းသည် သုညဖြစ်ပါသည်။ဤသုညသည် အလယ်အလတ်ဖြစ်ပါသည်။ပညတ်လည်း မတွယ်၊ ပရမတ်လည်း မငြိ၊ မရှိနေခြင်းကို သိနေခြင်းသာ ပရမတ်ဆတ်ဆတ် နိဗ္ဗာန်မြတ်ဟု အထင်ကြီးထင်နေပါသည်။

ထိုသုညတခေတ်၌ နှစ်,လများစွာ တပည့်တော်များ ကျင်လည်ကျက်စား ပွားများနေထိုင်ခဲ့ရပါသည်။ ကြာသောအခါ၌ကား ပြဿနာတစ်ခုခုအတွင်း မတော်တဆ သက်ဆင်းမိလျှင် အဖြေရှာမရ ရှိလာတတ်ပါသည်။ဤသို့ပင် ငြိမ်းအေးခြင်းအဆုံးမရောက်ကြောင်း၊အပြစ်အနာအဆာရှိကြောင်း တပည့်တော်များ ရိပ်စားမိခဲ့ကြပါသည်။

မြတ်စွာဘုရားသည် လောကကို သုညအားဖြင့် ရှုပွားစေသည်မှာ အမှန်ဖြစ်ပါသည်။ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့၏ ရှုပွားချက်များသည် များစွာပင် ချွတ်ချော်မှားယွင်းခဲ့ကြပါသည်။

လောကကိုခွင့်လွှတ်ခြင်းဟု တပည့်တော်တို့ထင်သောအရာသည် လောကကို အမှောင်တိုက်သွင်းခြင်းသာ ဖြစ်ပါသည်။လောကသည် ဆုနှင့်ဒဏ် ဤနှစ်တန်၌ တစ်တန်တန်အပ်နှင်းရမြဲ ဖြစ်ပါသည်။မကောင်းသူကို နိဂ္ဂဟလုပ်(နှိမ်)၍ ကောင်းသူကို ပဂ္ဂဟလုပ်(မြှင့်)ရပါမည်။

တပည့်တော်တို့သည် လောကကို ခွင့်လွှတ်ပေးသူများမဟုတ်ဘဲ မသိခြင်းအမိုက်တရားများပေးသူသာ ဖြစ်နေခဲ့ပါသည်။အမိုက်ကို ပေးသူအတွက် ဆုလာဘ်သည် ဆင်းရဲခြင်းဖြစ်ရမည်မှာ မလွဲဖြစ်ပါသည်။

မြတ်စွာဘုရား.......

လောကကို သုညအားဖြင့် ရှုစေသည်မှာ တပည့်တော်တို့နှင့်မတူ

ကွဲပြားခြားနားရမည် အမှန်ဖြစ်ပါသည်။ငါ,သူမပါ ပြဿနာကို ပြဿနာအ တိုင်းရှုကြည့်ရန် ညွှန်ပြခဲ့ခြင်းသည် လောကကို သုညအားဖြင့်ရှုရန် ညွှန်ပြ ခဲ့ခြင်း၏ အနက်အတ္ထ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် အဖြစ်,အပျက်လောကပြဿနာကို ငါ,သူတပါး, ယောကျ်ား,မိန်းမတို့ဖြင့် ရှုတ်နေသည်ကို လင်းလင်းထင်ထင် သိမြင်တော်မူ မည် အမှန်ဖြစ်ပါသည်။လောကပြဿနာရပ်များနှင့် သူ့လူ-ကိုယ့်လူ၊သူသာစေ- ကိုယ်သာစေ၊ သူနာစေ-ကိုယ်နာစေ၊ ယောကျ်ားသာစေ-မိန်းမသာစေ၊ ယောကျ်ားနာစေ-မိန်းမနာစေ။ဤသို့အားဖြင့် ပုဂ္ဂိုလ်သုံးသပ်မှုမပါအောင် ရှုလျှင် ပြဿနာသည်ငြိမ်းပေမည်။ပုဂ္ဂိုလ်သုံးသပ်မှုပါနေလျှင် လောက ပြဿနာသည် မငြိမ်းနိုင်အောင် ရှုတ်ပေတော့မည်။

အထူးသဖြင့် ပြဿနာကိုကိုင်တွယ်ရာ၌ ငါ,ငါ့ဟာ,ငါ့ဘက်သား။ ဤသို့မပါဝင်ဘဲ ကိုယ်တွယ်ကြည့်ရှုခြင်းသည် သုညအားဖြင့် လောကကို သို့မဟုတ် ပြဿနာကို ကြည့်ရှုခြင်းဖြစ်ပေသည်။မြတ်စွာဘုရားသည် ပြဿနာကို ပြဿနာအတိုင်းရှုကြည့်ရန် သုညတဘာဝနာကို ဟောကြား ခဲ့ခြင်း ဖြစ်ပါသည်။

ပြဿနာဖြစ်သော အဖြစ်,အပျက်လောကသည် ရန်သူကြောင့် ဖြစ်လျှင် အဓိပ္ပါယ်တစ်မျိုး၊ ကိုယ့်ဘက်သားကြောင့်ဖြစ်လျှင် အဓိပ္ပါယ် တစ်မျိုး။ဤသို့ပင် ပြဿနာ၏အမှန်များ အပျောက်ကွယ်ခံရပါသည်။ ပြဿနာမှန်ကို သို့မဟုတ် လောကအမှန်ကိုတွေ့သိရန် ပြဿနာကို ပြဿနာအတိုင်းရှုကြည့်ဘို့ လိုအပ်ပါသည်။ပြဿနာ၌ ငါ,သူစသည်ဖြုတ် ၍ ရှုကြည့်ရမည်ဟု ဆိုလိုပါသည်။

"အနာသိလျှင် ဆေးရှိ၊အနာမသိ ဆေးမရှိ"ဟူသည့်အတိုင်း

လောကကိုအမှန်အတိုင်းမြင်မှုသည် ဘာပြဿနာမျှငြိနေရန် မရှိတော့ ပါ။လောကမှလွတ်ပါသည်။

ဤသို့ လောကမှလွတ်မြောက်ရေးအတွက် မြတ်စွာဘုရားသည် သုညတဘာဝနာကိုပွားများရန် ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။တပည့်တော် တို့၌ ဉာဏ်မျက်စေ့များ မပေါက်မရောက် ရှိနေခဲ့ပါသည်။ထို့ကြောင့် ဤမျှဖြောင့်ဖြူးသောလမ်းပင် မြတ်စွာဘုရား၏ အညွှန်အပြကိုခံရသော် လည်း လွဲမအောင် သဝေထိုး၍ လွဲခဲ့ကြရပါသည်။

ဤ တပည့်တော်တို့၏ အလွဲအမှားသည် တပည့်တော်တို့အား နစ်နာစေသလို လွဲမှားမှုနှင့်မသက်ဆိုင်သော ဗုဒ္ဓအသျှင်မြတ်ဘုရားအား လည်း ထိပါးသလို ဖြစ်စေခဲ့ပါသည်။ ဤအဖြစ်သည် တပည့်တော်တို့ အတွက် ဝန်လေးလှပါသည်။ထို့ကြောင့် အပြစ်ကို အပြစ်ဟု အထပ်ထပ် အခါခါ ရှုမည်ဖြစ်ကြောင်းနှင့် အသျှင်မြတ်ဘုရားအား ရိုသေညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးတောင်းပန် လျှောက်ထားရပါသည် အနန္တကျေးဇူး တော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.........။

သုညတဘာဝနာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# ဓာတုဝိဘင်္ဂ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်မြတ်ဘုရားအား သုညတဘာဝနာတရားဖြင့် အပြစ်ကို အပြစ်အားလျော်စွာ ရိုသေညွတ်ကျိုး လက်စုံမိုးပြီး ရှိခိုးကန်တော့ခဲ့ပါပြီ။

ယခုတဘန် ဓာတုဝိဘင်္ဂတရားဖြင့် တပည့်တော်များ၏အမှားကို လျှောက်ထားဖွင့်အံပြီး အမှန်ကိုပြုပြင်မည့်အကြောင်း ရိုသေညွတ်ကျိုး လက်စုံမိုးပြီး အထပ်ထပ် ရှိခိုးကန်တော့ပါမည်ဘုရား။

မြတ်စွာဘုရားသည် ပုက္ကုသာတိအား ဓာတ်ခြောက်ပါးကို ဝေဘန်ပိုင်းခြား၍ ဟောတော်မူခဲ့ပါသည်။တပည့်တော်တို့သည်လည်း ဤဟောကြားချက်ကို ကြည်ညိုကြပါသည်ဘုရား။ထို့ကြောင့် ဓာတ်ခြောက်ပါးတရားတော်၌ တပည့်တော်များ ပွားများကြိုးကုတ် အားထုတ်ကြပါသည်။တပည့်တော်များ ပွားများအားထုတ်ကြသည်မှာ ဤသို့ဖြစ်ပါသည်။

ဤတစ်လံမျှလောက်ကိုယ်ကာယ၌ ခက်မာ၊ယိုစီး၊ခိုးရှိန်၊လှုပ်ရှားမှုများနှင့် ရုပ်ကလာပ်တို့အကြားများတွင် အာရုံခြောက်ပါးသိမှုများသာ ဖြစ်ကြသည်။ငါမဟုတ်၊သူတပါးလည်းမဟုတ်။ယောကျ်ား,မိန်းမလည်း မဟုတ်။ပုဂ္ဂိုလ်,သတ္တဝါပင် မဟုတ်၊ ဓာတ်တို့သာ ဟုတ်ကြသည်။ဤသို့ပင် တပည့်တော်တို့ ရှုကြည့်ကြပါသည်။

တပည့်တော်တို့သည် ဤသို့ဓာတ်များအဖြစ် သိမ်းဆည်းသောကြောင့် လောဘ,ဒေါသ,မောဟများ ချုပ်ငြိမ်းကြပါသည်။ထို့ပြင် အလောဘ၊အဒေါသ၊အမောဟများလည်း ငြိမ်းကြပါသည်။ အကုသိုလ်၏ အကြောင်းမူလဖြစ်သော ဟေတုတရားများလည်း ငြိမ်းပါသည်။ကုသိုလ်၏

မူလဖြစ်သော ဟေတုတရားများလည်းငြိမ်းကြပါသည်ဘုရား။ဟုတ်ပါသည်။တပည့်တော်တို့သည် ဓာတ်မျှအဖြစ်သာ ရှုသောကြောင့် ပုဂ္ဂိုလ်, သတ္တဝါပျောက်ပါသည်။ထို့ကြောင့် လောဘဖြစ်စရာလည်း မရှိ။အလောဘ(ဒါနစေတနာ)ဖြစ်စရာလည်း မရှိ။ဒေါသဖြစ်စရာလည်း မရှိ။အဒေါသ(မေတ္တာ)ဖြစ်စရာလည်း မရှိ။ဘာမျှမရှိ ဖြစ်ပါသည်။

ဤသို့ဖြစ်လာခြင်းသည် တပည့်တော်တို့အတွက် ကောင်းသလိုလို၊မကောင်းသလိုလိုအဖြစ် နှစ်မျိုးနှစ်စားခံစားရင်ဆိုင်ကြရပါသည်။ဤသို့ မပြတ်ရှုဆင်ခြင်နိုင်လျှင် ငြိမ်းအေးနေမည်ဖြစ်သော်လည်း ဤသို့ မပြတ်ရှုဆင်ခြင်ရန်လည်း မလွယ်အောင် ရှိပါသည်။ကြိုးစား၍ မပြတ်အောင်ရှုဆင်ခြင်ပြန်လျှင်လည်း ငါ့ကိုယ်ကိုပင် ငါဟုမသိတော့သူ၊ သူတပါးစသည် လုံးဝပင်မသိနိုင်တော့သူ ဖြစ်ရာပါသည်။

ဤသို့ သမုတိသစ္စာကျိုးပျက်ခြင်းသည် တပည့်တော်တို့အား လောကနှင့်အဆက်ပြတ်သော သွက်သွက်လည်အရူး ဖြစ်စေပါမည်။နှစ်သိနှစ်မြင်အားဖြင့် တပြိုင်နက်ဖြစ်ရန်လည်း အကြောင်းမရှိပါ။ရံခါဓာတ်အားဖြင့်၊ ရံခါ ငါ,သူတပါး-သမုတိအားဖြင့် ဤသို့မြင်လျှင် အယူမစင်ခြင်းပင် ဖြစ်ရာပါသည်။

ထို့ကြောင့် ဤဓာတ်တရားသည် တပည့်တော်တို့အား နှစ်ကိုယ်နှစ်စုအား ခံစားရစေပါမည်။မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူခဲ့လေသနည်း? ဤသို့ပင် ဆရာအသျှင်သခင်မြတ်ဘုရား၌ စွပ်စွဲသောစိတ်ထားများ မတော်တဆပွားခဲ့သည်အထိ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် တပည့်တော်တို့အား ဤအပြစ်မှ ခွင့်လွှတ်တော်မူပါ။တပည့်တော်တို့သည်သာ အသိနံ့နဲ့ ဉာဏ်အလွန်ဝေးသော

ကြောင့် မထွေးတတ်၊မအံတတ်ဖြစ်ခဲ့ရခြင်း အမှန်ဖြစ်ပါသည်။မြတ်စွာဘုရားဟောကြားတော်မူချက်ကား တပည်တော်တို့ရှုပ်ပွားချက် အနက်အဓိပ္ပါယ်တို့ကြား များစွာကွဲလွဲနေမည် ဖြစ်ပါသည်။ဤသို့ဖြစ်လျှက် တပည့်တော်တို့မသိချက်သည် တပည့်တော်တို့၌သာ အပြစ်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ပုဂ္ဂလသာတိသာဝကအား ဓာတ်ခြောက်ပါးဖြင့် ဟောကြားတော်မူရာ၌ ပုဂ္ဂလသာတိသည် ပုဂ္ဂလသာတိမဟုတ်၊ ငါဘုရားသည်လည်း ငါဘုရားမဟုတ်။ဤသို့ ပြုတော်မူခြင်း မဟုတ်ပါ။ ပုဂ္ဂလသာတိအဖြစ်ရောက်ရန် မပြည့်စုံသေးသောဓာတ်မျှသာဖြစ်သော ပထဝီစသည့် (ဥပါဒါနက္ခန္ဓာ)တရားများသည်သာ ငါ,ငါ့ဟာ, စသည်မဟုတ်ဟု ဟောဖော်ညွှန်ပြ ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဆံပင်,မွေးညှင်းစသော ပထဝီများ၊ သည်းခြေ,သလိပ်စသော အာပေါများ၊ သန္တပ္ပနစသော တေဇောများ၊ အထက်လေ(ဥဒ္ဓင်္ဂမ),အောက်လေ(အဓောဂမ)စသော ဝါယောများ၊ နားပေါက်စသော အာကာသများနှင့် ဆင်းရဲ,ချမ်းသာစသည်ကိုသိမှု ဝိညာဏ်များ။ ဤ(ဥပါဒါနက္ခန္ဓာ)ဓာတ်များသည် ငါ,ငါ့ဟာစသည်မဟုတ်။အပြင်ဘက်မှ ပထဝီစသည်နှင့်အတူ ဖြစ်သည်။ဓာတ်များ ဖြစ်သည်။ဤသို့ ဟောကြားပြသ ဆုံးမတော်မူခဲ့ပါသည်။

တပည့်တော်တို့သည် ဤဆုံးမစကားကို ပထဝီဓာတ်စသည်များသည် ငါ,ငါ့ဟာမဟုတ်ဟူ၍မျှသာ မကြားကြပါ။ဤတစ်လံမျှလောက်ကိုယ်ကာယသည် ငါမဟုတ်၊သူမဟုတ်။ပထဝီစသောဓာတ်များသာဟုတ်သည်။ဤသို့သာ ကြားခဲ့ကြပါသည်။

ဥပမာအားဖြင့်__ မြတ်စွာဘုရားသည် တပည့်တော်တို့အား

အိုးတစ်လုံးကိုညွှန်ပြ၍ ဤအိုးမှမြေညက်သည် အိုးမဟုတ်။အိုး၏ဥစ္စာ လည်းမဟုတ်ဟု ညွှန်ပြသကဲ့သို့ ဖြစ်ပါသည်။ဤ၌ မြတ်စွာဘုရားသည် အိုးမှမြေများ အိုးမဟုတ်ပုံ၊တခြားမြေများနှင့်အတူသာဖြစ်ပုံ၊ အိုးနှင့်မြေ တခြားစီဖြစ်ပုံကို ညွှန်ပြနေခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်သော်လည်း တပည့်တော်တို့သည် ဤညွှန်ပြချက်ကို အိုးနှင့်မြေ သီးခြားစီဖြစ်ပုံညွှန်ပြချက်ဟု နားမလည်နိုင် ဖြစ်ကြပါသည်။ အိုးမရှိ၊ မြေမျှသာရှိသည်ဟု ညွှန်ပြခြင်းသာဖြစ်ကြောင်း နားလည်ကြ မည်ဖြစ်ကြပါသည်။တပည့်တော်တို့၏နားလည်ချက်သည် မြတ်စွာဘုရား ၏ညွှန်ပြချက်နှင့် လုံးဝမသက်ဆိုင်သည်အထိ လွဲနေခဲ့ပါသည်။

မြတ်စွာဘုရားသည် အိုးကို အိုးမဟုတ်ဟု ရှုမှတ်ပွားများရန် အ ဘယ်အကျိုးငှာ ညွှန်ပြတော်မူပါမည်နည်း? အိုးကို မြေညက်မျှရှုခြင်းဖြင့် အဘယ်အကျိုးကို ဖြစ်စေပါမည်နည်း?မြေညက်မျှသာရှိသည်၊အိုးမူကား မရှိ။ဤသို့သိခြင်းသည် အသိဉာဏ်ကိုတိုးပွားရန် ဖြစ်နိုင်ပါမည်လော? ထို့ကြောင့် မြတ်စွာဘုရားသည် အိုးမဟုတ်ဟုညွှန်ပြခြင်း မဟုတ်ပါ။ အိုး၌ရှိနေသောမြေညက်ကိုသာ အိုးမဟုတ်ဟု ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။

အိုး၌ရှိသောမြေညက်ကို အိုးမဟုတ်၊အပြင်မှမြေညက်များနှင့် အတူတူပင်။မြေညက်သည် မြေညက်သာဖြစ်သည်။ဤသို့ကား သွန်သင် သင့် သွန်သင်အပ်လှပေသည်။အိုးနှင့်မြေညက်မျှ ပိုင်းခြားသိမြင်ခြင်း မရှိလျှင်လည်း သင့်မြတ်လှမည် မဟုတ်ပါ။ထန်းလျက်သည် ထန်းပင်မှ သီးသည်ထင်သကဲ့သို့ ရယ်ဘွယ်မကောင်း ဖြစ်ပါမည်။

ထို့ကြောင့် မြတ်စွာဘုရားသည် လူ့အတွင်းပစ္စည်းဖြစ်သော ပထဝီစသောဓာတ်များသည် လူ့ပြင်ပဖြစ်သော ပထဝီစသောဓာတ်များ

နှင့် အတူဖြစ်သည်။ယင်းပထဝီစသောဓာတ်များကို ငါ,ငါ့ဟာစသည်ဖြင့် မသိမ်းပိုက်အပ်။မြေ,ရေစသည်များသည် မြေ,ရေစသည်ဖြစ်သကဲ့သို့ ဗူးသီး,ပဲသီး,ခဝဲသီးစသည်များသည် မြေ,ရေစသည်များ၏ ဓာတ်ပြောင်းများပင် ဖြစ်သည်။ယင်းတို့ကိုစား၍ သားကောင်များ၏ အသားသည်များသည်လည်း မြေ,ရေစသည်များပင် ဖြစ်သည်။ယင်းအသီးအနှံ,အသား,ငါးတို့ကိုစား၍ ကြီးပွားနေသော ဆံပင်,အမွှေးစသည်အရာများ၌ရှိသော ပထဝီစသည်-သည်လည်း ပထဝီစသည်ပင် ဖြစ်သည်။အပြင်ဘက်မှ ပထဝီစသည်နှင့်အတူ ပထဝီပင်ဖြစ်သည်။

ဤသို့ဖြစ်သောကြောင့် ပထဝီစသည်သည် ငါ,ငါ့ဟာစသည်ဖြင့် မသိမ်းပိုက်သင့်ကြောင်း။ပထဝီစသည်ကို ငါ,ငါ့ဟာစသည်ဖြင့် သိမ်းပိုက်စွဲလန်းခြင်းကြောင့် ဆင်းရဲဒုက္ခသာရမည်ဖြစ်ကြောင်း ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

တပည့်တော်တို့သည် ဤသို့ဟောကြားတော်မူချက်ကို နားခွက်၌ မထင်၊ မသိမမြင် ဖြစ်ခဲ့ကြပါသည်။ပထဝီစသည်များသည် ငါ,ငါ့ဟာစသည်များ မဟုတ်သောကြောင့် ငါဟူသည် မရှိ။ငါ့ဟာစသည်လည်း မရှိ။ သူတပါး,သူတပါးဟာစသည်လည်း မရှိ။ဘာမျှ မရှိ။ဓာတ်မျှသာရှိသည်။ ဤသို့ နားလည်သိမြင်နေခဲ့ကြပါသည်။

တပည့်တော်တို့၏နားလည်ချက်သည် အိုးအကြောင်းသင်ပြရာ၌ အိုးသည် မြေညက်များဖြင့် ပြုလုပ်ထားသောအရာဖြစ်ကြောင်း။ထိုအိုး၌ရှိနေသောမြေညက်သည် ဤမဟာပထဝီမြေကြီးမှ မြေညက်ပင်ဖြစ်ကြောင်း။ထို့ကြောင့် အိုး၌ရှိသောမြေညက်သည် အိုးမဟုတ်ကြောင်း သင်ပြသည်ကို မြေညက်အပြင်လည်း အိုးမရှိ။မြေညက်လည်း အိုးမဟုတ်

ဟုဆိုလျှင် အိုးမရှိဟုပြောခြင်းဖြစ်မည်ဟု နားလည်သူနှင့်တူနေပါသည်။

အိုး၏အခြင်းအရာ အာကာရကြိယာဝိသေသကို သင်ပြသူသည် ဤသို့ပင် သင်ပြရပါလိမ့်မည်။သို့မှ အိုးကို အမှန်ကျသိမြင်ပြီး အိုး၌ မြတ်နိုးခြင်း,ကြောက်ရွံ့ခြင်းဟူသော အစွဲအလန်းများ ကင်းလွတ်ပါမည်။

မြတ်စွာဘုရားသည်လည်း တပည့်တော်တို့အား ဤသို့ပင် တပည့်တော်တို့ကိုယ် တပည့်တော်တို့ စိတ်ပျက်ခြင်း၊စိတ်ပျော်ခြင်းစသော အစွဲအလန်းများကင်းလွတ်ရန် ပထဝီစသည်ကို တပည့်တော်တို့နှင့် တပည့်တော်တို့ဟာများ-စသည်ဖြင့် မထင်ရန်၊ ခွဲခြားသင်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ပထဝီစသော ပစ္စယများ၏ သမဝါယဖြစ်သော တပည့်တော်တို့ သည် ပထဝီစသည်မှာ တပည့်တော်တို့ဖြစ်သည်၊ ပထဝီစသည်မှာ တပည့်တော်တို့ဟာများ စသည်ဖြစ်သည်-ဤသို့ယူရန် မဖြစ်နိုင်ပါ။ပထဝီ စသည်သည် ပထဝီစသည်သာဖြစ်သည်။ဤသို့သာယူရန် ရှိပါသည်။

ဤသို့ယူသောကြောင့် ပထဝီစသည် မစွဲပါ။မစွဲသောကြောင့် ပထဝီစသည်တို့ အမြိုက်ရည်ဖြင့် သွန်းလောင်းသည်ဖြစ်စေ မတုန်လှုပ် ပါ။ပထဝီမြေကြီးသည် မတုန်လှုပ်သကဲ့သို့ ဖြစ်ပါသည်။မဟာပထဝီမြေ ကြီးသည် အမြိုက်ရည်ကို မျှော်လင့်သည်လည်း မရှိပါ။ကြောက်ရွံ့သည် လည်း မရှိပါ။ဤအတူ အဆိပ်ရည်ကိုလည်း မျှော်လင့်ခြင်း၊ကြောက်ရွံ့ ခြင်း မရှိပါ။

ဤသို့ငြိမ်းအေးရန် မြတ်စွာဘုရားသည် ပထဝီစသော ဓာတ် ခြောက်ပါးကိုရှုပွားရန် မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်၊ငါ,သူတပါး,ယောကျ်ား, မိန်းမမရှိ-ဤသို့သိမြင်ရန် ပထဝီစသောဓာတ်ခြောက်ပါးကို ပွားများစေခဲ့

သည် မဟုတ်ပါ။တပည့်တော်တို့သည် ဤသို့ဖြစ်လျှင် အမှားကြီး မှားခဲ့ကြပါသည်။ခါတ်ခြောက်ပါးကိုရှုပွား၍ ငါ,သူတပါး,ယောကျ်ား,မိန်းမ မရှိဟူ၍ပင်ထင်အောင် ပွားခဲ့ကြပါသည်။

တပည့်တော်တို့၏ အမြင်မှားချက်သည် တပည့်တော်တို့နှင့်တကွ မြတ်စွာဘုရားအား အနစ်နာကြီးနစ်နာအောင် ပြုမိသကဲ့သို့ ဖြစ်ခဲ့ပါသည်။ဤအမှားသည် တပည့်တော်တို့၌ များစွာ အပြစ်ဖြစ်ပါသည်။ဤအပြစ်ကို အနန္တကျေးဇူးတော်သခင် အသျှင်မြတ်ဗုဒ္ဓအား ရိုသေညွတ်ကျိုး၍ ရှိခိုးကာ အထပ်ထပ်တောင်းပန်ရပါမည်။

အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.........

တပည့်တော်တို့သည် ဤအပြစ်ကို အပြစ်ဟုရှုပြီး၊နောက်ထပ်တဘန် ပြန်၍မဖြစ်အောင် ကြိုးစားပါမည်။ထို့ကြောင့် ထိုအပြစ်မှ တပည့်တော်တို့အား ခွင့်လွှတ်သနားပါမည့်အကြောင်း ရိုသေစွာညွတ်ကျိုး၍ ရှိခိုးအသနားတော်မြတ်ခံ တောင်းပန်အပ်ပါသည်ဘုရား.........။

ခါတုဝိဘင် ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# အဘိဓမ္မ ဓမ္မပူဇာဘုရားရှိခိုး

ဗုဒ္ဓအသျှင်မြတ်ဘုရား.........

အသျှင်မြတ်ဘုရားအား ဓာတုဝိဘင်္ဂတရားဖြင့် ရိုသေညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ခဲ့ရပါပြီ။ယခုတဘန် အဘိဓမ္မာခုနစ်ကျမ်းဖြင့် တပည့်တော်များ သင်ကြားနာယူထားသော အဘိဓမ္မာတရားဖြင့် အသျှင်ဘုရားအား ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့အပ်ပါသည်ဘုရား။

ပဌမဆုံးရှိခိုးရမည်မှာ ဤအဘိဓမ္မာများသည် အသျှင်ဘုရား နှလုံးသားအာဘောဂအဖြစ်ကြီး ဖြစ်ကြရုံမျှမက အသျှင်ဘုရားနှုတ်တော်တွတ်တွတ်ရွတ်၍ မိန့်ခဲ့ချက်များဟု တပည့်တော်တို့ သိနားလည်ခဲ့ချက်များ ဖြစ်ပါသည်ဘုရား။

အသျှင်မြတ်ဘုရားသည် တပည့်တော်တို့သိနေသော ဤအဘိဓမ္မာတရားတော်မြတ်ကြီးကို ဘယ်သူ့အားမျှ ဟောထားတော်မူခဲ့ခြင်းမရှိဖြစ်ပါသည်။

ဤအရာကိုလည်း တပည့်တော်များ အသိအမြင် လွဲမှားကြပါသည်။ဤသို့ မှတ်ခဲ့မိခြင်းသည်ပင် ၌ အပြစ်ကင်းစင်ခဲ့သည် မဟုတ်ပါ။

ကထာဝတ္ထုကျမ်းသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဆရာတော်၏ ဟောကြားချက် ဖြစ်နေခဲ့ပါသည်။တပည့်တော်တို့၏အမြင်သည် မသန့်စင်ပြီဆိုလျှင် အားလုံးပင်မသန့်မစင်ဖြစ်ခဲ့ကြပါသည်။

ယမိုက်ကျမ်း၊ပဋ္ဌာန်းကျမ်းများသည်ကား အလွန်တရာမှ လေးနက်လှသောကြောင့် အသျှင်ဘုရား၏ နှုတ်တော်တွတ်တွတ်ရွတ်၍ ဟော

ခဲ့ချက်ဟု အထင်မသက်အောင် တပည့်တော်တို့မတတ်နိုင် ရှိခဲ့ရပါသည်။

ထိုသို့ဖြစ်သော်လည်း စာပေသမိုင်းပညာရှင်ကြီးတို့ကမူ ယမိုက်၊ ပဋ္ဌာန်းကျမ်းများသည် စာပေတန်ဘိုးအရဆိုမူ ကထာဝတ္ထုကျမ်း၏ နောက်၌ မှုချမသွေရှိရပေမည်ဟု မိန့်ဆိုသည်ကို သိပါသည်။

တပည့်တော်တို့သည် တိမ်သောပညာရှိသည်ဖြစ်၍ အဘိဓမ္မာ အားလုံး အသျှင်ဘုရားပင်ဟောသည်။အသျှင်ဘုရားသာသနာ ကွယ် လျှင်ပင် ပဋ္ဌာန်းကျမ်းက စ၍ကွယ်မည်။ဤသို့အထိ ယုံကြည်ကြိုးစား မှတ်သားနေမိခဲ့ကြပါသည်။

တပည့်တော်တို့၏မှတ်သားချက်သည် အမှန်နှင့်ကွဲပြား လွဲမှား နေခဲ့သည်ဟု တပည့်တော်တို့ ရိပ်စားမိခဲ့ရပါပြီ။အဘိဓမ္မာကျမ်းများအ ပေါ် ဤသို့ အမှန်နှင့်ကွဲပြားအောင် လွဲမှားခဲ့ချက်များကို ပြင်ဆင်ရပါ မည်။

ထိုသို့ဖြစ်သော်လည်း အဘိဓမ္မာကျမ်းများသည် တပည့်တော်တို့ မျက်စေ့၌ လေးနက်မြဲ လေးနက်လျှက်ပင် ရှိနေမည်ဖြစ်ပါသည်။မြတ် စွာဘုရား ဟောခဲ့သည်ဖြစ်စေ၊မဟောခဲ့သည်ဖြစ်စေ၊ အရှင်သာရိပုတ္တရာ ဟောခဲ့သည်ဖြစ်စေ၊အခြားပုဂ္ဂိုလ်တစ်ဦးဦး ဟောခဲ့သည်ဖြစ်စေ တပည့် တော်တို့သည် အဘိဓမ္မာကျမ်းများကို ကြည်ညိုမည်သာ ဖြစ်ပါသည် ဘုရား။

အဘိဓမ္မာတရားတော်သည် ခေတ်အလျှောက် ရေးသူမပေါ်ခဲ့၍ ဘယ်သူရေးသည်ဟု မပေါ်သော်လည်း သံဃာတော်များ ရေးသားဟော ပြောချက်သည် တရားတော်မှသွေဖည်ရန် လုံးဝအကြောင်းမရှိပါ။ တရားတော်သည်လည်း မြတ်စွာဘုရားဟောကြားချက်သာ ဖြစ်ပါသည်။

ထို့ကြောင့် မည်သူရေးသည်ဖြစ်စေ မြတ်စွာဘုရားဟောကြားချက်ကို ရေးခြင်းဖြစ်၍မြတ်စွာဘုရား နှုတ်ဖြင့်တွတ်တွတ်ရွတ်၍ မဟောသော်လည်း၊ ဟောသည်ဟုဆိုနိုင်သောတရားဳ တပည့်တော်များ စိတ်အားထက်သန်စွာ သဒ္ဓါကြည်ညိုကြပါသည်ဘုရား။

အမှန်စင်စစ်၌ အဘိဓမ္မာတရားတော်သည် မြတ်စွာဘုရားဟောကြားတော်ခဲ့သော တရားတော်များမှ အသီးအခြားတရားတော်များ မဟုတ်ခဲ့ပါ။အဘိဓမ္မာတရားတော်သည် မြတ်စွာဘုရားဟောကြားတော်မူသောတရားတော်များ၏ အဘိဓမ္မာတရားတော်သာ ဖြစ်ပါသည်။

အဘိဓမ္မာတရားတော်သည် လွတ်မြောက်မှုကိုဆောင်နိုင်သော မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်တစ်ပုဒ် မဟုတ်ပါ။လွတ်မြောက်မှုကိုဆောင်နိုင်သော မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်အများအပြားမှ အနှစ်သာရ အချက်အလက်များကို ဖော်ထုတ်ချက်များသာ ဖြစ်ပါသည်။

ထို့ကြောင့် အမှန်၌ အဘိဓမ္မာတရားတော်သည် ကျင့်ကြံကြိုးကုတ်အားထုတ်ရန်တရား မဟုတ်ပါ။မြတ်စွာဘုရားဟောကြားခဲ့သော ကျင့်ကြံကြိုးကုတ်အားထုတ်ရန် တရားကိုနာကြားရာ၌ နားလည်ရန် အထောက်အကူပြုသောတရားသာ ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်များသည် ဓမ္မက္ခန္ဓာအားဖြင့် အထောင်မက များလှပါသည်။ထိုသို့ဖြစ်သော်လည်း ဤမျှများပြားသော ဓမ္မက္ခန္ဓာများ၏အခြေခံ ပရမတ်သည် ရုပ်နာမ်နှစ်ပါး၊ ဓာတ်ခုနစ်ဆယ့်နှစ်ပါးသာ ဖြစ်သည်။

ဥပမာအားဖြင့်__ မာဂဓဘာသာစကားလုံးများသည် ရာထောင်

မကများလှသော်လည်း စကား၏အခြေခံပရမတ်သည် ဗျည်း,သရနှစ်ပါး အက္ခရာလေးဆယ့်နှစ်လုံးသာဖြစ်သကဲ့သို့ ဖြစ်ပါသည်။

ဗျည်းများ,သရများသည် အက္ခရာလေးဆယ့်တစ်လုံးအဖြစ် စကားလုံးတိုင်းပါဝင်ပြီး စကားလုံးများ၏ အခြေခံပရမတ်ဖြစ်သော်လည်း ဗျည်းများ,သရများကို ဗျည်းများ,သရများအတိုင်း ဘတ်,ရွတ်,နားဆင်ရန် လုံးဝမဟုတ်ပါ။ဗျည်းများ,သရများသည် စကား၏ အခြေခံ(ပရမတ်)ဖြစ်သော်လည်း စကားကိုဘတ်ရာ၌ ဗျည်းများ,သရများကိုဘတ်ရန် မဟုတ်တော့ဘဲ စကားနက်ကိုသာဘတ်ရန် ဖြစ်ပါသည်။

ထို့ကြောင့် ဗျည်းများ,သရများသည် စကားနက်များကို၊စကားကို ပြောဆိုရေးသားရာ၌ အသုံးချခံရန် အခြေခံပရမတ်များသာ ဖြစ်သည်။ စကားနက်သည် ထိုဗျည်း,သရတို့၏ အတွဲအစပ်ပေါ်မှီ၍ထွက်လာသော ဗျည်း,သရတို့မှ သီးခြားဖြစ်သောအရာ ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူသော တရားဓမ္မနှင့် ၎င်းဓမ္မ၏ အခြေခံဖြစ်သော အဘိဓမ္မတို့သည်လည်း ၎င်းအတူဖြစ်ပါသည်။အဘိဓမ္မသည် မြတ်စွာဘုရားဟောသော ဓမ္မ၏အခြေခံ(ပရမတ်)ပင် ဖြစ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာကို ပရမတ္ထတရားလေးပါးဟုပင် ပြောဆိုရခြင်းဖြစ်သည်။စကား၌ ဗျည်း,သရများဖြစ်သော အက္ခရာပါဝင်သော်လည်း အက္ခရာကိုမဘတ်ဘဲ စကားနက်ကိုသာဘတ်သကဲ့သို့၊ဓမ္မ၌ ရုပ်,နာမ်ဖြစ်သော အဘိဓမ္မာပရမတ်များ ပါဝင်သော်လည်း ပရမတ်ကိုမဘတ်ဘဲ ပရမတ္ထကိုသာ ဘတ်,မှတ်,နာကြားရပေမည်။ဗျည်း,သရများဖြစ်သော အက္ခရာသည် စကားတည်ဆောက်ရန် ဖြစ်သကဲ့သို့ ရုပ်,နာမ်အဘိဓမ္မာသည်လည်း ဓမ္မတည်ဆောက်ရန်မျှ ဖြစ်ပေသည်။

သစ္စာလေးပါးတရားကို အများသတ္တဝါတို့အား အသိပေး ဟော ကြားဖော်ထုတ်တော်မူသော မြတ်စွာဘုရား......

တပည့်တော်တို့သည် အဘိဓမ္မာ၌ ဤသို့မမြင် စိတ်မထင်ဘဲ ဓမ္မထက်ပင် လေးနက်သောတရား၊ တပည့်တော်တို့ ရှုပွား,မှတ်သားရ မည့်တရား၊ဤသို့ ယုံစား,အားထားမိခဲ့ကြပါသည်။တပည့်တော်တို့သည် ကကြီး,ခကွေးအက္ခရာများဘတ်ခြင်းကို စာဘတ်သည်ဟုမှတ်ပြီး အထပ် ထပ် အော်ဟစ်ဘတ်မှတ်နေမိခဲ့ကြပါသည်။တပည့်တော်တို့လို ဘတ်ကြ၊ မှတ်ကြရန်လည်း နှိုးဆော်ညွှန်ကြားနေမိခဲ့ကြပါသည်။

စာဘတ်ခိုင်းရာ၌ စာ၌ပါသောအက္ခရာများကို ဘတ်နေသူအ တွက် အဓိပ္ပါယ်ကွယ်နေသည်မှာ ဗေဒင်မေးဘွယ်မလိုသကဲ့သို့ တပည့် တော်တို့သည်လည်း မြတ်စွာဘုရားတရားတော်များဘတ်ကြရန် ဖြစ် သော်လည်း၊တရားတော်၏အခြေခံ ပရမတ်များမှာသာ ဉာဏ်ကစား၍ ပျော်ပါးနေမိသည့်အတွက် အသျှင်ဘုရား၏ တရားနက်ဖြစ်သော အရိယ သစ္စာများ အဘယ်မျှ မကွယ်ပျောက်ရှိပါတော့မည်နည်း!

တပည့်တော်တို့သည် အဘိဓမ္မာတရား၌ ဤသို့ပင် အမြင်မှား ခဲ့ကြပါသည်။တပည့်တော်တို့၏ ဤအမြင်မှားချက်သည်လည်း တပည့် တော်တို့အားလည်းကောင်း၊ အသျှင်ဘုရားအားလည်းကောင်း များစွာ နစ်နာစေပါသည်။ဤအမှားအတွက်လည်း အသျှင်မြတ်ဘုရားအား ရိုသေညွတ်ကျိုး လက်စုံမိုး၍ အထပ်ထပ် ရှိခိုးကန်တော့အပ်ပါသည် ဘုရား။

ထို့ပြင်လည်း အဘိဓမ္မာတရား၌ အမှားများ ဒုနှင့်ဒေး ရှိနေခဲ့ ပါသေးသည်။ဤအရာများကိုလည်း အထပ်ထပ်ရှိခိုး လက်စုံမိုး၍ ရှိခိုး

ကန်တော့ရပါဦးမည်။ဤအရာများမှာ အဓိကအားဖြင့် ကံနှင့်ကံ၏အကျိုး(ဝိပါက်)များ ဆက်နွယ်ပုံများ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတ္တဝါများကို “ကံ၏အမွေခံများသာဖြစ်သည်”ဟု ဟောခဲ့ပါသည်။သတ္တဝါသည် ကံ၏အဆက်အနွယ်ဖြစ်သည်။ ကံသာလျှင် လဲလျောင်းရာရှိသည်။ကောင်းကံပြုလျှင် ကောင်း၊ မကောင်းကံပြုလျှင် မကောင်းဟု မိန့်ကြားခဲ့ပါသည်။

ကံသည် ဇနကကံ၊ ဥပထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတကကံဟူ၍ အကျိုးပေးကိစ္စအားဖြင့်လည်းကောင်း။ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ကဋတ္တာကံဟူ၍ အကျိုးပေးအလှည့်အားဖြင့်လည်းကောင်း။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယာယဝေဒနီယကံ၊ အဟောသိကံဟူ၍ အကျိုးပေးအချိန်အားဖြင့်လည်းကောင်း အမျိုးမျိုး ရှိပါသည်။

ကံဟူသည်မှာ ကောင်းမှု,မကောင်းမှုပြုစိတ်များနှင့် အတူဖြစ်သော လှုံ့ဆော်တတ်သည်းသတ္တိရှိသော “စေတနာတရား”ပင် ဖြစ်ပါသည်။

ထိုကံများ၏ အကျိုးကိုဖြစ်စေတတ်သောသတ္တိသည် ကံ၏ဇနကသတ္တိ ဖြစ်ပါသည်။ထို ဇနကသတ္တိရှိသောကံသည် ဇနကကံ ဖြစ်ပါသည်။ ဥပထမ္ဘကကံဟူသည်မှာ အကျိုးကို တိုက်ရိုက်မဖြစ်စေဘဲ အကျိုးပေးရန် အခြားကံကို အထောက်အပံ့ပြုတတ်သောကံ ဖြစ်ပါသည်။ဥပပီဠကကံမှာ အခြား အကျိုးပေးရန်သတ္တိရှိသောကံကို နှိပ်နယ်တတ်သောကံ ဖြစ်ပါသည်။ဥပဃာတကကံမှာ အခြား အကျိုးပေးတတ်သောသတ္တိရှိသောကံကို ဖြတ်ပစ်တတ်သောကံ ဖြစ်ပါသည်။

တပည့်တော်တို့အသိ၌ ယခုဘဝ အကျိုးဝိပါက်အဖြစ်များ၏ ဇနကကံသည် မမွေးမီကပြုခဲ့သောကံ ဖြစ်သည်။ဥပထမ္ဘကစသော ကံများသည် သည်ဘဝပြုသောကံများလည်းဖြစ်သည်။ထိုကံများသည် လည်း မသေမီအကျိုးပေးသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပါသည်။ သေပြီး နောက်ဘဝအကျိုးပေးသောကံသည် ဥပပဇ္ဇဝေဒနီယကံ ဖြစ်ပါ သည်။သေပြီးနောက် နောင်ဘဝမဆုံးသရွေ့ အကျိုးပေးသောကံသည် အပရာပရိယာယကံ၊ အကျိုးပေး၍မရတော့သောကံသည် အဟောသိကံ ဖြစ်ပါသည်။

အသိပညာ၏အပိုင်းအခြားကို ပြောဆိုခြင်းငှာ မတတ်ကောင်း သော ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား.........

တပည့်တော်တို့သည် ကံနှင့်စပ်၍ ဤသို့ပင် သိထင်မှတ်သား ထားခဲ့ကြပါသည်။တပည့်တော်တို့၏ ကံတရားအယူအမြင် အဘိဓမ္မာ၌ အခြေခံသည် ရှေးဘဝ,နောက်ဘဝဆက်သွယ်ချက် ဖြစ်ပါသည်။ရှေးဘ ဝ,နောက်ဘဝအမြင်ဖြင့် ကံကို အနက်ဖွင့်ပါသည်။တဘန် ကံအနက်ဖွင့် ဖြင့် ရှေးဘဝ,နောက်ဘဝအမြင်ကို ခိုင်မာအောင် ထောက်ကူပါသည်။

တပည့်တော်တို့၏ ဤကံအဘိဓမ္မာ၌ တပည့်တော်တို့မသေမီ ပြုလုပ်သော ဘယ်လောကီကံမဆိုသည် ပြုလုပ်သည်မှ မသေမီအတွင်း၌ ဘယ်သို့သောအကျိုးဝိပါက်ကိုမျှ မဖြစ်စေနိုင်အောင် ရှိခဲ့ပါသည်။တပည့် တော်တို့ပြုသမျှ ကောင်းမှု,မကောင်းမှုကံဟူသမျှ၏အကျိုးသည် တပည့် တော်တို့မသေမီအတွင်း၌ လုံးဝမရဟူ၍ ဖြစ်သည်။

တပည့်တော်တို့ ကာမကုသိုလ်ကိုပွားလျှင် ထိုကာမကုသိုလ်၏ အကျိုးဝိပါက်စိတ်သည် ပဋိသန္ဓေ၊ဘဝင်၊စုတိ၊တဒါရုံ လေးကိစ္စမျှတပ်ပါ

သည်။တပည့်တော်တို့၌ ပဋိသန္ဓေ၊ဘဝင်၊စုတိ၊တဒါရုံများသာ ဖြစ်သော ကြောင့် ဖြစ်ပါသည်။ဒိဋ္ဌဓမ္မဝေဒနီယကံအရ လက်ငင်းဘဝမှာ အကျိုး ပေးမည်ဆိုလျှင် ဘယ်သို့ဖြစ်အောင်ပေးရမည်ဟုပင် မသိနိုင်ရှိရပါသည်။

စိတ်သည် ကံစိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်မျှသာ ဖြစ်ပါသည်။ ကြိယာစိတ်သည် အသေက္ခမဟုတ်သူတို့နှင့်မဆိုင်၍ ကံစိတ်နှင့်ဝိပါက် စိတ်များသာ တပည့်တော်တို့နှင့်ဆိုင်ပါသည်။ဝိပါက်စိတ်များသည်လည်း ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စများသာ ယေဘုယျသက်ဆိုင်ပါသည်။

ထိုပဋိသန္ဓေစသော စိတ်များမှာလည်း မမွေးမီ ဘဝကံ၏အကျိုး ချည်းဆိုလျှင် ဤဘဝကံ၏အကျိုးဝိပါက်အတွက် ဖြစ်ခွင့်နေရာသည် မရှိအောင်ဖြစ်ပါသည်။ ဤဘဝပြုသောကံသည်သာ ဤဘဝကံဖြစ်၍၊ ဤဘဝဖြစ်သောဝိပါက်သည်သည် ဤဘဝကံ၏ဝိပါက်များမဟုတ် ဖြစ်နေပါသည်။

ထို့ကြောင့် ဤဘဝပြုသောကံ၏ ဒိဋ္ဌဓမ္မအကျိုးသည် အဘယ် ဖြစ်သနည်းမသိအောင် ရှိရပါမည်။မရ-အရယူပါမှ ထိုကံသည် သဟ ဇာတကမ္မသတ္တိဖြင့် ထိုကံနှင့်အတူဖြစ်သော စိတ်,စေတသိက်ရုပ်များ၌ ကံနည်းတူဖြစ်ပွားချက်ဟု ရမည်ကဲ့သို့ ရှိပါသည်။

တပည့်တော်တို့သည် ကံနှင့်စပ်လာလျှင် နိဂဏ္ဌနာဋပုတ္တ၏ တပည့်များနှင့်မခြားအောင် မမွေးမီအတိတ်ကို လက်ဆုပ်ပြုမိခဲ့ကြသူများ ဖြစ်ပသည်။ပုဗ္ဗေကတဟေတုဒိဋ္ဌိများ ဖြစ်ကြသည်အထိ ဖြစ်ပါသည်။

မကောင်းမှုပြုသူများ မကောင်းမှုပြုပြီးနောက် ပြုသောကြောင့် ဖြစ်သော ခံစားမှု(ဝေဒနာ)များသည် အကျိုး(ဝိပါက်)ဖြစ်ပါသည်။ထို အကျိုးဝေဒနာသည် ပြုချိန်နှင့်သီးခြားစီ(နာနာခဏိက) ဖြစ်ကြပါသည်။

ထိုအကျိုးဝေဒနာ၏ ဝေဒနာသဘောသုခဖြစ်လျှင် ထိုအကျိုးဝေဒနာကြောင့် မကောင်းမှုကို ထပ်ပြုချင်သောကြောင့် ထပ်၍ပြုပါသည်။ ပြုဘန်များသောကြောင့် အကျိုးမျှာ လူသိထင်ရှား ထောင်တန်းကျသောသောကာ၊ပရိဒေဝစသည်အထိ ဖြစ်ပွားပါသည်။

ဤ၌ မကောင်းမှုကိုပြုသောကံ(ကမ္မ)သည် မကောင်းသောအမှု၏အကျိုး(ဝိပါက)ဖြစ်သော ခံစားမှုများကို ဇနကကံအဖြစ် ကျေးဇူးပြုပါသည်။ထိုခံစားမှုများကြောင့် နောက်ထပ်တဘန် ထိုမကောင်းမှုမျိုး ပြုချင်(ကိလေသဖြစ်)ပြန်ပါသည်။ ပြုချင်မှု(တဏှာ)ကြောင့် ထပ်ပြု(ကမ္မ)ပါသည်။ပြုသောကြောင့် ခံစားရမှုအကျိုး(ဝိပါက)များ ဖြစ်ပြန်ပါသည်။ ဒုတိယကံ၏အကျိုး၌ ပဌမကံသည် ဇနကသတ္တိမရှိတော့သော်လည်း ဥပထမ္ဘကသတ္တိရှိသည်ဟု ဆိုရပါမည်။

ဒုတိယကံ၏ အကျိုးဝေဒနာဖြစ်ချိန်၌ ထိုဝေဒနာကို ပိုင်းခြားဆင်ခြင်လျှင် တတိယကံဖြစ်ရန် အင်အားကောင်းကောင်းမရဖြစ်၍ တတိယမကောင်းမှုကံကို ပြုပင်ပြုသော်လည်း ဆုတ်နစ်သောကြောင့် ထိုတတိယကံ၏ အကျိုးဝိပါက်ဝေဒနာ၌ ဒုတိယကံ၏အထောက်အပံ့များ အနှိပ်စက်ခံရပါသည်။ထို့ကြောင့် တတိယကံသည် ဥပပီဠကကံ ဖြစ်ပါသည်။

တတိယအကျိုးဝေဒနာ၌ လုံးဝပိုင်းခြာမိသောကြောင့် စတုတ္ထကံဖြစ်သောအခါ တတိယကံကို လုံးဝကပ်၍ဖြတ်ပါသည်။ထို့ကြောင့် စတုတ္ထကံ၏အကျိုး၌ တတိယကံ၏သတ္တိများ လုံးဝကင်းစင်ပါသည်။ စတုတ္ထကသည် ဥပဃာတကကံလည်း ခေါ်ဆိုနိုင်ပါသည်။

ဤ ပဌမအကျိုးကိုဖြစ်စေသော ပဌမကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ။ ဒုတိယကံကြောင့်ဖြစ်သော ဒုတိယအကျိုး၌ ပဌမကံ၏သတ္တိ ပါဝင်

သေးသောကြောင့် ဒုတိယအကျိုးကိုထောက်လျှင် ပဌမကံသည် ဥပပဇ္ဇ ဝေဒနီယကံ။ တတိယ,စတုတ္ထစသည်ဖြင့် နောင်အခွင့်သင့်၍ အကျိုးဖြစ်လျှင်၊ထိုအကျိုးများကိုထောက်၍ ပဌမကံသည် အပရာပရိယာယဝေဒနီယကံ။ပြုလုပ်ပြီး ဥပပဇ္ဇ,အပရာပရိယာယစသည် အကျိုးမဖြစ်တော့လျှင် ထိုပဌမကံသည်ပင် အဟောသိကံ။ ကံသည် ဤသို့သာ မြတ်စွာဘုရား တရားတော်အရ ဖြစ်ရန်ရှိမည် ဖြစ်ပါသည်။

တပည့်တော်တို့၌ ကံပြုပြီးနောက် ထိုကံ၏အကျိုး အဖြစ်,အပျက်မြင်ရာ,ကွယ်ရာပါ၊ ပစ္စုပ္ပန်ရောနောင်တချိန်ပါ အကျိုးများ ကံအားလျော်စွာ ဖြစ်ပွားနေသည်ကို အထင်အရှား သိမြင်နေကြပါသည်။

တပည့်တော်တို့ ကောင်းမှုပြုလျှင် လူကောင်းလူမြတ်ဖြစ်ပြီး၊ မကောင်းမှုပြုလျှင် လူဆိုးလူယုတ် ဖြစ်ပါသည်။ဤသို့လူကောင်းလူဆိုး များဖြစ်ကြခြင်းနှင့် ကောင်း,မကောင်းကံများတပည့်တော်တို့ပြုကြခြင်းကို အဘိဓမ္မာနည်းကျကျ ဆက်သွယ်၍မရ ဖြစ်နေကြသည်မှာ တပည့်တော်တို့၏ အဘိဓမ္မာအမြင်များ အဆုံးစွန်ချွတ်ချုံကျနေကြ၍သာ ဖြစ်ပါသည် ဘုရား။

နောက်ကကောင်း၍ အခုကောင်း။ အခုကောင်းလျှင် နောင်လည်း ကောင်းလိမ့်မည်ဟုဆို၍ နောက်ကိုမမွေးမီ၊ နောင်ကို သေပြီးဟု တထစ်ချ-ချထားခဲ့ကြပါသည်။အခုကောင်းကောင်း အခုလုပ်၍မရတော့ ဘိသကဲ့သို့ ဖြစ်ခဲ့ပါသည်။တပည့်တော်တို့သိမြင်နေသော ကံအဘိဓမ္မာကြီးသည် တရားရှင်မနေသော အဘိဓမ္မာ၊ တရားသေနေသော အဘိဓမ္မာကြီး ဖြစ်ပါသည်။မတိုးတက်သောအဘိဓမ္မာ၊ တိုးတက်မနေသော ကံအဘိဓမ္မာကြီးဖြစ်ပါသည်။

မြတ်စွာဘုရားသည် တိုးတက်သော အဘိဓမ္မာပိုင်ရှင်ကြီးသာ ဖြစ်ပါသည်။ဒုက္ခကိုပြသည်မှာ ဒုက္ခ၌ ငုပ်လျှိုးနစ်နေရန် မဟုတ်ပါ။ဒုက္ခ ဖြစ်ကြောင်းကိုပယ်၍ မဂ္ဂကိုပွားစေရန်မျှ ဖြစ်ပါသည်။ချုပ်လျှင် ဒုက္ခပြ သည်မှာ ဒုက္ခငြိမ်းရန်ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဓမ္မ၏အနှစ်သာရဖြစ်သော အဘိဓမ္မာသည် ဤသို့သက်ဝင်ရှင်သန် တိုးတက်မနေပါ။ထို့ကြောင့် မွေးမှသေသည်အထိ တသက်လုံး မမွေးမီကပြုခဲ့သော ကံ၏အကျိုးဝိပါက်ကလေးနှင့်နေသည် ဟူသော ကံအဘိဓမ္မာကို ဗုဒ္ဓအသျှင်မြတ် မဟောခဲ့သော် တပည့်တော်တို့ ၏ သဿတဒိဋ္ဌိအမြင်ဖြင့် မသိနိုးနား တည်ဆောက်ထားမိသော အဘိ ဓမ္မာသာ ဖြစ်ရာပါသည်။

တပည့်တော်တို့၏ ဤအဘိဓမ္မာအမှားသည် အသျှင်ဘုရားအား အတိုင်းမသိ ထိပါးစေခဲ့ပါသည်။အသျှင်ဘုရားတရားများ လုံးဝချုပ်ဆုံး အပျောက်ကွယ်ခံရသည်အထိ ဖြစ်ခဲ့ပါသည်။တပည့်တော်တို့၏ ထိုအ ပြစ်သည် မည်သည့်အရာဖြင့်ဖြေသည်ဖြစ်စေ မပြေနိုင်လောက်အောင် အလွန်ကြီးမားလွန်းလှသောအပြစ် ဖြစ်ပါသည်။ဤမျှ ကြီးမားလှသော တပည့်တော်များ၏အပြစ်အတွက် အသက်ကိုပင် အသျှင်ဘုရားအား လှူပေးအပ်ထိုက်သည်ဟု တပည့်တော်များ ယုံကြည်ပါသည်။

ထို့ကြောင့် တပည့်တော်များ ရိုသေစွာညွတ်ကျိုး၍ ရှိခိုးလျှောက် ထားဝံ့ပါသည်ဘုရား__

တပည့်တော်တို့အသက်ကို ဤအဘိဓမ္မာအမှားကြီး သင်ကြား ပို့ချခဲ့ချက် အမှားကို မနားတမ်းပြုပြင်ဘို့ အစဉ်အမြဲ တာဝန်ယူ ထမ်း ဆောင်ပါမည်ဘုရား။

အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ကြီးဘုရား......

တပည့်တော်တို့သည် တပည့်တော်တို့၏အမှားဌ် စမ်းဝါးမိသည် အထိ သိရှခဲ့ရပါပြီ။ထိုသို့ သိရှိသမျှ ပြင်ဆင်ရေး၌ အသက်ကို အရေးမ ထားတော့ပါ။အသေခံရမည်ဆိုလျှင်လည်း အသေခံပါမည်။ စည်းစိမ်, ဂုဏ်သိရ်၊ အကျော်အစော၊ လာဘ်သပ္ပကာ၊ ဒါယကာ,ဒါယိကာမ နောက်ပိတ်ဆုံးရနေသောဘဝ အစစကို တပည့်တော်တို့ ပူဇော်စရာထား ပြီး အသျှင်ဘုရားအား တပည့်တော်တို့၏ ဤအမှားကို ပြင်ဆင်မည်ဖြစ် ကြောင်း ရိုသေစွာညွတ်ကျိုး၍ အထပ်ထပ်ရှိခိုး လျှောက်ထားတောင်းပန် အပ်ပါသည် ဘုရား........။

အဘိဓမ္မာ ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။



# ဓမ္မပူဇာဘုရားရှိခိုး နိဂုံး

လောဘ၊ဒေါသ၊မောဟ၊မာန၊ဒိဋ္ဌိစသော ကိလေသာချေးညှော် အလိမ်းလိမ်းဖြစ်နေကြသဖြင့် အေးငြိမ်းပြီးဆုံးခြင်းသို့ မရောက်သေးသော လူသားသမိုင်းကို ခုတ်ပိုင်းဖြတ်ရှင်း ဉာဏ်အလင်းကို ပေးသနားတော်မူခဲ့သော လူသား၏ အနန္တကျေးဇူးတော်သခင် ဗုဒ္ဓအသျှင်မြတ်ဘုရား......

အသျှင်ဘုရားသည် တပည့်တော်တို့၏အသိဉာဏ်၌ အတိတ်နှစ်ထောင့်ငါးရာကျော်ကာလကပင် အေးငြိမ်းခြင်းအဆုံးသို့ ဆိုက်ရောက်ပြီးတော်မူခဲ့သည်ဟု သိမြင်နေခဲ့ပါသည်။

ထိုသို့ဖြစ်သော်လည်း အသျှင်ဘုရားထွန်းညှိ၍ထားခဲ့သော သစ္စာအလင်းရောင်သည် ယနေ့ထက်တိုင် တပည့်တော်တို့၏ ဘဝအညစ်အကြေးများကို လျှော်ဆေး သုတ်သင်ပေးလျှက်ပင် ရှိနေပါသေးသည်။

ထို့ကြောင့် တပည့်တော်တို့သည် အေးငြိမ်းခြင်းအဆုံးသို့ ဆိုက်ရောက်တော်မူပြီးသော အသျှင်ဘုရား၏ အနန္တကျေးဇူးတော်ကို တ-သ ထုတ်ဖော် ပူဇော်၍ ပြီးဆုံးခဲ့ကြပါပြီ။

လောက၏မျက်စေ့အမှန်ဖြစ်သော အသျှင်ဘုရား၏ သစ္စာဓမ္မအား ပီပြင်ကြည်လင်အောင် ဤသို့ ဆေးလျှော်သုတ်သင်ရသော တပည့်တော်တို့၏ကောင်းမှုသည် နှစ်ပါးသောအကျိုးမှ တစ်ဝဝသာဖြစ်သော အကျိုးမျှကို ဆောင်ရွက်နိုင်ရန် တပည့်တော်များ လိုလားတောင့်တအပ်ပါသည်။

နှစ်ပါးသောအကျိုးမှာ__

တပည့်တော်တို့၏ အကျင့်အကြံများ မပြည့်မစုံ မကုန်မင ရှိလျှင် သူတော်ကောင်းခပ်သိမ်းတို့က ခေါင်းတိမ်းရှောင်ရှားခြင်းမရှိဘဲ၊ သိသည့် အတိုင်း မြင်သည့်အတိုင်း ပြုပြင်ဆုံးမသည်ကို တပည့်တော်များက ရရှိရန်နှင့်

တပည့်တော်များအကျင့်အကြံ လောက်ငကုန်လုံ ပြည့်စုံခြင်းရှိ လျှင် သတ္တဝါခပ်သိမ်းက ခေါင်းတိမ်းငြင်းဆိုခြင်းမရှိဘဲ ကိုယ့်အကျိုးကို ကိုယ်လိုလား မမှိတ်မသုံ ကြိုးစားနိုင်ရန် ဖြစ်ပါသည်။

တပည့်တော်တို့၏ ဤကောင်းမှုသည် တပည့်တော်တို့လိုလား သော အကျိုးနှစ်ပါးမှ တစ်ပါးမသောအကျိုးကို သည်ပိုးဆောင်ရွက်ရန် လည်း အလေးအနက် ဆုမွန်တောင်းဆိုအပ်ပါသတည်း။ ။

ဓမ္မပူဇာဘုရားရှိခိုး ပြီး၏။

# မောနေယျပဋိပတ် ရှစ်လုံးဘွဲ့

| | | |
|---|---|---|
| ၁။ | မောနေယျဝတ်၊ | မချွတ်ဟောမည်။ |
| | ဖြည့်ကျင့်နိုင်ခဲ၊ | ဖြစ်ခဲလှသည်၊ |
| | ဝီရိယနှင့်၊ | စိတ်ကခိုင်ကျည်၊ |
| | လွန်ကြိုးစား | တိုးပွားနိုင်လိမ့်မည်။ |
| ၂။ | ကဲ့ရဲ့ချီးမွမ်း၊ | ရွာတန်းနှစ်လီ၊ |
| | အတူအမျှ၊ | ပြုကြတည်ကြည်၊ |
| | စိတ်ကျ,စိတ်ကြွ၊ | ရှင်းစွရှောင်ဖီ၊ |
| | မောနေယျ | ဦးစွအကျင့်မည်။ |
| ၃။ | သံနိမ့်,သံမြင့်၊ | ဟန်နှင့်မြွက်ချီ၊ |
| | မီးလျှံဟူမျှ၊ | မိန်းမပလီ၊ |
| | တောနေသူကောင်း၊ | ဖျားယောင်းတတ်သည်၊ |
| | လွတ်မြောက်ရေး | စစ်တေးကျင့်ဂုမည်။ |
| ၄။ | မေထုန်ကာမ၊ | ဝေးစွရှောင်ဖီ၊ |
| | လူကြောက်,လူမက်၊ | စိတ်ထက်မတည်၊ |
| | အတွန်း,အဆွဲ၊ | လူ့ဝဲအမည်၊ |
| | မောနေယျ | တတိယအကျင့်မည်။ |
| ၅။ | သူ့လိုငါလည်း၊ | သူလည်းငါ့လို၊ |
| | ကိုယ်ချင်းစာတရား၊ | ရှေ့ထားပိုမို၊ |
| | မညှင်းမသတ်၊ | လွတ်လပ်အောင်ကို၊ |
| | လူအများ | သနားကြစေလို။ |

| | | |
|---|---|---|
| ၆။ | ရတာကြောင့်ကြ၊ | မရတာတောင့်တ၊ |
| | လူများခုန်ခက်၊ | နရက်ဤဟာ၊ |
| | မျက်စေ့ပေါက်က၊ | ဤခြောက်ခုပါ၊ |
| | မောနေယျ | ကျင့်ကြဥပမာ။ |
| ၇။ | ဝမ်းပိုက်လျှလျှ၊ | အာဟာရချင့်ခါ၊ |
| | လျှပ်ပေါ်မဖက်၊ | နည်းလျှက်အာသာ၊ |
| | အလိုရုပ်သိမ်း၊ | အေးငြိမ်းမဆာ၊ |
| | မဆာရေး | စဉ်တွေးလို့ငြိမ်းပါ။ |
| ၈။ | ဆွမ်းခံပြီးက၊ | တောဝဝင်ပါ၊ |
| | သစ်ပင်အောက်နှင့်၊ | ကျောင်းအောက်သင့်ရာ၊ |
| | ရဟန်းတို့ထုံး၊ | သီတင်းသုံးပါ၊ |
| | မောနေယျ | ကျင့်ကြဥပမာ။ |
| ၉။ | တောနေရဟန်း၊ | ရွှင်လန်းအောင်သာ၊ |
| | ကြောက်မဲ့,မက်မဲ့၊ | တွေးချဲ့လေ့လာ၊ |
| | ကြောက်,မက်နှစ်ပါး၊ | ဖယ်ရှားပြီးခါ၊ |
| | ထိုရဟန်း | ရွှင်လန်းတောမြိုင်မှာ။ |
| ၁၀။ | လင်းအရုဏ်ပျို့၊ | ရွာသို့ဝင်ပါ၊ |
| | ရွာအာမိသ၊ | စုံစွဲဖြာဖြာ၊ |
| | လှူဘို့,ပင့်ဘို့၊ | စိတ်ညှို့ရှောင်ပါ၊ |
| | မောနေယျ | ကျင့်ကြ နဝမာ။ |
| ၁၁။ | လူ့အိမ်ကြွဘိ၊ | မုနိရှင်မှာ၊ |
| | လူ့ကိစ္စမှု၊ | မပြုရှောင်ပါ၊ |

| | | |
|---|---|---|
| | ဩဘာ,နိမိတ်၊ | အရိပ်အဝါ၊ |
| | အစားထွက် | နှုတ်မြွက်မဆိုရာ။ |
| ၁၂။ | မရလည်းကောင်း၊ | ရကောင်းလို့သာ၊ |
| | သစ်ပင်ကျောခိုင်း၊ | ပုံနှိုင်းစိတ်မှာ၊ |
| | မရအရ၊ | ပြည့်ဝတူပါ၊ |
| | မောနေယျ | ဇကေဒသမာ။ |
| ၁၃။ | ဆွမ်းခံကြဘိ၊ | မုနိရှင်မှာ၊ |
| | မအပါဘဲ၊ | အအေထဲဝင်ခါ၊ |
| | အလှူနည်းလည်း၊ | စိတ်ထဲမနာ၊ |
| | အလှူများ | စိတ်ထားတည့်မတ်စွာ။ |
| ၁၄။ | လှူလွတ်လပ်ရေး၊ | ငြိမ်းအေးခေမာ၊ |
| | နှစ်ခါမရောက်၊ | တစ်ခေါက်လည်းမရပါ၊ |
| | အနိမ့်,အမြင့်၊ | ဆင့်ဆင့်ကျင့်ပါ၊ |
| | မောနေယျ | ဒုကဒသမာ။ |
| ၁၅။ | တဏှာအလျှင်ဖြတ်၊ | အဆိပ်ပြတ်သူမှာ၊ |
| | ကြီးငယ်ကိစ္စ၊ | စိတ်ကပယ်ခွါ၊ |
| | အိုက်စပ်ပူဆွေး၊ | ငိုကြွေးကင်းကွာ၊ |
| | လွတ်လပ်ရေး | မနှေးကျင့်လေပါ။ |
| ၁၆။ | သင်ဓုန်းဓါးသွား၊ | ချိုပြားပမာ၊ |
| | မုနိတရား၊ | ရှေ့ထားပြီးခါ၊ |
| | တောက်ခေါက်ခါတွေး၊ | ဝမ်းရေးမစောင့်ပါ၊ |
| | မောနေယျ | စတုတ္ထဒသမာ။ |

၁၇။ အကြံကုန်လျှက်၊ ဆားချက်မနေ၊
အကြံထွေပြား၊ စိတ်များမပွေ၊
အနံ့စိမ်းဖြတ်၊ ငြိကပ်တာတွေ၊
အကျင့်မြတ် ချဉ်းကပ်နေပါလေ။
၁၈။ ရဟန်းနီးပါး၊ ဝပ်တွား၍သာ၊
ထီးထီးနေလျှက်၊ ဖြည့်စွက်သိက္ခာ၊
မုနိအစစ်၊ ဖြစ်၍ပျော်လာ၊
မောနေယျ သောဋ္ဍဒသမာ။
၁၉။ ပညာရှိထုံး၊ နှလုံးမူခါ၊
ကျော်ဇော,သိ,ကြား၊ ရှက်အားပိုကာ၊
ကြိုက်,မုန်းဖျောက်လွှင့်၊ ဈာန်နှင့်နေခါ၊
သဒ္ဓါခေတ် လွန်မြတ်ပြုလေပါ။
၂၀။ ချောင်းခြောက်မြောင်းသေး၊ရေပြေးတူစွာ၊
မဟာမြစ်ကြီး၊ ရေစီးညင်သာ၊
မြစ်ရဲ့ရေစီး၊ ကျင့်နည်းယူပါ၊
မောနေယျ အဋ္ဌဒသမာ။
၂၁။ ရေမပြည့်အိုး၊ သံမျိုးစုံစွာ၊
ရေပြည့်သည့်အိုး၊ ဆူရိုးမလာ၊
ရေအိုးပြည့်ဘိ၊ မုနိမဟာ၊
အသံတိတ် ကင်းဆိတ်သူမြတ်မှာ။
၂၂။ ဟုတ်မှန်ကျိုးရှိ၊ များဘိဝါစာ၊
သိသည့်အတိုင်း၊ မဆိုင်းဟောပါ၊

အကျိုးမပြီး၊ သိလည်းရှောင်ပါ၊
မောနေယျ ဝိသကျင့်စရာ။

၂၃။ ကျင့်မောနေယျ၊ ဟောပြခဲ့တာ၊
ဖြည့်ကျင့်နိုင်ခဲ၊ ဖြစ်ခဲလှတာ။
ဝီရိယနှင့်၊ စိတ်ကခိုင်မာ၊
လွန်ကြိုးစား တိုးပွားထိုသူမှာ။

မောနေယျပဋိပတ် ပြီး၏။



## ဓမ္မစက် ရှစ်လုံးဘွဲ့

ဓမ္မစက်တရား၊ ပွားများရွတ်ဆို၊
နတ်ရောလူရော၊သောသောထိုထို။
ကြားသူခပ်သိမ်း၊အေးငြိမ်းအောင်ကို၊
သစ္စာများ နာကြားကြစေလို။

၁။ တစ်ရာ့သုံးနှစ်၊ သက္ကရာဇ်မဟာ၊
ဝါဆိုလပြည့်၊ မြွေနေ့ဆည်းဆာ၊
ပဉ္စဝဂ်အား၊ ဘုရားမြွက်စွာ၊
ဓမ္မစက် ဟောမြွက်မိဂဒါ။

၂။ တရားကျင့်စ၊ ဝေးစွရှောင်ပါ၊
ထက်လမ်းအောက်လမ်း၊နှစ်လမ်းနှစ်ဖြာ၊
ရုပ်,နာမ်မုန်းက၊ လုံးလုံး ထက်ပါ၊
အာရုံမွမ်း အောက်လမ်း ကာမသာ။

၃။ အောက်,ထက်မကပ်၊ အလွတ်အလယ်၊
ကျင့်စရာလမ်း၊ မြင်စမ်းလွယ်လွယ်၊
အရိယမဂ်၊ အချက်ရှစ်သွယ်၊
သိမြင်နိုင်ရေး၊ ငြိမ်းအေး သိနိုင်တယ်။

၄။ ဟုတ်တာကြည့်,တွေး၊ သက်မွေးဟုတ်တာ၊
ဟုတ်တာပြော,လုပ်၊ အားထုတ်ဟုတ်တာ၊
ဟုတ်တာအောက်မေ့၊ မရွေ့ဟုတ်တာ၊
အရိယ မဂ္ဂအင်ရှစ်ဖြာ။

| | | |
|---|---|---|
| ၅။ | စွဲငြိနေရ၊ | သေရ အို့နာ၊ |
| | ချစ်ကွဲ့မုန်းကွဲ၊ | အစွဲထွေလာ၊ |
| | လိုမရလည်း၊ | အစွဲနာနာ၊ |
| | အဲဒါဘဲ | ဆင်းရဲမှန်သစ္စာ။ |
| ၆။ | စွဲတာကြည့်တွေး၊ | သက်မွေးစွဲတာ၊ |
| | စွဲတာပြော့လုပ်၊ | အားထုတ်စွဲတာ၊ |
| | စွဲတာမမေ့၊ | မရွေ့စွဲတာ။ |
| | အဲဒါဘဲ | ဆင်းရဲဖြစ်ကြောင်းပါ။ |
| ၇။ | ကျွတ်လွတ်နေရ၊ | သေရ အို့နာ၊ |
| | ချစ်ကွဲ့မုန်းကွဲ၊ | အစွဲမပါ၊ |
| | လိုမရလည်း၊ | အစွဲကျွတ်ခါ၊ |
| | အဲဒါဘဲ | ဆင်းရဲမဖြစ်ရာ။ |
| ၈။ | ဟုတ်တာကြည့့်တွေး၊ | သက်မွေးဟုတ်တာ၊ |
| | ဟုတ်တာပြော့လုပ်၊ | အားထုတ်လုပ်တာ၊ |
| | ဟုတ်တာမမေ့၊ | မရွေ့ဟုတ်တာ၊ |
| | အဲဒါဘဲ | ဆင်းရဲငြိမ်းကြောင်းပါ။ |
| ၉။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | ဒုက္ခဆင်းရဲ၊ | ဒါဘဲလို့သာ၊ |
| | မြင်သိထိုးထွင်း၊ | ရောက်လင်းဝိဇ္ဇာ၊ |
| | သစ္စာများ | ငါ့အားဖြစ်ပေါ်လာ။ |
| ၁၀။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | ဖြစ်တိုင်းဒုက္ခ၊ | သိမျှလို့သာ၊ |

မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
လုပ်ဖွယ်များ ငါ့အားဖြစ်ပေါ်လာ။

၁၁။ ရှေးပကတူး၊ ကြားဘူးကင်းကွာ၊
ဖြစ်တိုင်းဒုက္ခ၊ ဒုက္ခလို့သာ၊
မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
ပြီးသည်များ ငါ့အားဖြစ်ပေါ်လာ။

၁၂။ ရှေးပကတူး၊ ကြားဘူးကင်းကွာ၊
သမုဒယ၊ ဒါပလို့သာ၊
မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
သစ္စာများ ငါ့အားဖြစ်ပေါ်လာ။

၁၃။ ရှေးပကတူး၊ ကြားဘူးကင်းကွာ၊
သည်သမုဒယ၊ ပယ်မှလို့သာ၊
မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
လုပ်ဖွယ်များ ငါ့အားဖြစ်ပေါ်လာ။

၁၄။ ရှေးပကတူး၊ ကြားဘူးကင်းကွာ၊
သည်သမုဒယ၊ ပယ်ချပြီးခါ၊
မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
ပြီသည်များ ငါ့အားဖြစ်ပေါ်လာ။

၁၅။ ရှေးပကတူး၊ ကြားဘူးကင်းကွာ၊
ဒုက္ခခပ်သိမ်း၊ အေးငြိမ်းလာတာ၊
မြင်သိထိုးထွင်း၊ ရောင်လင်းဝိဇ္ဇာ၊
သစ္စာများ ငါ့အားဖြစ်ပေါ်လာ။

| | | |
|---|---|---|
| ၁၆။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | သည်နိရောဓ၊ | ဆိုက်မှုလို့သာ၊ |
| | မြင်သိထိုးထွင်း၊ | ရောင်လင်းဝိဇ္ဇာ၊ |
| | လုပ်ဖွယ်များ | ငါ့အားဖြစ်ပေါ်လာ။ |
| ၁၇။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | သည်အေးငြိမ်းကြီး၊ | ဆိုက်ပြီးလို့သာ၊ |
| | မြင်သိထိုးထွင်း၊ | ရောင်လင်းဝိဇ္ဇာ၊ |
| | ပြီးသည်များ | ငါ့အားဖြစ်ပေါ်လာ။ |
| ၁၈။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | ငြိမ်းအေးဘို့လုပ်ငန်း၊ | သည်လမ်းကိုသာ၊ |
| | မြင်သိထိုးထွင်း၊ | ရောင်လင်းဝိဇ္ဇာ၊ |
| | သစ္စာများ | ငါ့အားဖြစ်ပေါ်လာ။ |
| ၁၉။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | သည်မဂ်တရား၊ | ပွားမျုးလို့သာ၊ |
| | မြင်သိထိုးထွင်း၊ | ရောင်လင်းဝိဇ္ဇာ၊ |
| | လုပ်ဖွယ်များ | ငါ့အားဖြစ်ပေါ်လာ။ |
| ၂၀။ | ရှေးပကတူး၊ | ကြားဘူးကင်းကွာ၊ |
| | သည်မဂ္ဂင်ကြီး၊ | ပွားပြီးလို့သာ၊ |
| | မြင်သိထိုးထွင်း၊ | ရောင်လင်းဝိဇ္ဇာ၊ |
| | ပြီးသည်များ | ငါ့အားဖြစ်ပေါ်လာ။ |
| ၂၁။ | ပဥ္စဝဂ်များ၊ | ထောင်နားစိုက်ပါ၊ |
| | လေး,သုံး,ဆယ့်နှစ်၊ | မဖြစ်သစ္စာ၊ |

| | | |
|---|---|---|
| | ငါဘုရားလို့၊ | မကြားဘယ်ခါ၊ |
| | သိတော့မှ | ဗုဒ္ဓဝန်ခံတာ။ |
| ၂၂။ | ဉာဏ်အမြင်များ၊ | ငါ့အားပေါက်လာ၊ |
| | လွတ်မြောက်ဆက်ဆက်၊ | မပျက်တည်မှာ၊ |
| | လက်ရှိဝိပါက်၊ | ဆုံးလျှက်နေတာ၊ |
| | ဘဝသစ် | မဖြစ်နောင်ဘယ်ခါ။ |
| ၂၃။ | ပဥ္စဝဂ်များ၊ | တရားကြည်ညို၊ |
| | ရှင်ကောဏ္ဍည၊ | ဉာဏ်ဝမြူဖြိုး၊ |
| | တရားမျက်လုံး၊ | ရွှင်ပြုံးကြည်ချို၊ |
| | ဖြစ်သမျှ | ချုပ်ကြသူမြွက်ဆို။ |
| ၂၄။ | သစ္စာစကြမြွတ်၊ | လည်ပတ်အောင်ကို၊ |
| | မည်သူလှည့်နိုး၊ | မနိုးနကိုယ်၊ |
| | ဘုရားရှင်မြွတ်၊ | လှည့်ပတ်မိန့်ဆို၊ |
| | သံဆင့်ကြွေး | အဝေးနယ်တခို။ |
| ၂၅။ | အလွှာဆင့်ဆင့်၊ | မြင့်ထက်မြင့်ကို၊ |
| | သောင်းသဘာဝ၊ | လောကလူကို။ |
| | ရိုက်ခတ်လှုပ်ရှား၊ | ပွားများပြောဆို၊ |
| | စွမ်းသထက် | စွမ်းချက်စံပိုမို။ |
| ၂၆။ | ရှင်တော်ဗုဒ္ဓ၊ | မိန့်ဟမြွက်ဆို၊ |
| | ကောဏ္ဍညနား၊ | ပေါက်ထွားသည်ကို၊ |
| | အညာသိရ၊ | ကောဏ္ဍညပုဂ္ဂိုလ်၊ |
| | ဘုရားမှ | အပ,မကြည်ညို။ |

၂၇။ ရှင်ကောဏ္ဍည၊ ဗုဒ္ဓလျှောက်ဆို၊
အရှင့်ထံပါး၊ တရားကျင့်လို၊
အေးဟော့ပြောကြား၊ ဘုရားကြိုဆို၊
ကောဏ္ဍည ဘ၀ရဟန်းခိုရ်။

ဓမ္မတရား၊ ပွားများရွတ်ဆို၊
နတ်ရောလူရော၊သောသောထိုထို၊
ကြားသူခပ်သိမ်း၊အေးငြိမ်းအောင်ကို၊
သစ္စာများ ပွားမျှးကြစေလို။

ဓမ္မစကြာရှစ်လုံးဘွဲ့ ပြီး၏။

## တရားရှစ်လုံးဘွဲ့

| | | |
|---|---|---|
| ၁။ | မြတ်ဘုရားနှင့်၊ | အများသံဃာ၊ |
| | ဟောဖော်ညွှန်ပြ၊ | အရိယသစ္စာ၊ |
| | ကမ္ဘာလူသား၊ | ကျိုးများစိမ့်ငှာ၊ |
| | ကျင့်နိုင်ရေး | မနှေးရွတ်ဆိုမှာ။ |
| ၂။ | လူနှင့်လူခြင်း၊ | ပေါင်းသင်းသည့်ခါ၊ |
| | ကိုယ်သာ ရ,မရ၊ | သူကနစ်နာ၊ |
| | ကိုယ့်နစ်နာရ၊ | သူက သာမ,သာ၊ |
| | အရိယ | ဒုက္ခမှန်သစ္စာ။ |
| ၃။ | မမွေးမီက၊ | ဘဝ ထို,ဤ၊ |
| | ရှိ,မရှိရေး၊ | အတွေးပလီ၊ |
| | သစ္စာပျက်ပြား၊ | တရားသွေဖည်၊ |
| | သမုဒယ | သစ္စအမှန်မည်။ |
| ၄။ | ရှေးကံပစ်ချ၊ | ဘဝ လာ,မလာ၊ |
| | ကြံစည်ထွေပြား၊ | မများကြရာ၊ |
| | လူ့ကံဖွေးတော့၊ | ငြိမ်းအေးလူမှာ၊ |
| | အရိယ | သစ္စနိရောဓာ။ |
| ၅။ | သေပြီး ဖြစ်,မဖြစ်၊ | စိစစ်မကြံရာ၊ |
| | ကိုယ်နှုတ်စိတ်ထား၊ | တရားသူမှာ၊ |
| | ဆင်းရဲအပေါင်း၊ | လွတ်ကြောင်းမှန်စွာ၊ |
| | အရိယ | သစ္စ ကျင့်မဂ္ဂါ။ |
| ၆။ | လူကောင်း,လူဆိုး၊ | နှစ်မျိုးရှိတာ၊ |
| | ဆိုးရေး,ကောင်းရေး၊ | ကံရှေးမပါ၊ |

| | | |
|---|---|---|
| | လူကဆိုးတော့၊ | လူဆိုဖြစ်လာ၊ |
| | လူကကောင်း | လူကောင်းဖြစ်မည်သာ။ |
| ၇။ | ကိုယ်နှုတ်နှလုံး၊ | စောင့်သုံးသည့်ခါ၊ |
| | ကောင်းသည့်ကံဘဲ၊ | မလွဲဖြစ်လာ၊ |
| | နှလုံးကိုယ်နှုတ်၊ | ဖျင်းယုတ်သောခါ၊ |
| | ဆိုးကံဘဲ | အမြဲဖြစ်ပေါ်လာ။ |
| ၈။ | သတ်မှု,ခိုးမှု၊ | ကျူးမှုအာရုံ |
| | ကာယကံမှား၊ | မတရားကျင့်ထုံ။ |
| | မခိုး,မသတ်၊ | ကျူးဖြတ်အာရုံ၊ |
| | ထိုကံများ | တရားဖြစ်နေပုံ |
| ၉။ | လိမ်,ဆဲ,ကုန်းတိုက်၊ | ဖျင်းမိုက်ဝါစာ၊ |
| | ဝစီကံမှား၊ | မတရားကျင့်တာ၊ |
| | ဟုတ်မှန်ကျိုးရှိ၊ | ပေါင်းမိချိုသာ၊ |
| | ဆိုးကံများ | တရားဝစီမှာ။ |
| ၁၀။ | အချောင်,အဖျက်၊ | ယွင်းကွက်အကြံ၊ |
| | မနောကံမှား၊ | မတရားပုံဟန်၊ |
| | ကိုယ့်အားကိုယ်ကိုး၊ | သူ့အကျိုးသူစံ၊ |
| | အမှန်ပွား | တရားမနောကံ။ |
| ၁၁။ | မြတ်ဘုရားနှင့်၊ | အများသံဃာ၊ |
| | ဟောဖော်ညွှန်ပြ၊ | အရိယသစ္စာ၊ |
| | ကမ္ဘာလူသား၊ | ကျိုးများစိမ့်ငှာ၊ |
| | ဖြစ်နိုင်ရေး | မနှေးကျင့်လေပါ။ |

တရားရှစ်လုံးဘွဲ့ ပြီး၏။

## လူ့မဟာနိဒါန်း

လူ့ဓမ္မတာ မျက်စေ့အာရုံ၊နားအာရုံ အဖုံဖုံနှင့်တွေ့လေသော် အမှန်နောက်လိုက် ကိုယ့်အကြိုက်အတိုင်း အကောင်း,အဆိုးအမျိုးမျိုး အကျိုးခံစားရမြဲတည်း။အကောင်းခံစားလည်း မနောမှာ မဝ။မကောင်း ခံစားလည်း သဘောမှာမကျနှင့် အသစ်ရမည့်အကောင်းကို တောင့်တ မွတ်သိပ်သည်။

မွတ်သိပ်တော့ ရှာဖွေ။ ရှာဖွေတော့ ရရှိ။ ရရှိတော့ သုံးစွဲ။ သုံးစွဲတော့ ငြိစွန်း။ ငြိစွန်းတော့ ကိုယ့်ဟာမှတ်။ ကိုယ့်ဟာမှတ်တော့ သိမ်းပိုက်။ သိမ်းပိုက်တော့ သဝန်တို။ သဝန်တိုတော့ စောင့်ရှောက်။ စောင့်ရှောက်တော့ ဘဝအမျိုးမျိုး ရသတည်း။

တုတ်ဆွဲရသောဘဝသည်လည်း ဘဝ။ဓားဆွဲရသောဘဝသည်လည်း ဘဝ။လိမ်လည်ဆဲဆိုရသောဘဝသည်လည်း ဘဝ။မန်းမှုတ်ရွတ်ဘတ်ရသည့်ဘဝသည်လည်း ဘဝ။ပသ ပူဇော်ရသောဘဝသည်လည်း ဘဝ။ကြိုးကုတ်ကျင့်ကြံရသောဘဝသည်လည်း ဘဝ။ကောင်းကောင်း,ဆိုးဆိုး အမျိုးမျိုးသော ရမ်းတုတ်,မှန်းတုတ် အလွန်အမင်းပြုလုပ်သမျှ ဘဝတို့သည် ဘဝချည်းသာတည်း။

ဘဝရတော့ ဝိညာဏ်ပေါ်။ဝိညာဏ်ပေါ်တော့ စိတ်တွေ,ကိုယ်တွေထ။စိတ်တွေ,ကိုယ်တွေထတော့ အာရုံတွေနှင့်ထိခိုက်။ထိခိုက်တော့ ခံစားမှုဖြစ်။ခံစားမှုတွေဖြစ်တော့ ခံစားမှုတွေပျက်။ခံစားမှုတွေပျက်တော့ စိုးရိမ်ပူဆွေး၊ ငိုကြွေးဝမ်းနည်း၊ ဆင်းရဲဒုက္ခတွေရောက်။ဒုက္ခရောက်တော့မိုက်ကန်း။မိုက်ကန်းတော့ ကိုယ့်ဘဝသမိုင်း ကိုယ်မမြင်။မမြင်တော့ မသိ။(မသိတော့ ရမ်းတုတ်။ရမ်း

တုတ်တော့ ဒုက္ခဖြစ်။ဒုက္ခဖြစ်တော့ မသိ)။

ဤသို့လျှင် လူ့ဓမ္မတာ ဆင်းရဲသာထင်တော့အောင် ဒုက္ခသံသရာ ချာချာလည်သတည်း။

ဒုက္ခသံသရာ လူ့ဘဝသမိုင်း ဆစ်ပိုင်း၍ကြည့်သော် အသိပေါ် မည်။သိတော့ မတောင့်တ။မတောင့်တတော့ မရှာဖွေ။မရှာဖွေတော့ မရရှိ။မရရှိတော့ မသုံးစွဲ။မသုံးစွဲတော့ မငြိစွန်း။မငြိစွန်းတော့ ကိုယ့်ဟာ မမှတ်။ကိုယ့်ဟာမမှတ်တော့ မသိမ်းပိုက်။မသိမ်းပိုက်တော့ ဝန်မတို။ဝန်မ တိုတော့မစောင့်ရှောက်။မစောင့်ရှောက်တော့ တုတ်,ဓားဆွဲရသောဘဝ စသည် မဖြစ်။

ဘဝမဖြစ်တော့ ဝိညာဏ်မပေါ်။ဝိညာဏ်ပေါ်တော့ ကိုယ်တွေ စိတ်တွေ မထ။ကိုယ်,စိတ်တွေမထတော့ အာရုံတွေနှင့် မထိခိုက်။မထိ ခိုက်တော့ ခံစားမှုတွေမဖြစ်။မဖြစ်တော့ မပျက်။မပျက်တော့ ငြိမ်းချမ်း။ ငြိမ်းချမ်းတော့ ငြိမ်းချမ်းတာကိုသိ။(သိတော့ အဟုတ်အမှန်လုပ်။လုပ် တော့ ငြိမ်းချမ်း။ငြိမ်းချမ်းတော့ ငြိမ်းချမ်းတာကိုသိ။)

ဤသို့လျှင် လူ့ဓမ္မတာကိုလွန်မြောက်၍ ငြိမ်းချမ်းခြင်းနှင့်အတူ အသက်ရှင်နေထိုင်ပြီး၊ အနုပါဒိသေသဓာတ် နိဗ္ဗာန်မြတ်ကို ကိုယ်တိုင် ထုတ်ချောက် မျက်မှောက်ပြုသတည်း.......။

လူ့မဟာနိဒါန်း ပြီး၏။